# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**မိမိကိုယ်ကို ယဉ်ကျေးအောင်ဆုံးမ**

မြောင်းတူးရေယူသမားတို့သည် အလိုရှိရာရေကို ဆောင်ယူကြကုန်၏။ လေးသမားတို့သည် မြားကို ဖြောင့်ကုန်၏။ သစ်သမားတို့သည် သစ်ကိုလိုတိုင်း ရအောင်ရွေကုန်၏။ ကောင်းသောအကျင့်ရှိသော သူတော်ကောင်းတို့သည် မိမိကိုယ်ကို ယဉ်ကျေးအောင် ဆုံးမကုန်၏။

ဒဏ္ဍာဝဂ် (ဓမ္မပဒ - ၁၄၅)


၁၃၈၁ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၄ ရက် | ၂၀၂၀ ပြည့်နှစ်၊ မတ် ၁၂ ရက်၊ ကြာသပတေးနေ့ | အတွဲ (၅၉)၊ အမှတ် (၁၆၄)


# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်

## ဒီပဲယင်းမြို့နှင့် ရွှေဘိုမြို့တို့မှ ဒေသခံပြည်သူများနှင့် တွေ့ဆုံ



**နေပြည်တော် မတ် ၁၁**

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး ဒီပဲယင်းမြို့နှင့် ရွှေဘိုမြို့တို့မှ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသူ၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှမော်ဦး၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီး အောင်ဝင်းဦး၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ပြင်ဦးလွင်မြို့မှ အထူးလေယာဉ်ဖြင့် ထွက်ခွာကြရာ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့သို့ ရောက်ရှိကြသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အဖွဲ့အား စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက မုံရွာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့မှတစ်ဆင့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် အဖွဲ့ဝင်များနှင့်အတူ ရဟတ်ယာဉ်များဖြင့် ဒီပဲယင်းမြို့သို့ ရောက်ရှိရာ ဒီပဲယင်းမြို့နှင့် မြို့နယ်အတွင်းရှိ ကျေးရွာများမှ ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ကျောင်းသား ကျောင်းသူလေးများက နိုင်ငံတော်အလံငယ်များကို ဝှေ့ယမ်း၍ သောင်းသောင်းဖြဖြ ကြိုဆိုနှုတ်ဆက်ကြသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❑

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ရွှေဘိုမြို့တော်ခန်းမ၌ ဒေသခံပြည်သူများအား တွေ့ဆုံ အမှာစကားပြောကြားစဉ်။

သတင်းစဉ်






# ၂၀၂၀ ပြည့်နှစ်၊ (၇၅) နှစ်မြောက် စိန်ရတုတပ်မတော်နေ့ ဦးတည်ချက်များ

(၁) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဟူသော ဒို့တာဝန်အရေး (၃) ပါးကို အမျိုးသားရေးမူဝါဒအဖြစ် ဦးထိပ်ပန်ဆင်ပြီး နိုင်ငံတော်အတွက် အသက်ပေးတာဝန်ထမ်းဆောင်ရေး။

(၂) ထာဝရငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်နိုင်ရန် တပ်မတော်၏ ငြိမ်းချမ်းရေးမူဝါဒ(၆)ရပ်ဖြင့် နိုင်ငံတော်အစိုးရနှင့်အတူ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်နိုင်ရေး။

(၃) နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ပြည်သူလူထုအကျိုးစီးပွား ကာကွယ်စောင့်ရှောက်ရေးတို့အတွက် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီတပ်မတော်တည်ဆောက်ရေး။

(၄) နိုင်ငံတော်ကာကွယ်ရေးတာဝန်နှင့် အမျိုးသားနိုင်ငံရေးတာဝန်များကို ခေတ်အဆက်ဆက် ကျေပွန်စွာထမ်းဆောင်ခဲ့သည့် တပ်မတော်၏ အစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်းဆောင်ရွက်ရေး။

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း မြန်မာနိုင်ငံဆိုင်ရာ ကနေဒါနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် မတ် ၁၁**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းသည် မြန်မာနိုင်ငံဆိုင်ရာ ကနေဒါနိုင်ငံ သံအမတ်ကြီး Mr. Francois Lafreniere ဦးဆောင်သောအဖွဲ့အား ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ရုံး ဧည့်တွေ့ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း ကနေဒါနိုင်ငံ သံအမတ်ကြီး Mr. Francois Lafreniere အား လက်ခံတွေ့ဆုံစဉ်။ သတင်းစဉ်

တွေ့ဆုံစဉ် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲကို စံ (၅) ချက်နှင့်အညီ အောင်မြင်စွာကျင်းပနိုင်ရေး စီစဉ်ဆောင်ရွက်နေမှု၊ မဲဆန္ဒရှင်စာရင်းများ ပြည့်စုံမှန်ကန်စေရေးဆောင်ရွက်နေမှု၊ ကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်အတွက် ရွေးကောက်ပွဲဆိုင်ရာ စွမ်းရည်မြှင့်သင်တန်းများ ဆောင်ရွက်ပြီးစီးမှု၊ ရွေးကောက်ပွဲဆိုင်ရာ အငြင်းပွားမှုများ ဖြေရှင်းဆောင်ရွက်ရန်အတွက် စေ့စပ်ညှိနှိုင်းရေး ကော်မတီများနှင့် ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေး ကော်မတီများ ဖွဲ့စည်းဆောင်ရွက်မည့်အခြေအနေ၊ တိုက်ပွဲရှောင်မဲဆန္ဒရှင်များနှင့် ရွှေ့ပြောင်းလုပ်သား မဲဆန္ဒရှင်များ မဲပေးခွင့်ရရှိရေး ဆောင်ရွက်လျက်ရှိသည့်အခြေအနေ၊ Social Media ပေါ်မှ အမုန်းစကားများ၊ သတင်းအမှားများကို ကာကွယ်တားဆီးသွားမည့် အစီအစဉ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်အား APG အတွင်းရေးမှူးရုံးမှ ဒါရိုက်တာနှင့် JICA ၏ အကြံပေးပုဂ္ဂိုလ်ပါဝင်သော ကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံ

**နေပြည်တော် မတ် ၁၁**

မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်အား အာရှ - ပစိဖိတ်ဒေသ ငွေကြေးခဝါချမှု တိုက်ဖျက်ရေးအဖွဲ့ (APG) အတွင်းရေးမှူးရုံးမှ ဒါရိုက်တာ Mr. David Shannon ဦးဆောင်၍ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံ သံရုံးတာဝန်ရှိသူနှင့် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (JICA) ၏ အကြံပေးပုဂ္ဂိုလ်ပါဝင်သော ကိုယ်စားလှယ်အဖွဲ့သည် ယမန်နေ့ နံနက် ၁၁ နာရီခွဲတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဇမ္ဗူသီရိ အစည်းအဝေးခန်းမ၌ လာရောက်တွေ့ဆုံသည်။ **(အောက်ဝဲပုံ)**




ထိုသို့ တွေ့ဆုံစဉ် APG အနေဖြင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေး (AML/CFT)ဆိုင်ရာ တိုးတက်ဆောင်ရွက်မှုများကို အသိအမှတ်ပြုပါကြောင်းနှင့် မြန်မာနိုင်ငံ၏ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဆိုင်ရာ မဟာဗျူဟာ အကောင်အထည်ဖော်ဆောင်ရွက်ရေး အစီအမံများ၊ လုပ်ငန်းစီမံချက်(Action Plan)ပါ ဘဏ်လုပ်ငန်းကဏ္ဍနှင့်သက်ဆိုင်သည့် ဆက်လက်ဆောင်ရွက်ရမည့်ကိစ္စရပ်များ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က လက်ရှိ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော AML/CFT ဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးပြောကြားသည်။ **သတင်းစဉ်**

# စွမ်းအားမြှင့်မီးဖိုများ သုံးစွဲခြင်းဖြင့် အပူပိုင်းဒေသများ စိမ်းလန်းစိုပြည်လာရေး

မြန်မာနိုင်ငံအလယ်ပိုင်း အပူပိုင်းဒေသဟုဆိုရာတွင် စစ်ကိုင်း၊ မကွေး၊ မန္တလေးတိုင်းဒေသကြီး သုံးခုအတွင်းရှိ ခရိုင် ၁၂ ခရိုင်မှ မြို့နယ် ၅၄ မြို့နယ်၊ အကျယ်အဝန်းအားဖြင့် ဧက ၂၀ ဒသမ ၁၇ သန်း ပါဝင်သည်။ မိုးနည်းရေရှားရပ်ဝန်းဖြစ်သည့် ယင်းဒေသကြီး၏ သဘာဝပတ်ဝန်းကျင်အခြေအနေများ တိုးတက်ကောင်းမွန်လာရေးအတွက် ရေဝေရေလဲသစ်တောများ၊ ကျေးရွာသစ်တောများ၊ စံပြသစ်တောများ ထူထောင်ခြင်း၊ ဒေသစိမ်းလန်းစိုပြည်ရေးနှင့် ရေဝေတောင်တန်းများ စိမ်းလန်းစိုပြည်ရေး စီမံကိန်းများ အကောင်အထည်ဖော်ခြင်းတို့ကို ခေတ်အဆက်ဆက် ဆောင်ရွက်ခဲ့သည်။

အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဆောင်ရွက်ရာတွင် သစ်တောစိုက်ခင်းများ တည်ထောင်ခြင်း၊ သဘာဝတောကျန်များ ထိန်းသိမ်းကာကွယ်ခြင်း၊ ထင်းအစား အခြားလောင်စာတိုးမြှင့်အသုံးချရေးဆောင်ရွက်ခြင်း၊ ရေရရှိရေးဆောင်ရွက်ခြင်း စသည့်အဓိကလုပ်ငန်းတာဝန်များကို သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနက ဆောင်ရွက်လျက်ရှိသည်။ သစ်တောများပြုန်းတီးမှုနှင့် သစ်တောအတန်းအစားများကျဆင်းမှုတို့က ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုအပေါ် တိုက်ရိုက်အကျိုးသက်ရောက်မှုရှိသည့်အတွက် သစ်တောများ ပြုန်းတီးမှုလျော့ပါးအောင် ဆောင်ရွက်ရာတွင် သစ်တောများမှ ထင်း၊ မီးသွေး စသည့်လောင်စာများ ထုတ်ယူသုံးစွဲမှု လျှော့ချရေးကလည်း အရေးပါသည်။

မြန်မာနိုင်ငံတွင် ထင်းလောင်စာသုံးစွဲမှု ပမာဏမှာ နှစ်စဉ် ၁၆ ဒသမ ၅၃ သန်း ကုဗတန်ရှိပြီး အာရှနိုင်ငံများအနက် ထင်းလောင်စာသုံးစွဲမှုမြင့်မားသည့် နိုင်ငံတစ်ခုဖြစ်နေသည်။ ဝင်ငွေမြင့်မားသည့် အိမ်ထောင်စုများကသာ လျှပ်စစ်မီးဖို၊ ဓာတ်ငွေ့ မီးဖိုနှင့် မီးသွေးမီးဖိုတို့ကို သုံးစွဲနေပြီး တစ်လလျှင် ဝင်ငွေကျပ် ၅၀၀၀၀ အောက်နည်းသော အိမ်ထောင်စု ၉၀ ရာခိုင်နှုန်းခန့်နှင့် တစ်လ ဝင်ငွေကျပ် ၂၀၀၀၀၀ အထက်ရရှိသော အိမ်ထောင်စု ၅၀ ရာခိုင်နှုန်းတို့က ထင်းမီးဖိုသုံးစွဲနေကြောင်း စစ်တမ်းတစ်ခုတွင် ဖော်ပြထားသည်။ သို့ဖြစ်ရာ ထင်းလောင်စာသုံးစွဲမှုလျော့ကျနိုင်ခြင်းအားဖြင့် သဘာဝတောကျန်များ ထိန်းသိမ်းရေးကို အထောက်အကူဖြစ်စေနိုင်ရန် ရည်ရွယ်ကာ အပူပိုင်းရပ်ဝန်း တိုင်းဒေသကြီးသုံးခုအတွင်းရှိ မုံရွာ၊ စစ်ကိုင်း၊ ပခုက္ကူ၊ မကွေး၊ မြင်းခြံနှင့် ရမည်းသင်းခရိုင်တို့မှ မြို့နယ် ၂၇ မြို့နယ်တွင် ၂၀၁၈ ခုနှစ်မှ ၂၀၂၃ ခုနှစ်အထိ စီမံကိန်းကာလခြောက်နှစ်အတွင်း ပထမငါးနှစ်တွင် စွမ်းအားမြှင့်မီးဖိုအလုံးရေ စုစုပေါင်း ၅၄၀၀၀၀ ကို ဖြန့်ဝေသွားမည်ဟု သိရသည်။

စွမ်းအားမြှင့်မီးဖိုများမှာ ကွန်ကရစ်ဖြင့် ပြုလုပ်ထားသည့် ဒေသထုတ်စွမ်းအားမြှင့်မီးဖိုများဖြစ်ပြီး သမားရိုးကျမီးဖိုများထက် ထင်းလောင်စာသုံးစွဲမှု ၄၀ ရာခိုင်နှုန်းသက်သာသည်။ မီးအပူရှိန်ပြင်း၍ ချက်ပြုတ်ချိန်မြန်ဆန်သည်။ မီးမွှေးရလွယ်ကူပြီး မီးခိုးထွက်နည်းသည်။ မီးပုံ့လွင့်မှုနည်း၍ မီးဘေးအန္တရာယ်လည်း နည်းသည်။ သယ်ယူရွှေ့ပြောင်းရလွယ်ကူပြီး မူလဓလေ့နှင့်လည်း ကိုက်ညီသည်။ လေထုညစ်ညမ်းမှု လျော့နည်းစေသည် စသည့်ကောင်းကျိုးများနှင့် ပြည့်စုံသည်။ စွမ်းအားမြှင့် မီးဖိုများသုံးစွဲခြင်းဖြင့် ထင်းရှာဖွေရသည့်အလုပ် လျော့နည်းသက်သာလာပြီး သစ်တောပြုန်းတီးမှုလည်း လျော့ကျလာမည်ဖြစ်သည်။ သစ်ပင်များ ခုတ်လှဲမှုလျော့လာသည်နှင့်အမျှ မြေဆီလွှာထိန်းသိမ်းမှုလည်း ကောင်းမွန်လာမည်ဖြစ်ကာ သစ်ပင်သစ်တောများ ရေရှည်တည်တံ့မှုဖြင့် သဘာဝပတ်ဝန်းကျင်ပိုမိုကောင်းမွန်လာပြီး ကမ္ဘာ့ရာသီဥတု ကောင်းမွန်မှုကိုလည်း အထောက်အကူပြုလာနိုင်မည်ဖြစ်သည်။

စွမ်းအားမြှင့်မီးဖိုများကို အသုံးပြုကြခြင်းက မိမိတို့အကျိုး၊ မိမိနေထိုင်ရာဒေသပတ်ဝန်းကျင်၏ အကျိုးတို့ကိုသာမက ကမ္ဘာကြီးကိုပါ အကျိုးပြုနေခြင်းဖြစ်သည်ကို မီးဖိုအသုံးပြုသူတိုင်းက သတိမူမိကြဖို့ လိုအပ်သည်။ မီးဖိုများကို အသုံးပြုရာတွင် ပိုမိုလွယ်ကူထိရောက်စေရေး၊ သယ်ဆောင်ရာတွင် ပိုမိုပေါ့ပါးစေရေး၊ မီးဖို၏ စွမ်းအားကို ပိုမိုမြှင့်တင်နိုင်ရေးတို့အတွက် သုတေသနပြုလုပ်ခြင်း၊ ဒီဇိုင်းများ တွက်ချက်ရေးဆွဲထုတ်ဖော်ခြင်းတို့ကို သုတေသီပညာရှင်များက ဆောင်ရွက်ကြခြင်းဖြင့် စွမ်းအားမြှင့် မီးဖိုများကို အိမ်ထောင်စုတိုင်းက လိုလားနှစ်ခြိုက်စွာ သုံးစွဲနိုင်ကြပါစေကြောင်း ။ ။





နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဒီပဲယင်းမြို့ မြို့နယ်အားကစားကွင်း၌ ဒေသခံပြည်သူများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။ သတင်းစဉ်

> “ကျွန်မတို့အားလုံးဟာ တစ်ယောက်ချင်း တစ်ယောက်ချင်း ကိုယ့်ရဲ့ အသိုင်းအဝိုင်းအတွက် စဉ်းစားတတ်တဲ့ အလေ့အကျင့်တွေ ဖြစ်လာမှ ကျွန်မတို့နိုင်ငံဟာ တိုးတက်မှာပါ။ အဖွဲ့အစည်းတွေကို ဝင်တယ်ဆိုတာက ဒီအဖွဲ့အစည်းတွေရဲ့ မူဝါဒတွေကို လိုက်နာဖို့ အင်မတန်မှ အရေးကြီးပါတယ်။ ဘယ်လိုအဖွဲ့အစည်းမဆို ကင်းထောက်အဖွဲ့အစည်းဖြစ်ဖြစ်၊ နိုင်ငံရေးအဖွဲ့တစ်ခုပဲဖြစ်ဖြစ်၊ နိုင်ငံရေးပါတီတစ်ခုပဲဖြစ်ဖြစ် ဒီအဖွဲ့အစည်းကို ဝင်လိုက်ပြီဆိုရင် ကိုယ့်ဆန္ဒအရ ကိုယ်ဝင်တာမို့ ဒီအဖွဲ့အစည်းရဲ့ စည်းမျဉ်း စည်းကမ်းတွေကို လိုက်နာဖို့ဆိုတာ အင်မတန်မှ အရေးကြီးပါတယ်”

❑ *ရွှေဖုံးမှ*

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဒီပဲယင်းမြို့ရှိ မြို့နယ်အားကစားကွင်း၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးမင်းသူ၊ ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်၊ ဒေါက်တာအောင်သူ၊ ဦးအုန်းဝင်း၊ ဒေါက်တာမြင့်ထွေး၊ ဒေါက်တာဝင်းမြတ်အေး၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်၊ ဒုတိယဝန်ကြီး ဦးလှမော်ဦး၊ တိုင်းဒေသကြီးဝန်ကြီးများ၊ မြို့မိ မြို့ဖများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

### လက်ဆွဲနှုတ်ဆက်ခြင်းကို သည်းခံ

တွေ့ဆုံပွဲတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က “ပထမဦးဆုံးအနေနဲ့ ကျွန်မကို ဒီပဲယင်းက ပြည်သူလူထုတွေက လှိုက်လှိုက်လှဲလှဲ ကြိုဆိုတဲ့အတွက် အများကြီး ကျေးဇူးတင်ပါတယ်။ ကျွန်မအနေနဲ့ လက်ဆွဲနှုတ်ဆက်ခြင်း မလုပ်နိုင်တာကို သည်းခံပါလို့ ပြောချင်ပါတယ်။ ကျန်းမာရေးဝန်ကြီးဌာနက ညွှန်ကြားချက်တွေ ထုတ်ထားပါတယ်။ ကိုရိုနာဗိုင်းရပ်စ်ရောဂါ မပြန့်ပွားရေးအတွက် လက်ဆွဲတာတွေ မလုပ်ပါနဲ့တဲ့၊ ကျွန်မအတွက်ရော၊ ကျွန်မနဲ့ လက်ဆွဲနှုတ်ဆက်တဲ့ ပြည်သူတွေအတွက်ရော၊ အားလုံးအတွက် အန္တရာယ်ကင်းဘေးရှင်းအောင်လို့ ဒီကာလမှာတော့ လက်ဆွဲနှုတ်ဆက်ခြင်းကို သည်းခံပါလို့ ဆိုလိုတာပါ။ ပြည်သူတွေနဲ့ ထိတွေ့မှု မလိုချင်လို့ မဟုတ်ပါဘူးလို့ ပြောပါရစေ။

ကျွန်မတို့ ဒီလိုလူထုတွေ့ဆုံပွဲတွေ လုပ်တဲ့အခါ ပြည်သူတွေ ကိုယ့်ဆန္ဒအရ ကိုယ်တက်ရတာ ဖြစ်ပါတယ်။ ကျွန်မကတော့ အတင်းတက်ခိုင်းတာ ဘယ်သူမှမရှိပါဘူး။ ပြီးတော့ ကိုယ်ကိုယ်တိုင် ကိုယ့်ရဲ့ဆန္ဒအရ လုပ်တဲ့ကိစ္စတစ်ခု ဖြစ်မြောက်ရေးအတွက်ဆိုရင် ကိုယ်ကပါပါဝင်ပြီးတော့ တာဝန်ယူရပါလိမ့်မယ်။ ဒါကြောင့် ကျွန်မတို့နိုင်ငံဟာ တိုးတက်ဖို့ဆိုရင် တစ်ယောက်ချင်း တစ်ယောက်ချင်း ကိုယ့်ကိုယ်ကိုယ် ထိန်းသိမ်းခြင်းကနေ စရမှာဖြစ်ပါတယ်။ အရေးအကြီးဆုံးက ဒါပါပဲ။

### ကိုယ့်ရဲ့ဘဝ ကိုယ့်ကံကြမ္မာကို ကိုယ်ဖန်တီးချင်

ကျွန်မတို့ ဒီမိုကရေစီ လိုချင်တယ်ဆိုတာဟာ ကိုယ့်ဘဝ၊ ကိုယ့်ရဲ့ကံကြမ္မာကို ကိုယ်ကိုယ်တိုင် ဖန်တီးချင်လို့ဆိုပြီး ကျွန်မတို့လုပ်ခဲ့တာ ဖြစ်ပါတယ်။ အဲဒီတော့ ကိုယ့်ရဲ့ဘဝ ကိုယ့်ကံကြမ္မာကို ကိုယ်ဖန်တီးချင်တယ်ဆိုရင် ကိုယ်က ဖန်တီးသင့် ဖန်တီးထိုက်တဲ့ လူတစ်ယောက်ဖြစ်အောင်နေဖို့ဟာ အင်မတန်မှ အရေးကြီးပါတယ်။ ကိုယ့်ကို လူအများက ထိန်းသိမ်းတာ မခံချင်ရင် ကိုယ့်ကိုယ်ကိုယ် ထိန်းသိမ်းတဲ့ အလေ့အကျင့်တွေကို ကျွန်မတို့ကျင့်ယူရမှာ ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်မ ဘယ်နေရာပဲသွားသွား ပြည်သူလူထုတွေကို စည်းကမ်းရှိဖို့၊ ကိုယ့်ကိုယ်ကိုယ် တန်ဖိုးထားတတ်ဖို့၊ ကိုယ့်ရဲ့အသိုင်းအဝိုင်းအတွက် စဉ်းစားဖို့ ဒါကို ကျွန်မအမြဲတမ်း ဆော်ဩတာဖြစ်ပါတယ်။

ကျွန်မတို့အားလုံးဟာ တစ်ယောက်ချင်း တစ်ယောက်ချင်း ကိုယ့်ရဲ့အသိုင်းအဝိုင်းအတွက် စဉ်းစားတတ်တဲ့ အလေ့အကျင့်တွေဖြစ်လာမှ ကျွန်မတို့နိုင်ငံဟာ တိုးတက်မှာပါ။ အဖွဲ့အစည်းတွေကို ဝင်တယ်ဆိုတာက ဒီအဖွဲ့အစည်းတွေရဲ့ မူဝါဒတွေကို လိုက်နာဖို့ အင်မတန်မှ အရေးကြီးပါတယ်။ ဘယ်လိုအဖွဲ့အစည်းမဆို ကင်းထောက်အဖွဲ့အစည်းဖြစ်ဖြစ်၊ နိုင်ငံရေးအဖွဲ့တစ်ခုပဲဖြစ်ဖြစ်၊ နိုင်ငံရေးပါတီတစ်ခုပဲဖြစ်ဖြစ် ဒီအဖွဲ့အစည်းကို ဝင်လိုက်ပြီဆိုရင် ကိုယ့်ဆန္ဒအရ ကိုယ်ဝင်တာမို့ ဒီအဖွဲ့အစည်းရဲ့ စည်းမျဉ်းစည်းကမ်းတွေကို လိုက်နာဖို့ဆိုတာ အင်မတန်မှ အရေးကြီးပါတယ်။

အဓိက အရေးကြီးတာက ရည်ရွယ်ချက်တွေပါ။ အဖွဲ့အစည်းတစ်ခုကို ဝင်တယ်ဆိုရင် ဒီအဖွဲ့အစည်းရဲ့ ရည်ရွယ်ချက်က ဘာလဲဆိုတာ နားလည်ရပါလိမ့်မယ်။ ဒီအတိုင်းပဲ ကျွန်မတို့အားလုံးဟာ ဒီနိုင်ငံရဲ့ နိုင်ငံသူနိုင်ငံသားတွေ ဖြစ်တယ်ဆိုရင် ဒီနိုင်ငံဟာ ဘယ်လမ်းကို သွားစေချင်သလဲဆိုတာ တစ်ယောက်ချင်း တစ်ယောက်ချင်းက စဉ်းစားပြီး နားလည်သဘောပေါက်ပြီးတော့ ဒီလမ်းကို ဖြောင့်ဖြောင့်မတ်မတ် မှန်မှန်ကန်ကန် သွားနိုင်အောင် ကြိုးစားရမှာပါ။ တစ်ဦးချင်းရဲ့ ကြိုးစားမှုနဲ့ ကျွန်မတို့စုပေါင်းအင်အားနဲ့မှ နိုင်ငံကို တိုးတက်အောင် လုပ်နိုင်မယ်ဆိုတာ ကျွန်မခဏခဏ ပြောနေရတဲ့ကိစ္စပါ။

### ပြည်သူတွေ ကြိုးစားဖို့လို

စစ်ပြီးကာလ လွတ်လပ်ရေးမရခင် အချိန်တုန်းက ဖေဖေပြောခဲ့တဲ့ စကားရှိပါတယ်။ ကျွန်မတို့ဟာ စစ်အတွင်းမှာ အင်မတန်မှ အထိနာခဲ့လို့ တခြားနိုင်ငံတွေနဲ့ ရင်ပေါင်တန်းရင် တခြားနိုင်ငံတွေ လမ်းလျှောက်နေတဲ့အချိန်မှာ ကျွန်မတို့နိုင်ငံက ပြေးမှဖြစ်မယ်ဆိုပြီး ပြောခဲ့ပါတယ်။ အခုလည်း ဒီအခြေအနေအတိုင်းပါပဲ။ ကျွန်မတို့ဆိုရင် အရှေ့တောင်အာရှဒေသမှာ ဖွံ့ဖြိုးမှုအနည်းဆုံး နိုင်ငံထဲမှာ ပါနေပါတယ်။ ဒါကြောင့် ကျွန်မတို့ဟာ ကမ္ဘာနဲ့ ရင်ပေါင်တန်းပြီးတော့ မီချင်တယ်ဆိုရင် ပြေးမှရမယ်၊ တခြားသူတွေလို လမ်းလျှောက်လို့ ကျွန်မတို့ နောက်က ကျန်ရစ်ခဲ့မှာပါ။ ဥပမာအားဖြင့် ပြောမယ်၊ ကျွန်မတို့ ပညာရေးဘက်မှာ တိုးတက်ဖို့အတွက် အင်မတန်မှ ကြိုးစားခဲ့ပါတယ်။ ဒီလေးနှစ်အတွင်းမှာဆိုရင် ကျွန်မတို့နိုင်ငံရဲ့ တက္ကသိုလ်တွေဟာ ကမ္ဘာ့အဆင့်အရဆိုရင် တက်လာပါပြီ။ ဒါဟာ တိုးတက်မှုရှိလို့၊ ဒါပေမယ့် အာဆီယံနိုင်ငံတွေအတွင်းမှာဆိုရင် ကျွန်မတို့အဆင့်က ကျသွားပါတယ်။ အဲဒါ ဘာကို ဆိုလိုတာလဲဆိုတော့ တခြားအာဆီယံနိုင်ငံတွေ၊ တခြား ကျွန်မတို့ ဒေသကနိုင်ငံတွေဟာ ကျွန်မတို့ထက်ပိုပြီးတော့ မြန်မြန်ပြေးနေတယ်ဆိုတာ ပြတာပါ။ ဒီတော့ သူတို့အဆင့်က ကျွန်မတို့အဆင့်ထက် ပိုပြီးတက်သွားတဲ့အခါကျတော့ တစ်ကမ္ဘာလုံးနဲ့စာရင် ကျွန်မတို့အဆင့် တက်လာပေမယ့် ကျွန်မတို့ဒေသနဲ့စာရင် ကျွန်မတို့အဆင့်ဟာ နိမ့်ပါသေးတယ်။ ဒါကြောင့် ကျွန်မတို့ပြည်သူတွေ ကြိုးစားဖို့ လိုတယ်ဆိုတာ ကျွန်မပြောတာပါ။

### ကိုယ်တိုင်ဝိုင်းဝန်းပြီးတော့ ကူညီမှ

ကျွန်မ ခဏခဏ ပြောပါတယ်။ ချမ်းသာတဲ့ မိသားစုတစ်ခုနဲ့ ဆင်းရဲတဲ့ မိသားစုတစ်ခုဟာ မတူပါဘူး။ ချမ်းသာတဲ့ မိသားစုက ကလေးတွေဆိုရင် အိမ်ပြန်လာရင် ခူးခပ်ပြီးသား ထမင်းကို ထိုင်စားလို့ရပါတယ်။ ဆင်းရဲတဲ့ မိသားစုဆိုရင် မိဘကိုဝိုင်းဝန်းပြီးတော့ ကူညီရပါတယ်။ ကျွန်မတို့ကလည်း ဒီအတိုင်းပါပဲ။ ကျွန်မတို့ရဲ့နိုင်ငံ တိုးတက်စေချင်ရင် ကိုယ်တိုင်ဝိုင်းဝန်းပြီးတော့ ကူညီမှဖြစ်မှာပါ။ အဲဒီလိုကူညီနိုင်တဲ့ အခွင့်အရေးရတာကို ဂုဏ်ယူစေချင်ပါတယ်။ ဝမ်းသာစေချင်ပါတယ်။ ငါတို့ဟာ ပင်ပင်ပန်းပန်း လုပ်ရလေချင်းဆိုတဲ့ စိတ်ဓာတ် မထားစေချင်ပါဘူး။ ငါတို့ဟာ တကယ့်ကို ငါတို့နိုင်ငံအတွက် လုပ်ပေးနိုင်တဲ့ အချိန်အခါမှာ မွေးဖွားလာလို့၊ ငါတို့ရဲ့နိုင်ငံ တိုးတက်ရေးအတွက် ရုန်းကန်နေတဲ့အချိန်မှာ ငါတို့ဟာ လုပ်ပိုင်ခွင့်ရှိလို့ ငါတို့အထူးအခွင့်အရေးရတဲ့ နိုင်ငံသူ နိုင်ငံသားတွေပဲလို့ ဒီလိုပဲစိတ်ထဲမှာ ထားစေချင်ပါတယ်။

### ပွင့်ပွင့်လင်းလင်း တင်ပြပိုင်ခွင့်

ကျွန်မအနေနဲ့လည်း ကျွန်မတို့နိုင်ငံအတွက် ရုန်းကန်ရတာ အပင်ပန်းခံရတာ ဂုဏ်ယူစရာလို့ ကျွန်မတို့ သတ်မှတ်ပါတယ်။ ကိုယ့်ရဲ့ဆုံးဖြတ်ချက်အရ ကိုယ့်ရဲ့ဆန္ဒအရ ကိုယ့်နိုင်ငံကို တိုးတက်အောင်လုပ်ဖို့အတွက်၊ ကူညီဖို့အတွက်၊ ထောက်ပံ့ဖို့အတွက် အပင်ပန်းခံတယ်ဆိုတာဟာ အင်မတန်မှ ကျေနပ်စရာကောင်းတဲ့ အလုပ်ပါ။ ဒါကြောင့် ကျွန်မတို့ ပြည်သူတွေအားလုံး ပါစေချင်ပါတယ်။ ကျွန်မတို့ ဒီလိုခရီးထွက်တယ်ဆိုရင် ပြည်သူတွေရဲ့ ထောက်ခံမှု၊ ပြည်သူတွေရဲ့ အားပေးမှုဟာ ကျွန်မတို့အတွက် အဓိကအရေးအကြီးဆုံး ကိစ္စပါ။ ဒါပေမယ့် ဒီအားပေးမှု၊ ထောက်ခံမှုတွေဟာ မျက်စိစုံမှိတ်ပြီးတော့ ထောက်ခံတာတွေ မဖြစ်စေချင်ပါဘူး။ ဒါကြောင့် ကျွန်မတို့ကနေပြီး ဒီလိုပြည်သူတွေနဲ့ တွေ့ဆုံပွဲတွေ လုပ်တာပါ။ ကျွန်မတို့အစိုးရ ဘာတွေလုပ်နေသလဲဆိုတာ ပြည်သူသိချင်တာတွေကို ကျွန်မတို့ကို တင်ပြနိုင်တဲ့ အခွင့်အရေးရှိပါတယ်။ ပြည်သူတွေရဲ့ စိုးရိမ်မှုတွေ၊ မျှော်မှန်းချက်တွေ၊ လိုအပ်ချက်တွေကို ကျွန်မတို့အနေနဲ့ နားထောင်ပိုင်ခွင့်ရှိပါတယ်။ ကျွန်မတို့ ပြည်သူတွေအနေနဲ့ ကိုယ့်ရဲ့စိုးရိမ်မှုတွေ၊ မျှော်လင့်ချက်တွေကို ပွင့်ပွင့်လင်းလင်း တင်ပြပိုင်ခွင့်ရှိပါတယ်။ အခု ဒီလိုလာတဲ့အခါမှာ ပြည်သူတွေဆီက မေးခွန်းတွေကို ကျွန်မတို့ ဖိတ်ခေါ်ပါတယ်။

### သတ္တိရှိရှိနဲ့ ရပ်တည်နိုင်

အချိန်မရှိလို့ အားလုံးရဲ့မေးခွန်းတွေကို ကျွန်မတို့ လက်မခံနိုင်ဘူးဆိုရင် တိုင်ကြားစာဌာန ရှိပါတယ်။ တိုင်ကြားစာဌာနမှာ ကိုယ်ပြောချင်တာတွေ၊ ကိုယ်တင်ပြချင်တာတွေ၊ ကိုယ်တောင်းဆိုချင်တာတွေကို အားလုံး လွတ်လွတ်လပ်လပ်နဲ့ ကိုယ့်ရဲ့အမည်၊ ကိုယ့်ရဲ့ လိပ်စာနဲ့ တင်ပြပိုင်ခွင့်ရှိပါတယ်။ အမည်နဲ့ လိပ်စာနဲ့ တင်ပြပါလို့ ပြောတာက အဓိကအကြောင်းအရင်းက နှစ်ခုပါ။ တစ်ခုက အမည်သိမှ၊ လိပ်စာသိမှ ကျွန်မတို့ တုံ့ပြန်လို့ရပါလိမ့်မယ်။ နောက်တစ်ခုက ကိုယ်ပြောသင့် ပြောထိုက်တဲ့ကိစ္စကို ကိုယ်မှန်တယ်ထင်လို့ ပြောရင်ပြောရဲရမယ်။ နာမည်ဖုံးဖိထားစရာမလိုဘူး။ ကိုယ်ဟာ မှန်မှန်ကန်ကန် ပြောနေရင် ကိုယ်ဟာ ဘယ်သူလဲ၊ ဘယ်မှာနေသလဲဆိုတာ ပြောနိုင်ရမယ်။ ပြောရဲရမယ်။ အဲဒါကြောင့် တိုင်စရာရှိရင် အမည်နဲ့ လိပ်စာကို အပြည့်အဝထည့်ပါ။ ဆက်သွယ်လို့လည်းရပါတယ်။ ကိုယ့်ဟာကိုယ် ပြောတဲ့ကိစ္စဘက်ကနေပြီးတော့ မားမားမတ်မတ် သတ္တိရှိရှိနဲ့ ရပ်တည်နိုင်တယ်ဆိုတာကို ဖော်ပြရာလည်း ရောက်ပါတယ်။

ကျွန်မတို့ ဒီပဲယင်းကို လာတယ်ဆိုရင် ဒီပဲယင်းက ပြည်သူတွေကတင်ပြလာတဲ့ မေးခွန်းတွေ၊ အဆိုပြုချက်တွေဟာ ဒီပဲယင်းနဲ့ သက်ဆိုင်တဲ့ဟာလား၊ ကျွန်မတို့တစ်နိုင်ငံလုံးနဲ့ဆိုင်တဲ့ ကိစ္စတွေလားဆိုတာကို ကျွန်မတို့က သုံးသပ်နိုင်မှာ ဖြစ်ပါတယ်။ ကျွန်မတို့ တစ်နိုင်ငံလုံးနဲ့ ဆိုင်တဲ့ ကိစ္စတွေဆိုရင် သောက်သုံးရေရရှိရေး၊ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ရေး၊ လျှပ်စစ်မီးရရှိရေး၊ ကျန်းမာရေး၊ ပညာရေးကဏ္ဍတွေမှာ လိုအပ်ချက်တွေကို တင်ပြလေ့ရှိပါတယ်။ နောက်ပြီး မြေယာပိုင်ဆိုင်မှု၊ လယ်ယာမြေပိုင်ဆိုင်မှု ပြန်ပြီးမူလပိုင်ရှင်တွေဆီကို လွှဲပေးမှု ဒီကိစ္စတွေကလည်း ခဏခဏ တက်လာတာကို ကျွန်မတို့ တွေ့ရပါတယ်။

ဒါကျွန်မတို့ နိုင်ငံတစ်နိုင်ငံလုံးက ရင်ဆိုင်နေရတဲ့ ကိစ္စတွေပါ။ အဲဒါတွေကိုလည်း ကျွန်မတို့အားလုံး ကြိုးစားပြီး ဖြေရှင်းနေပါတယ်လို့ တင်ပြချင်ပါတယ်။ ဥပမာဆိုရင် သောက်သုံးရေရရှိရေးပါ။ သောက်သုံးရေရရှိရေးဟာ ကျွန်မတို့ပြည်သူတွေအတွက် အရေးအကြီးဆုံးပါ။

*စာမျက်နှာ ၄ သို့*

*စာမျက်နှာ ၃ မှ*

သောက်သုံးရေ မလုံလောက်တဲ့ ဒေသမှာနေတဲ့ ပြည်သူတွေဆိုရင် သောက်သုံးရေ မလုံလောက်ခြင်းရဲ့ ဒုက္ခကို ကောင်းကောင်းကြီး နားလည်ကြတယ်။ အဲဒါကြောင့် သောက်သုံးရေရရှိရေး၊ တစ်နိုင်ငံလုံးမှာ လုံလောက်ရေးကို အဓိကထားတာပါ။

လမ်းပန်းဆက်သွယ်ရေးနဲ့ ပတ်သက်လို့ ကျွန်မတို့ ပြည်သူတွေအားလုံးက ဒီဟာကို လိုလားတယ်။ တောင့်တတယ်။ လိုလည်းလိုအပ်ပါတယ်။ ကျွန်မတို့ ဖွံ့ဖြိုးရေးအတွက်လည်း အရေးကြီးတယ်။ ကျန်းမာရေး၊ ပညာရေးအတွက်လည်း အရေးကြီးတယ်။ လမ်းပန်းဆက်သွယ်ရေး မကောင်းရင် ကျောင်းသွားရတာ ခက်တယ်။ ဆေးရုံသွားရတာခက်တယ် စသဖြင့် အဲဒီလိုအကျိုးဆက်တွေ အမျိုးမျိုး ရှိပါတယ်။

## လျှပ်စစ်မီးရရှိရေးကို အင်မတန်မှလိုလား

လျှပ်စစ်မီးရရှိရေးအတွက်ကတော့ ကျွန်မ အထူးတလည် ပြောဖို့မလိုပါဘူး။ လူတွေကလည်း လျှပ်စစ်မီးရရှိရေးကို အင်မတန်မှ လိုလားပါတယ်။ တစ်ခုပဲ ကျွန်မပြောလေ့ရှိတာက လျှပ်စစ်မီးရတယ်ဆိုတာဟာ ညရောက်ရင် ခလုတ်နှိပ်ပြီး မီးဖွင့်နိုင်တာကို သတ်သတ် စဉ်းစားတာ မဟုတ်ပါဘူး။ လျှပ်စစ်မီးရရှိရေးဆိုတာဟာ ပြည်သူများဟာ ကိုယ့်ဘဝကို ကိုယ်ဖန်တီးတဲ့ နေရာမှာ၊ ကိုယ့်ဘဝကို ကိုယ်ကျောင်းတဲ့နေရာမှာ ပိုပြီးတော့ လုပ်ပိုင်ခွင့်ရှိအောင် ဦးတည်တာ ဖြစ်ပါတယ်။

ကျန်းမာရေးနဲ့ ပညာရေးကတော့ ထူးထူးထွေထွေ ကျွန်မပြောဖို့မလိုပါဘူး။ ဒါပေမယ့် ကျွန်မသတိပြုမိတာကတော့ နောက်ပိုင်းမှာ ကျန်းမာရေးကိစ္စတွေကို ပြည်သူတွေက ပိုပြီးတင်ပြလာပါတယ်။ တင်ပြလာတာကလည်း အခြေခံကျန်းမာရေးမဟုတ်ဘဲနဲ့ ပိုပြီးအဆင့်မြင့်တဲ့ ကျန်းမာရေးလိုအပ်ချက်တွေကို တင်ပြလာတယ်ဆိုတော့ အခြေခံကျန်းမာရေးစောင့်ရှောက်မှုနဲ့ ပတ်သက်လို့ ကျွန်မတို့နိုင်ငံမှာ တိုးတက်မှုရှိတယ်လို့ ကျွန်မတို့ ဒီလိုပဲ သုံးသပ်ရပါတယ်။ အရင် ၂ နှစ် ၃ နှစ်လောက်က ဆိုရင် အခြေခံလိုအပ်ချက်တွေကို တင်ပြတာများတယ်။ အခုနောက်ပိုင်းကျတော့ ပိုပြီးမြင့်တဲ့ ကျန်းမာရေး စောင့်ရှောက်မှုကို တောင်းဆိုကြတာကို ကျွန်မတို့ သတိပြုမိပါတယ်။

## အများအကျိုးအတွက် ဦးတည်

အဲဒါကြောင့် ကျွန်မတို့နိုင်ငံရဲ့ ပြောင်းလဲနေတဲ့ အခြေအနေကို ဒီလိုကျွန်မတို့ ပြည်သူတွေနဲ့ တွေ့ဆုံပွဲကနေပြီးတော့ ရောင်ပြန်ဟပ်တယ်ဆိုတာ သတိပြုမိပါတယ်။ ကျွန်မတို့နိုင်ငံနဲ့ ပတ်သက်တဲ့ကိစ္စရပ်တွေကို ပြည်သူတွေက တင်ပြတာကို ကျွန်မတို့ ကြိုဆိုပါတယ်။ ဒါပေမယ့် ကိုယ်တစ်ယောက်တည်းအတွက် မဟုတ်ဘဲ၊ ကိုယ့်ရဲ့ အကျိုးအတွက် မဟုတ်ဘဲနဲ့၊ ကိုယ့်ရဲ့ ဒေသအတွက်၊ အများအကျိုးအတွက်ကို ဦးတည်ပြီးတော့ မေးခွန်းတွေကို မေးစေချင်ပါတယ်။ အများအကျိုးအတွက် ဦးတည်ပြီး တင်ပြချက်တွေကို တင်ပြစေချင်ပါတယ်။ ကိုယ်တစ်ယောက်တည်း ကောင်းဖို့အတွက် မဟုတ်ဘဲနဲ့ ကိုယ့်ရပ်၊ ကိုယ့်ရွာအတွက်၊ ကိုယ့်နိုင်ငံအတွက်ဆိုတဲ့ အတွေးနဲ့ တင်ပြစေချင်ပါတယ်”ဟု ပြောကြားသည်။

## ရှင်းလင်းပြောကြား

ထို့နောက် တွေ့ဆုံပွဲသို့ ကြိုတင်တင်ပြမေးမြန်းထားသည့် ဒေသခံပြည်သူ ၆၉ ဦးအနက်မှ လက်လှူပ်ကျေးရွာအုပ်စု လက်လှူပ်တောင်ရွာမှ ဦးလှမြင့်က မူးကမ်းကြီးကျေးရွာအုပ်စုနှင့် လက်လှူပ်ကျေးရွာအုပ်စုမှ ကျေးရွာချင်းဆက်လမ်းအား ကျောက်ချောလမ်းအဆင့်မှ ကတ္တရာလမ်းအဆင့် တိုးမြှင့်ပေးရေး၊ လက်လှူပ်ကျေးရွာအုပ်စု လက်လှူပ်တောင်ရွာမှ ဦးဖိုးလှိုင်က လက်လှူပ်ကျေးရွာအုပ်စု ကျန်းမာရေးဌာနခွဲအဆင့်မှ အုပ်စုကျန်းမာရေးဌာနအဆင့်သို့ တိုးမြှင့်ချထားပေးရေး၊ လက်လှူပ်ကျေးရွာအုပ်စု လက်လှူပ်တောင်ရွာမှ ဦးကြံအောင်က မူးကမ်း-လက်လှူပ်တောင် ကျေးရွာချင်းဆက်ဖြစ်သော (၁၃) လက်တန်လမ်းကို ကျောက်ချောလမ်းအဆင့်မှ ကတ္တရာလမ်းအဖြစ် ခင်းရန်နှင့် ကျေးရွာအတွင်း လျှပ်စစ်မီးလင်းရန်အတွက် ဆောင်ရွက်ပေးရေး၊ လက်လှူပ်ကျေးရွာအုပ်စု လက်လှူပ်တောင်ရွာမှ ဒေါ်သန်းနုက လက်လှူပ်ကျေးရွာအုပ်စုမှ အခြေခံပညာအထက်တန်းကျောင်းခွဲအဆင့်မှ အခြေခံပညာအထက်တန်းကျောင်းအဆင့်သို့ တိုးမြှင့်ချထားပေးရေး၊ မကျီးစောက်ရွာမှ ဦးမှတ်ရှင်က R.M.C လက်ယာတူးမြောင်း ရွှေဂူရေငုတ်ပြွန်အား ထပ်မံဖြည့်စွက်ပေးရေး၊ သရက်ကျင်းရွာမှ ဦးစိန်မင်းက မီးလင်းရေးအတွက် (၄၀၀)ကေဗွီဓာတ်အားလိုင်း ပြီးစီးပါ၍ ထရန်စဖော်မာနှင့် (၁၁)ကေဗွီလိုင်း ဆောင်ရွက်ပေးရေး၊ မရကန်ရွာမှ ဦးကျော်မြင့်က မရကန်ကျေးရွာအုပ်စု၊ မရကန်အင်ကြင်းပင် အထက်တန်းကျောင်းတွင် လူဦးရေ (၂၀၀)ခန့် ဝင်ဆံ့နိုင်သည့် ခန်းမဆောင်အဆောက်အအုံ တစ်ခု အမှန်တကယ် လိုအပ်နေပါသဖြင့် ဆောက်လုပ်ပေးရေး၊ ဆပ်ပြာကျင်းကျေးရွာမှ ဦးဖိုးစိက ကြည်-ဆပ်ပြာကျင်း RMC လမ်းမကြီးကို ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ပေးရေး၊ တနယ်ရွာမှ ဦးကျော်လှိုင်က မရကန်ကျေးရွာအုပ်စု ကွင်းအမှတ်(၂၀၀၀)မှ လယ်မြေဧက (၃ ဒသမ ၇၄)ကေအား မူလပိုင်ရှင်အား လယ်လုပ်ပိုင်ခွင့် ပြန်လည်ရရှိရေး၊ တောက္ကရုပ်ကျေးရွာမှ ဦးတိုး(ခ) ဦးအောင်မြင့်က တောက္ကရုပ်ကျေးရွာအုပ်စုရှိ မူးလက်တံ (၁၅-က)ဆည်မြောင်းပိုင်နယ်နိမိတ်နှင့် ပေ (၇၀၀၀) ကျော်ဝေးသော လယ်မြေဧက (၅၀၀)ကျော်သည် စိုက်ပျိုးရေအခက်အခဲရှိသဖြင့် စိုက်ပျိုးရေရရှိရန် ဆောင်ရွက်ပေးရေး၊ တောင်ပြင်ရပ်ကွက်မှ ဒေါ်သင်းသင်းဝေက ညွှန်ကြားချက်ကို လိုက်နာဆောင်ရွက်ခြင်းမရှိသော ဒီပဲယင်းမြို့မ ဈေးကောက်လေလံအား ပယ်ဖျက်ပေးရေး၊ စိုင်ပြင်မြို့မှ ဒေါ်တင်မေရီက ဘိုးဘွားပိုင်မြေများအား တိုးချဲ့ကွက်သစ်ရိုက်ရန် သိမ်းယူခံခဲ့ရပါသဖြင့် နစ်နာဆုံးရှုံးခဲ့ရမှုကို ဖြေရှင်းဆောင်ရွက်ပေးရေး၊ စိုင်ပြင်မြို့မှ ဦးဇော်နိုင်ဦးက ကွင်းအမှတ်(၁၇၃၂)/က၊ ခတောက်အိုင်အရှေ့ကွင်း၊ ဦးပိုင်အမှတ် (၂၉) (၃၀) ဧရိယာ (၂ ဒသမ ၄၃) ကေအား သိမ်းဆည်းခံရမှုအပေါ် လျော်ကြေးငွေ သို့မဟုတ် မြေပြန်လည်ရရှိရေး၊ စိုင်ပြင်မြို့မှ ဦးတင်မျိုးလွင်က ကွင်းအမှတ် (၁၇၃၂)/က၊ ခတောက်အိုင်အရှေ့ကွင်း၊ ဦးပိုင်အမှတ် (၂၈) ဧရိယာ (၃ ဒသမ ၁၇) ကေအား သိမ်းဆည်းခံရမှုနှင့် ပတ်သက်၍ နစ်နာမှုအား ဖြေရှင်းဆောင်ရွက်ပေးရေး၊ သရက်ကောင်းကျေးရွာမှ ဒေါ်အုန်းက သိမ်းဆည်းခံ ဦးမြသန်းပိုင် ယာမြေ (၅ ဒသမ၂) ကေအား မူလပိုင်ရှင်လက်ဝယ်ထံ အမြန်ဆုံးစွန့်လွှတ်ပေးရေး၊ စိုင်ပြင်မြို့ အမှတ် (၄)ရပ်ကွက်မှ ဦးကျော်သောင်းက ပြည်သူပိုင်မြေနေရာပေါ်၌ အဆောက်အအုံ ဆောက်လုပ်ထားခြင်းကိစ္စကို ဖြေရှင်းဆောင်ရွက်ပေးရေး၊ တက်ခေါင်းရွာမှ ဦးဇော်ထွန်းက သိမ်းဆည်းခံမြေယာများမှ စွန့်လွှတ်ရန်ကျန်ရှိသည့် (၃၅)ကေကို ပြန်လည်စွန့်လွှတ်ပေးရေး၊ တနယ်ရွာမှ ဦးတိုက်ပိုက လယ်ငှား၊ ငွေငှားဖြင့် လယ်ယာမြေ ပေါင်နှံထားခြင်းမှ ပြန်လည်ရွေးယူသည်ကို လက်မခံခြင်းနှင့် ကွင်းဆင်းစစ်ဆေးလေ့လာခြင်းမရှိဘဲ အရှုံးပေးခြင်းကို ပြန်လည်စစ်ဆေးပေးရေးနှင့် ကြခတ်ရွာမှ ဦးမျိုးဝင်းက ပုံစံ(၇) မှားယွင်းထုတ်ပေးခဲ့သည့်အတွက် မြေယာအငြင်းပွားမှုဖြစ်ကာ အဆင့်ဆင့်၏ ဆုံးဖြတ်ချက်သည် တရားမျှတမှုမရှိသည့်အတွက် ဖြေရှင်းဆောင်ရွက်ပေးရေးတို့ကို မေးမြန်းတင်ပြကြရာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက ချက်ချင်းဆောင်ရွက်ပေးနိုင်မည့် အခြေအနေများ၊ ရေရှည်ဆောင်ရွက်ပေးရမည့် အခြေအနေများ၊ စိစစ်ဆောင်ရွက်ပေးသွားမည့် အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားကြသည်။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဒီပဲယင်းမြို့ရှိ ဒေသခံတိုင်းရင်းသား တိုင်းရင်းသူလေးများနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်

## ညှိနှိုင်းဆောင်ရွက်ပေး

ဆက်လက်၍ ခန်းမအတွင်းနှင့် ခန်းမပြင်ပတို့မှ မေးခွန်းတင်ပြမေးမြန်းလိုသူ ၂၉ ဦးအနက် မဲပေါက်သူ ၆ ဦးဖြစ်သည့် ရေဦးမြို့နယ် အောင်သာကျေးရွာအုပ်စု အောင်သာကျေးရွာမှ ဦးငြိမ်းရွှေက ပိုင်ဆိုင်မှုအထောက်အထားများ ရှိသော်လည်း တရားရုံးမှ တရားပြိုင်အား အနိုင်ပေးမှုကို မကျေနပ်သည့်အတွက် ဖြေရှင်းဆောင်ရွက်ပေးရေး၊ ခင်ဦးမြို့နယ် သရက်ပင်စုကျေးရွာမှ ဒေါ်စန်းစန်းရီက ကိုယ်ထူကိုယ်ထ ကျေးရွာလျှပ်စစ်မီးလင်းရေး ဆောင်ရွက်ရာတွင် အချိန်ကြန့်ကြာနေမှုကို ဖြေရှင်းဆောင်ရွက်ပေးရေး၊ ဒီပဲယင်းမြို့ ဒီပဲယင်းရပ်ကွက်မှ ဦးလွှမ်းမင်းစိုးက ဒီပဲယင်းမြို့တွင် စည်ပင်သာယာဈေး ပြန်လည်တည်ဆောက်ပေးရေး၊ ဒီပဲယင်းမြို့ ဒီပဲယင်းရပ်ကွက်မှ ဦးသန်းမြင့်က အုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ အဂတိလိုက်စားမှုများကို မြန်မာနိုင်ငံ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်မှ အရေးယူဆောင်ရွက်ပေးရေး၊ ဆည်တောကျေးရွာအုပ်စု ဆုံကုန်းကျေးရွာမှ ဦးဌေးအောင်က တိုက်နယ်ဆေးရုံ အမြန်ဆုံးဆောက်လုပ်ပေးရေးနှင့် စိုင်ပြင်မြို့ အမှတ်(၃) ရပ်ကွက်မှ ဒေါ်ကြည်ကြည်မြင့်က သိမ်းဆည်းခံမြေ (၈ ဒသမ ၁၈)ကေအား ပြန်လည်ရရှိရေး မေးခွန်းများကို မေးမြန်းတင်ပြကြရာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က တင်ပြချက်များနှင့်စပ်လျဉ်း၍ ကိစ္စတစ်ခုချင်းစီအလိုက် ညှိနှိုင်းဆောင်ရွက်ပေးသွားမည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က “ကျွန်မတို့ ပြည်သူတွေရဲ့ မျှော်လင့်ချက်တွေ၊ စိုးရိမ်ချက်တွေ၊ ပြဿနာတွေကိုလည်း ကျွန်မတို့ သိရတယ်။ နောက်တစ်ချိန်တည်းမှာပဲ ကျွန်မတို့ ပြည်သူတွေရဲ့ အားနည်းချက်ကိုလည်း ကျွန်မတို့ မြင်ရပါတယ်။ ကျွန်မတို့ဟာ နိုင်ငံတစ်နိုင်ငံကို တိုးတက်အောင်လုပ်ဖို့ဆိုရင် အကောင်းဘက်ကချည်းပဲ ကြည့်လို့လည်း မရပါဘူး။ ကျွန်မတို့ရဲ့ အားနည်းချက်တွေကိုလည်း ကျွန်မတို့ မြင်ရမယ်၊ ဒီအားနည်းချက်တွေကို ကျွန်မတို့ ဘယ်လိုပြုပြင်မလဲဆိုတာကိုလည်း ကျွန်မတို့ စဉ်းစားရပါလိမ့်မယ်။ ဒီပဲယင်းဘက်ကတော့ အင်မတန်မှစကားကြွယ်ဝတယ်ဆိုတာ ကျွန်မသတိပြုမိပါတယ်။ အဲဒါကလည်း ကောင်းတဲ့နေရာမှာ ကောင်းပါတယ်၊ ဒါပေမယ့် တိုတိုနဲ့ လိုရင်းပြောတတ်ဖို့လည်း ကျွန်မကနေပြီးတော့ တိုက်တွန်းချင်ပါတယ်။ ကိုယ်ကတိုတိုနဲ့ လိုရင်းပြောမှ တခြားသူတွေအတွက် ပိုပြီးတော့ အခွင့်အရေးရပါတယ်။ ကိုယ်တစ်ယောက်တည်းကနေပြီးတော့ ဆယ်မိနစ်ပြောမယ်ဆိုရင် တခြားသူတွေ နှစ်မိနစ် သုံးမိနစ်နဲ့ ပြောရမယ့် လူငါးယောက်လောက်က အခွင့်အရေးက လွတ်သွားပါလိမ့်မယ်။ အဲဒီလိုစဉ်းစားဖို့ လိုပါတယ်။

ကျွန်မတို့ ဒီမိုကရေစီနိုင်ငံတစ်နိုင်ငံ ထူထောင်မယ်ဆိုရင် ငါ့အရေးနဲ့အတူ အခြားအရေးကိုလည်း စဉ်းစားရမယ်၊ ကိုယ့်အရေး တစ်ခုတည်းစဉ်းစားလို့ မရဘူး၊ အခြားအရေးကိုလည်း စဉ်းစားရမယ်၊ အခြားပုဂ္ဂိုလ်များရဲ့ အရေးကိုလည်း စဉ်းစားရမယ်။ သူတို့ရဲ့ လိုအပ်ချက်တွေကိုလည်း ကျွန်မတို့ကနေပြီးတော့ တန်ဖိုးထားရမယ်၊ နှလုံးသွင်းရမှာဖြစ်ပါတယ်။

## မှန်မှန်ကန်ကန် သုံးသွား

ဒီပဲယင်းပြည်သူတွေက တက်ကြွတာကို ကျွန်မ သိပ်သဘောကျတယ်၊ ဒါပေမယ့် တက်ကြွတဲ့ စိတ်ဓာတ်ဆိုတာဟာ အကောင်းဖြစ်နိုင်သလို အဆိုးလည်းဖြစ်သွားနိုင်ပါတယ်၊ တကယ်တက်ကြွတဲ့ စိတ်ဓာတ်ကို မှန်မှန်ကန်ကန် သုံးသွားမယ်ဆိုရင် ကျွန်မတို့ရဲ့နိုင်ငံ တိုးတက်ဖို့အတွက် တွန်းအားတစ်ခုပါပဲ၊ ဒါပေမယ့် တက်ကြွတဲ့ စိတ်ဓာတ်ကို ကိုယ့်အတွက်ပဲ၊ ကိုယ့်လိုအပ်ချက်အတွက်ပဲ၊ ကိုယ့်ရဲ့အသိုင်းအဝိုင်း၊ ကိုယ့်အဖွဲ့အစည်း လိုအပ်ချက်အတွက်ပဲ သုံးမယ်ဆိုရင် ဒီတက်ကြွတဲ့စိတ်ဟာ အပေါင်းလက္ခဏာမဆောင်ဘဲနဲ့ အနုတ်လက္ခဏာဆောင်သွားနိုင်မှာ ဖြစ်ပါတယ်။

## နိုင်ငံ့အတွက် အဓိကထား

ဒါကြောင့်မို့လို့ ကျွန်မတို့ရဲ့ ဒီတက်ကြွတဲ့ ဒီပဲယင်းပြည်သူလူထုဟာ နိုင်ငံ့အကျိုးအတွက် အမြဲစဉ်းစားပါ၊ ကျွန်မတို့ရဲ့ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးဟာ တကယ်ပဲ စစ်မှန်တဲ့ ဒီမိုကရေစီပြည်ထောင်စုကြီး ဖြစ်နိုင်ဖို့အတွက် တစ်ယောက်ချင်း တစ်ယောက်ချင်းမှာ ဘာပေးနိုင်သလဲ၊ ဘာလုပ်ပေးနိုင်သလဲဆိုတာကို စဉ်းစားစေချင်ပါတယ်၊ အခုဒီမှာ ကိုယ်နဲ့ ပတ်သက်တဲ့ ကိုယ့်ရဲ့အကျိုးနဲ့ ပတ်သက်တဲ့အခါမှာ တင်ပြနိုင်တဲ့နေရာမှာ တော်ရင် အများအကျိုးနဲ့ ပတ်သက်တဲ့ လုပ်ဆောင်တဲ့နေရာမှာလည်း တော်နိုင်တဲ့ အလားအလာရှိပါတယ်။ ဒါကြောင့် ကိုယ့်ရဲ့ အရည်အချင်းတွေကို အားလုံး နိုင်ငံ့အတွက် အဓိကထား သုံးစွဲကြပါလို့ ကျွန်မဆော်သြရင်းနဲ့ ကျွန်မတို့ ဒီပဲယင်း ပြည်သူပြည်သားများ နှလုံးစိတ်ဝမ်းအေးချမ်းကြပါစေလို့ ဆုတောင်းမေတ္တာပို့လိုက်ပါတယ်။ ကျေးဇူးတင်ပါတယ်”ဟု ပြောကြားပြီး တွေ့ဆုံပွဲသို့ တက်ရောက်လာသည့် တိုင်းရင်းသား တိုင်းရင်းသူလေးများနှင့် မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် အဖွဲ့ဝင်များနှင့်အတူ ဒီပဲယင်းမြို့မှ ရဟတ်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာပြီး ရွှေဘိုမြို့သို့ ရောက်ရှိရာ တိုင်းဒေသကြီးစာရင်းစစ်ချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများက ကြိုဆိုနှုတ်ဆက်ကြသည်။

## ကြိုဆိုနှုတ်ဆက်

ထို့အပြင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်အား ရွှေဘိုမြို့ လမ်းဘေးဝဲယာ၌ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ဒေသခံပြည်သူများနှင့် ကျောင်းသား ကျောင်းသူလေးများက သောင်းသောင်းဖြဖြ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ရွှေဘိုမြို့တော်ခန်းမ၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

*စာမျက်နှာ ၅ သို့*



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ရွှေဘိုမြို့ရှိ ဒေသခံတိုင်းရင်းသား တိုင်းရင်းသူလေးများနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်

*စာမျက်နှာ ၄ မှ*

တွေ့ဆုံပွဲတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က "ကျွန်မတို့ ဒီနေ့အောင်မြေဖြစ်တဲ့ ရွှေဘိုကို လာနိုင်တဲ့အတွက် အင်မတန်မှ ဝမ်းသာပါတယ်၊ ကျွန်မတို့ကို လှိုက်လှိုက်လှဲလှဲကြိုဆိုတဲ့အတွက် အများကြီးကျေးဇူးတင်ပါတယ်။ ကျွန်မတို့အခု လမ်းညွှန်စကားပြောဖို့ လာတာမဟုတ်ပါဘူး။ ကျွန်မတို့ဒီလို ခရီးထွက်တဲ့ အခါကျရင် ပညာပေး၊ ပညာယူလို့ပဲ ပြောလို့ရပါတယ်။ ပညာပေး၊ ပညာယူဆိုတာ ကျွန်မတို့ အစိုးရအနေနဲ့လည်း ပြည်သူသိစေချင်တာတွေကို ကျွန်မတို့ ပြောဖို့ အခွင့်အရေးရတယ်၊ ပြည်သူတွေအနေနဲ့လည်း ကျွန်မတို့ သိစေချင်တာတွေကို တင်ပြဖို့ အခွင့်အရေးရတယ်။ အဲဒါကြောင့်မို့လို့ ကျွန်မအနေနဲ့ ဒါဟာပညာပေး၊ ပညာယူအစီအစဉ်လို့ပဲ ကျွန်မသတ်မှတ်ပါတယ်။

### ကျန်းမာရေးကိစ္စကို အမြဲဦးစားပေး

အခုတစ်နေရာနဲ့တစ်နေရာသွားတယ်ဆိုရင် ပြည်သူတွေရဲ့ လိုအပ်ချက်တွေက တူတာတွေလည်းရှိတယ်၊ မတူတာတွေလည်းရှိတယ်။ ကျွန်မတို့ ပြည်သူကို ပြောချင်တဲ့ စကားတွေကလည်း တစ်ချိန်နဲ့တစ်ချိန် တူတာတွေလည်းရှိတယ်၊ မတူတာတွေလည်း ရှိပါတယ်။ အခုအချိန်မှာဆိုရင်တော့ ကျွန်မအဓိကအားဖြင့် ကျန်းမာရေးကိစ္စကို အမြဲဦးစားပေးပြီး ပြောရပါတယ်။ ဒီလိုကျန်းမာရေးကိစ္စကို ဦးစားပေးပြီး ပြောရတဲ့အကြောင်းကတော့ ကျွန်မတို့နိုင်ငံအတွက် အင်မတန်မှ အရေးကြီးလို့ဖြစ်ပါတယ်။ အများသိနေတဲ့အတိုင်းပဲ အခုဆိုရင် COVID–19 ရောဂါဟာ တစ်ကမ္ဘာလုံးကို ပျံ့နှံ့နေပါတယ်။ အခုထိတော့ ကျွန်မတို့ နိုင်ငံမှာ အဲဒီရောဂါဖြစ်တဲ့လူနာကို သတ်သတ်မှတ်မှတ် မတွေ့သေးပါဘူး၊ စောင့်ကြည့်နေတဲ့ အနည်းငယ်သော လူနာများရှိပါတယ်။ စောင့်ကြည့်နေပြီးတော့ အဖြေဘယ်လိုထွက်မလဲဆိုတာကတော့ မသေချာသေးပါဘူး။ ဒီအချိန်မှာ မကူးစက်အောင်လို့ ကျွန်မတို့ အများကြီး သတိထားဖို့ လိုပါတယ်။ ဒီရောဂါကူးဖို့ အလွယ်ဆုံးနည်းက တစ်ယောက်ရဲ့ လက်ကနေ နောက်တစ်ယောက်ကိုပါပဲ။ ဒါကြောင့်မို့လို့ ပိုးသတ်ဆေးတွေကိုသုံးဖို့၊ လက်ကို သန့်စင်စေတဲ့ ပိုးသတ်ဆေးများသုံးဖို့၊ နောက်ပြီးတော့ တစ်ယောက်နဲ့တစ်ယောက် လက်ဆွဲနှုတ်ဆက်တာတွေကို ရှောင်ကြဉ်ဖို့ပြောပါတယ်။ ကျွန်မတို့အနေနဲ့ အခုရောဂါနဲ့ပတ်သက်ပြီးတော့ ပြည်သူတွေကို သတိထားစေချင်ပါတယ်ဆိုတာကို ထပ်ပြီးတော့ ပြောပါရစေ။ အဲဒါကို ပေါ့ပေါ့ဆဆ မနေပါနဲ့လို့ သတိပေးပါရစေ။

### နားလည်မှုပေးမှ အဆင်ပြေ

ကျွန်မတို့ဟာ တစ်ယောက်နဲ့တစ်ယောက် နားလည်မှုတော့ ပေးရလိမ့်မယ်။ နားလည်မှုပေးမှ အဆင်ပြေနိုင်မှာဖြစ်ပါတယ်။ ဒါကလည်း ကျွန်မရတဲ့ ပညာတစ်ခုပါပဲ။ တစ်နေရာနဲ့ တစ်နေရာသွားရင် ပရိသတ်ရဲ့ စည်းကမ်းသေသပ်မှုဟာ မတူပါဘူး၊ တချို့ပရိသတ်တွေက အင်မတန်မှ စည်းကမ်းရှိပါတယ်။ တချို့ပရိသတ်တွေကတော့ နည်းနည်းတက်ကြွတယ်လို့ပဲ ပြောရမှာပါ။ စည်းကမ်းရှိတာထက် ပိုပြီးတော့ တက်ကြွတဲ့ဘက်ကများပါတယ်။ အဲဒီတော့ ဘာပဲပြောပြော ဒါဟာ ချိန်ခွင်လျှာညီမျှဖို့လိုပါတယ်။ ကျွန်မတို့က စည်းကမ်းလည်းရှိရမယ်၊ တက်ကြွတဲ့ စိတ်လည်းရှိရမယ်၊ ဒါမှကျွန်မတို့နိုင်ငံရဲ့ တိုးတက်ရေးအတွက် အားလုံးဝိုင်းပြီးတော့ ပါဝင်ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။

ကျွန်မပြည်သူတွေနဲ့ တွေ့တဲ့အခါကျရင် ပညာပေး၊ ပညာယူဆိုတာ တစ်ချိန်လုံးလည်း ပညာပေးနေရတယ်၊ ပြည်သူတွေရဲ့ လုပ်ပုံကိုင်ပုံတွေကိုလည်း ကြည့်ပြီးတော့ ပညာယူနေရတယ်။ ကျွန်မတို့ ဒီလိုပြည်သူတွေရဲ့ တင်ပြချက်တွေနဲ့ ပတ်သက်ပြီးတော့ အစိုးရက ဘယ်ဘက်ကနေ ဖြည့်ဆည်းပေးရမယ်ဆိုတာလည်း ကျွန်မတို့ သဘောပေါက်ပါတယ်။ ဥပမာဆိုရင် ဥပဒေနဲ့ပတ်သက်လို့ ကျွန်မတို့ရဲ့ ပြည်သူလူထုတွေအနေနဲ့ နားလည်မှုက နည်းနည်းအားနည်းနေတယ်ဆိုတာ ကျွန်မသတိပြုမိပါတယ်။ အထူးသဖြင့်ဆိုရင် မြေပိုင်ဆိုင်မှုနဲ့ ပတ်သက်တဲ့ ဥပဒေတွေ၊ ညွှန်ကြားချက်တွေကို ပြည်သူလူထုတွေက ရှင်းပုံမရပါဘူး။ အဲဒါကြောင့် ကျွန်မတို့ ပြည်သူလူထု နားလည်နိုင်အောင်လို့ အစီအစဉ်တွေကို လုပ်ပေးဖို့ စီစဉ်ပေးပါ့မယ်။ ကျွန်မတို့က တရားဥပဒေစိုးမိုးရေး ဖြစ်စေချင်တယ်ဆိုရင် ဥပဒေအကြောင်း နားလည်ဖို့တော့ အင်မတန်မှ အရေးကြီးပါတယ်၊ အခြေခံအားဖြင့် ကျွန်မတို့ပြည်သူလူထု အားလုံးဟာ ဥပဒေဟာ ဘာအတွက်လဲဆိုတာကို ပထမဦးဆုံး နားလည်ရမှာပါ။

> **"ခေတ်နဲ့မဆီလျော်ရင် ဒီဥပဒေတွေကို ပြောင်းသင့် ပြောင်းရပါတယ်။ တစ်ခါတလေလည်း ဥပဒေကို ပယ်ဖျက်ရတယ်၊ တစ်ခါတလေ ဥပဒေကို ပြောင်းရတယ်၊ တစ်ခါတလေ ဥပဒေကို ဖြည့်စွက်ရတယ်။ အဲဒီလိုနည်းတွေနဲ့ ဥပဒေဆိုတာ ရှင်သန်နေအောင်လို့ ကျွန်မတို့ လုပ်ရပါတယ်။ ဥပဒေရှင်သန်ခြင်းဆိုတာ ခေတ်ရဲ့ လိုအပ်ချက်တွေနဲ့ ကိုက်ညီခြင်းပဲ ဖြစ်ပါတယ်။ ခေတ်ရဲ့ လိုအပ်ချက်တွေနဲ့ မကိုက်ညီတဲ့ ဥပဒေဆိုတာ မရှင်သန်နိုင်ပါဘူး။ အဲဒီတော့ ကျွန်မတို့ရဲ့ နိုင်ငံမှာ မြေပိုင်ဆိုင်မှုနဲ့ပတ်သက်လို့ မူလပိုင်ရှင်ကို မြေပြန်ပြီးတော့ ပေးတဲ့ ကိစ္စနဲ့ပတ်သက်လို့၊ မြေလွတ်မြေရိုင်းတွေကို ပုဂ္ဂလိကပိုင်အဖြစ် ချပေးတာနဲ့ ပတ်သက်လို့ အဲဒါတွေ အားလုံးအတွက် ဥပဒေတွေ ရှိပါတယ်"**

### လူသားများကနေ တီထွင်ထားတဲ့ ဥပဒေတွေဖြစ်

အဓိကကတော့ ဥပဒေက ရပ်ရွာတည်ငြိမ်အေးချမ်းဖို့ပါပဲ။ ဒီလို မြေပိုင်ဆိုင်မှုနဲ့ ပတ်သက်တဲ့ ဥပဒေဆိုတာလည်း ဒီသဘောပါပဲ။ မြေတစ်ကွက်ကို လူနှစ်ယောက်က ပိုင်ပါတယ်လို့ ပြောရင် သူတို့ တစ်ယောက်နဲ့တစ်ယောက် လက်သီးနဲ့ထိုး၊ ဓားနဲ့ခုတ်ပြီးတော့ ဖြေရှင်းမယ့်အစား တရားလမ်းကြောင်းအရ ဖြေရှင်းတာက ပိုပြီးတော့ ငြိမ်သက်တယ်၊ ပိုပြီးတော့ ပြည်သူတွေအတွက်လည်း အနာသက်သာပါတယ်။ ဒါကြောင့် ဥပဒေတွေကို ထုတ်တာပါ။ ဥပဒေတွေဟာ အမြဲတမ်းမှန်သလားဆိုတော့ မမှန်ပါဘူး။ ဥပဒေဆိုတာ ထာဝရမဟုတ်ပါဘူး။ ဥပဒေဆိုတာ ပြည်သူလူထုကနေ လူသားများကနေ တီထွင်ထားတဲ့ ဥပဒေတွေဖြစ်ပါတယ်။ လူသားတွေကနေ ရေးဆွဲပြီးတော့ လက်ခံထားတဲ့ ဥပဒေတွေဖြစ်ပါတယ်။

ခေတ်နဲ့မဆီလျော်ရင် ဒီဥပဒေတွေကို ပြောင်းသင့်ပြောင်းရပါတယ်။ တစ်ခါတလေလည်း ဥပဒေကို ပယ်ဖျက်ရတယ်၊ တစ်ခါတလေ ဥပဒေကို ပြောင်းရတယ်၊ တစ်ခါတလေ ဥပဒေကို ဖြည့်စွက်ရတယ်။ အဲဒီလိုနည်းတွေနဲ့ ဥပဒေဆိုတာ ရှင်သန်နေအောင်လို့ ကျွန်မတို့ လုပ်ရပါတယ်။ ဥပဒေရှင်သန်ခြင်းဆိုတာ ခေတ်ရဲ့ လိုအပ်ချက်တွေနဲ့ ကိုက်ညီခြင်းပဲ ဖြစ်ပါတယ်။ ခေတ်ရဲ့ လိုအပ်ချက်တွေနဲ့ မကိုက်ညီတဲ့ ဥပဒေဆိုတာ မရှင်သန်နိုင်ပါဘူး။ အဲဒီတော့ ကျွန်မတို့ရဲ့ နိုင်ငံမှာ မြေပိုင်ဆိုင်မှုနဲ့ပတ်သက်လို့ မူလပိုင်ရှင်ကို မြေပြန်ပြီးတော့ ပေးတဲ့ကိစ္စနဲ့ပတ်သက်လို့၊ မြေလွတ်မြေရိုင်းတွေကို ပုဂ္ဂလိကပိုင်အဖြစ် ချပေးတာနဲ့ ပတ်သက်လို့ အဲဒါတွေ အားလုံးအတွက် ဥပဒေတွေ ရှိပါတယ်။

### ဥပဒေတွေကို လွှတ်တော်ကနေ ပြဋ္ဌာန်း

ဥပဒေဆိုတာတော့ အမျိုးမျိုးရှိတယ်။ ဒီဥပဒေတွေ ရှင်သန်ဖို့ဆိုတာဟာ ဥပဒေပြု မဏ္ဍိုင်ဆိုတာ လွှတ်တော်ကို ပြောတာပါ။ ဥပဒေတွေကို ပြဋ္ဌာန်းပြီးတော့ ဥပဒေတွေ အတည်ဖြစ်ဖို့ နိုင်ငံတစ်နိုင်ငံမှာ ဥပဒေစိုးမိုးမှုဆိုတာ လွှတ်တော်ကလုပ်ရတဲ့ ကိစ္စဖြစ်ပါတယ်။ ဒါကြောင့် လွှတ်တော်ရဲ့ကဏ္ဍက အင်မတန်မှ အရေးကြီးတယ်။ ပြည်သူတွေရဲ့ဘဝတွေကို လွှမ်းခြုံမယ့် ဥပဒေတွေကို လွှတ်တော်ကနေ ပြဋ္ဌာန်းရတာဖြစ်ပါတယ်။

### ဥပဒေတွေကို လိုက်နာရမှာဖြစ်

အုပ်ချုပ်ရေးမဏ္ဍိုင်ဆိုတာကတော့ အစိုးရဖြစ်ပါတယ်။ အစိုးရကတော့ ဒီနိုင်ငံရဲ့ နိစ္စဓူဝလုပ်ငန်းတွေကို ဦးစီးပြီးတော့ ဆောင်ရွက်ရတယ်၊ အကောင်အထည်ဖော်ရတယ်၊ ဥပဒေဘောင်အတွင်းကပဲ လုပ်ရတယ်။ အစိုးရတစ်ခုဆိုတာလည်း ဥပဒေကို ချိုးဖောက်လို့ မရပါဘူး။ ဒါကြောင့် အဆိုရှိတာက ဥပဒေအထက်မှ ဘယ်သူမှမရှိဘူးဆိုတာဟာ ဥပဒေရဲ့ အထက်မှာ နိုင်ငံမှာရှိတဲ့ အင်မတန်မှ အင်အားအနည်းဆုံးပုဂ္ဂိုလ်ကလည်း ဥပဒေအထက်မှာ မရှိနိုင်ဘူး။ သူအင်အားနည်းလို့ သနားပါတယ်၊ ဥပဒေက လွတ်ကင်းခွင့်ပေးမယ်ဆိုပြီး အဲဒီလိုလည်း ဥပဒေက ထားလို့မရဘူး။ တရားရုံးကတော့ သနားကြင်နာသောအားဖြင့် တစ်ခါတလေ လျှော့ပေးလို့ရတယ်။ အဆိုတစ်ခုရှိပါတယ်၊ တရားဥပဒေမှန်ကန်ခြင်းကို အကြင်နာတရားနဲ့ ထိန်းရမယ်တဲ့၊ အမြဲပဲ တရားဥပဒေအရသာလုပ်မယ်၊ ပြည်သူတွေအပေါ်မှာ အကြင်နာတရား မရှိဘူးဆိုရင် သိပ်ပြီးတော့ အစွန်းထွက်ပြီးတော့ ကြမ်းတမ်းရာရောက်ပါလိမ့်မယ်။ သိပ်ပြီးတော့ အကြင်နာလွန်ပြီးတော့ ဥပဒေချိုးဖောက်တာကိုလည်း အမြဲပဲခွင့်ပြုတယ်၊ ခွင့်လွှတ်တယ်ဆိုရင်လည်း ကျွန်မတို့ဟာ စည်းကမ်းထိန်းလို့မရဘူး။ ဥပဒေမဲ့နိုင်ငံ ဖြစ်သွားမယ်ဆိုရင် အင်မတန်မှ ပြည်သူတွေရဲ့ တည်ငြိမ်မှု၊ လုံခြုံမှုကို ထိခိုက်သွားမှာ ဖြစ်ပါတယ်။ အဲဒီတော့ အုပ်ချုပ်ရေးပိုင်းဆိုင်ရာက ဥပဒေပိုင်းဆိုင်ရာဖြစ်တဲ့ လွှတ်တော်က ပြဋ္ဌာန်းလိုက်တဲ့ ဥပဒေတွေကို အကောင်အထည်ဖော်ဖို့ တာဝန်ရှိတယ်၊ ဒီအုပ်ချုပ်ရေးမဏ္ဍိုင်ဖြစ်တဲ့ အစိုးရအဖွဲ့များဟာ ဒီဥပဒေတွေကို လိုက်နာရမှာဖြစ်ပါတယ်။

### အယူခံတက်နိုင်တယ်ဆိုတဲ့ ကိစ္စတွေရှိ

နောက်ပြီးတော့ တရားစီရင်ရေး မဏ္ဍိုင်ဆိုတာ ရှိပါတယ်။ တရားစီရင်ရေးမဏ္ဍိုင်ဆိုတာ အကြမ်းဖျင်းပြောရင် တရားရုံးတွေကနေတစ်ဆင့် ဥပဒေတွေအရ မှန်သည်၊ မှားသည် ဆိုပြီးတော့ ဥပဒေကို စစ်ပြီးတော့ လုပ်တဲ့ကိစ္စဖြစ်ပါတယ်။ ဥပဒေဆိုတာဟာ တစ်ခါတလေ အဓိပ္ပာယ်ဖော်ပုံက အမျိုးမျိုးရှိနိုင်တယ်။ ဒီတော့ တရားသူကြီးတွေ၊ တရားရုံးတွေဆိုတာ ဥပဒေရဲ့ အဓိပ္ပာယ်ကို ဖော်ပြီးတော့ တက်လာတဲ့အမှုတွေကို စိစစ်ရတယ်။ ဘယ်ဘက်က မှန်တယ်ဆိုတာကို ဆုံးဖြတ်ရတယ်။ အဲဒီတော့ တရားရုံးက တရားသူကြီးတိုင်းဟာ သူတို့ဆုံးဖြတ်ချက်တွေ အားလုံး မှန်သလားဆိုတော့ ဒါကတော့ မဖြစ်နိုင်ဘူးဆိုတာကို လက်ခံကြရပါတယ်။ ဒီတရားရုံးက တရားသူကြီးတွေဆိုတာလည်း ရိုးရိုးပုထုဇဉ်လူသားတွေပဲ။ အမြဲအမှားမရှိဘူးဆိုတာတော့ မဖြစ်နိုင်ဘူး။ ဒါကြောင့် အယူခံတက်နိုင်တယ်ဆိုတဲ့ ကိစ္စတွေရှိတာပါ။ ဒီအောက်ဆုံး ရုံးက ဆုံးဖြတ်ချက်ကို အမှုသည်က မကျေနပ်ရင် တစ်ဆင့်တစ်ဆင့်နဲ့ အယူခံဝင်ပြီးတော့ သွားလို့ရတယ်။ ဒါပေမယ့် နောက်ဆုံး အမြင့်ဆုံးတရားရုံးကနေ ဆုံးဖြတ်ချက်ချသွားပြီးပြီဆိုရင်တော့ လက်ခံရတယ်။ ဒါဟာ တရားဥပဒေစိုးမိုးရေးပဲ။

ဒီတော့ တရားရေးမဏ္ဍိုင်ကရော အဂတိလိုက်စားမှု မရှိဘူးလားဆိုတော့ တရားရေး မဏ္ဍိုင်တွေထဲမှာ အဂတိလိုက်စားမှုရှိခဲ့တာတွေလည်း တစ်ကမ္ဘာလုံးမှာ ရှိပါတယ်။ တစ်ချိန်လုံး ဒါတွေဟာ ထိန်းသိမ်းသွားရတယ်။ ဒီဟာကို ထိန်းဖို့ဆိုရင် ဘယ်သူကအရေးအကြီးဆုံးလဲဆိုရင် နောက်ဆုံးကျတော့ ကျွန်မတို့ပြည်သူတွေက အရေးအကြီးဆုံးပဲ။ ကျွန်မတို့ ပြည်သူတွေရဲ့ ပညာအမြော်အမြင် စိတ်ထားမှန်ကန်မှုနဲ့သာလျှင် ဒီမဏ္ဍိုင်ကြီး သုံးခုရထားပါတယ်။ မှန်မှန်ကန်ကန် ဆက်ပြီးတော့လည်းသွားဖို့ လိုအပ်ပါတယ်။ ဒီမဏ္ဍိုင်ကြီး သုံးရပ်မှာပါတဲ့ ပုဂ္ဂိုလ်များ အားလုံးကလည်း ကျွန်မတို့ ပြည်သူတွေထဲကပါပဲ။

ဒါကြောင့် ကျွန်မတို့ လွှတ်တော်က လွှတ်တော်ကိုယ်စားလှယ်တွေပဲဖြစ်ဖြစ်၊ အစိုးရအဖွဲ့ဝင်တွေပဲဖြစ်ဖြစ်၊ ဒီတရားရေးမဏ္ဍိုင်က တရားသူကြီးတွေနဲ့ တရားရေးဆိုင်ရာ ဝန်ထမ်းတွေပဲဖြစ်ဖြစ် အားလုံးဟာ ကျွန်မတို့ရဲ့ ပြည်သူတွေပဲဖြစ်တယ်၊ အားလုံးဟာ မှားနိုင်သလို မှန်နိုင်တယ်။ မှန်နိုင်သလို မှားနိုင်တယ်။ အားလုံးဟာ အကောင်းဆုံးဖြစ်အောင်လို့ ကြိုးစားသွားရမယ်။ ဒီတော့ ဘယ်ကနေ စကြိုးစားရမလဲဆိုတော့ ကျွန်မတို့ အောက်ခြေကနေ စကြိုးစားရမယ်။ အောက်ခြေဆိုတာ အောက်ခြေလူတန်းစားအတန်းအလွှာကို ပြောတာမဟုတ်ဘူး။ ငယ်စဉ်ကတည်းက ကြိုးစားသွားရမယ်ဆိုပြောတာ ဖြစ်ပါတယ်။

*စာမျက်နှာ ၆ သို့*




နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား ဒီပဲယင်းမြို့ရှိ ဒေသခံပြည်သူများက သောင်းသောင်းဖြဖြကြိုဆိုကြစဉ်။ သတင်းစဉ်

*စာမျက်နှာ ၅ မှ*

အခု ဒီရှေ့မှာဆိုရင် ကလေးတွေရှိတယ်။ ငယ်စဉ်ကတည်းက မှန်မှန်ကန်ကန်လုပ်ချင်တဲ့ စိတ်ဓာတ်၊ မှန်မှန်ကန်ကန် လုပ်ရဲတဲ့စိတ်ဓာတ်ရှိရမယ်။ မှန်မှန်ကန်ကန် လုပ်ချင်တဲ့ စိတ်ဓာတ်ရှိရုံနဲ့ မလုံလောက်ဘူး။ ဘယ်ဟာက မှန်သလဲ၊ ဘယ်ဟာက လုပ်သင့်သလဲ ဆိုတာ သိပေမယ့်လည်း ကြောက်လို့ မလုပ်တာ၊ ပျင်းလို့မလုပ်တာ၊ မလွယ်လို့ မလုပ်တာ၊ ခက်လို့မလုပ်တာ ဆိုရင်လည်း ဒါဟာ အရာမရောက်ဘူး၊ ထိရောက်မှုမရှိဘူး။ ကိုယ်လုပ်သင့် လုပ်ထိုက်တဲ့ကိစ္စတစ်ခုဟာ ဘာလဲဆိုတာ ပထမ ဆုံးဖြတ်နိုင်ဖို့က အရေးကြီးပါတယ်။ ဒါဟာ ပညာပါပဲ။

### အစိုးရကလုပ်ပေးရမယ့် ကိစ္စ

ဒါကြောင့် ကျွန်မတို့ပြည်သူတွေဟာ တကယ်ပဲ ကိုယ့်နိုင်ငံကို တိုးတက်စေချင်တယ်ဆိုရင် ဒီပညာကိုရှာပါ။ နိုင်ငံ့အတွက်အကောင်းဆုံး ဘာလုပ်ပေးနိုင်သလဲဆိုတဲ့ မေးခွန်းကို ကိုယ့်ကိုယ်ကိုယ်မေးပါ။ တခြားလူတွေ ဘာလုပ်ပေးနိုင်သလဲဆိုတာကို မကြည့်ပါနဲ့။ ကျွန်မတို့ တချို့နေရာတွေမှာသွားရင် အစိုးရ ဒါမလုပ်ပေးဘူးလား၊ ဟိုဟာမလုပ်ပေးဘူးလားဆိုတာ မေးပါတယ်။ အစိုးရကလုပ်ပေးရမယ့် တာဝန်ရှိရင် ဒါလုပ်ပေးရမယ်ဆိုတာ ကျွန်မတို့ လက်ခံတယ်။ ဒါကျွန်မတို့ကို သတိပေးတဲ့အတွက်လည်း ကျေးဇူးတင်တယ်။ အစိုးရကလုပ်ပေးရမယ့် ကိစ္စပါ။ အစိုးရမှာ တာဝန်ရှိတယ်ဆိုတာ သတိပေးတယ်ဆိုတာ ကျွန်မတို့ အကျိုးအတွက် ဖြစ်တယ်။ အစိုးရရဲ့ ဂုဏ်သိက္ခာအတွက် ဖြစ်တယ်။ ဒါပေမယ့်လည်း တချို့ကိစ္စတွေမှာ ပြည်သူတွေက ကိုယ်တိုင်လုပ်ရမယ်ဆိုတာကို မေ့နေပုံရပါတယ်။ အဲဒါကိုမမေ့ပါနဲ့။ ကိုယ့်အစိုးရဟာ ကိုယ့်အတွက်၊ ကိုယ့်နိုင်ငံအတွက်ဖြစ်စေချင်ရင် ကိုယ်ကိုယ်တိုင်က ကိုယ်တတ်နိုင်သမျှလုပ်တဲ့ ပြည်သူလူထုတွေ ဖြစ်ဖို့ အင်မတန်မှ အရေးကြီးပါတယ်။

### ကိုယ့်ကိုယ်ကိုယ် ပြန်ပြီးတော့ သုံးသပ်

ကျွန်မတို့နိုင်ငံက ချမ်းသာတဲ့နိုင်ငံ မဟုတ်ပါဘူး။ ချမ်းသာတဲ့နိုင်ငံမဟုတ်ပေမယ့် ကျွန်မတို့မှာ အခွင့်အရေးတွေအများကြီး ရှိပါတယ်။ ဖြစ်နိုင်ခြေတွေ အများကြီး ရှိပါတယ်။ မြန်မာနိုင်ငံဟာ လွတ်လပ်ရေးရကတည်းက နိုင်ငံတကာက ဘယ်လိုသုံးသပ်ခဲ့သလဲဆိုတော့ ဖြစ်နိုင်ခြေတွေ အများကြီးရှိတဲ့ နိုင်ငံတဲ့။ ဖြစ်နိုင်ခြေတွေရှိပြီးတော့ ဒီဖြစ်နိုင်ခြေတွေကို အကောင်အထည်မဖော်နိုင်သေးတဲ့ နိုင်ငံလို့လည်း ပြောပါတယ်။ ဘာဖြစ်လို့ ကျွန်မတို့မှာ ဖြစ်နိုင်ခြေတွေရှိပြီးတော့ အကောင်အထည်တွေ မဖော်နိုင်သေးတာလဲ။ ကျွန်မတို့ရဲ့ ကြိုးစားအားထုတ်မှုက ဘယ်နေရာမှာ လိုနေတာလဲဆိုတာ ပထမဦးဆုံး ကိုယ့်ကိုယ်ကိုယ် ပြန်ပြီးတော့ သုံးသပ်ရပါတယ်။ တစ်ယောက်ချင်းတစ်ယောက်ချင်းက ကိုယ့်ကိုယ်ကိုယ် ပြန်ပြီးတော့ သုံးသပ်ဖို့လိုပါတယ်။

လူတစ်ယောက်ဟာ ဘယ်လောက်ရင့်ကျက်သလဲဆိုတာ တခြားသူတွေအတွက် ဘယ်လောက်စဉ်းစားနိုင်သလဲဆိုတဲ့အပေါ်မှာ မူတည်ပါတယ်။ တချို့တွေက အသက်သာ ကြီးသွားတယ်။ ဘယ်လိုမှ မရင့်ကျက်လာဘူး။ ကိုယ့်တစ်ယောက်တည်းအတွက်ပဲ စဉ်းစားတဲ့ အလေ့အကျင့်ကနေပြီးတော့ ဖောက်ထွက်လို့မရဘူး။

### တန်ဖိုးရှိတဲ့အမွေအနှစ်တွေပဲ ဖြစ်စေချင်

အဲဒီတော့ ကျွန်မတို့ရဲ့ပြည်သူတွေကို နိုင်ငံကြီးသားပီသစေချင်တယ်။ နိုင်ငံကြီးသားဆိုတာကလည်း ကျွန်မသတိပေးလေ့ရှိပါတယ်။ ချမ်းသာတဲ့နိုင်ငံက နိုင်ငံသူနိုင်ငံသားတွေမှ နိုင်ငံကြီးသားမဟုတ်ပါဘူး။ အင်မတန်မှ ပထဝီအရ ကျယ်ပြန့်တဲ့နိုင်ငံက နိုင်ငံသူ နိုင်ငံသားတွေမှ နိုင်ငံကြီးသား မဟုတ်ပါဘူး။ နိုင်ငံကြီးသားဆိုတာ နိုင်ငံကြီးသား စိတ်ဓာတ်မြင့်မြတ်တဲ့၊ ပြည့်ဝတဲ့၊ ရင့်ကျက်တဲ့ စိတ်ဓာတ်ရှိတာဟာ နိုင်ငံကြီးသားပီသမှုပါပဲ။ ကျွန်မတို့ ပြည်သူတွေကို ကြိုးစားပါလို့ ကျွန်မအနေနဲ့ ဆော်ဩချင်တယ်။ တိုက်တွန်းချင်တယ်။ ကျွန်မတို့ပြည်သူတွေကို ကျွန်မယုံကြည်မှုလည်း ရှိတယ်။ ဖြစ်လည်း ဖြစ်မြောက် စေချင်တယ်။ ဒါကြောင့်မို့ နည်းနည်းစည်းကမ်းမရှိဘူး။ လုပ်ပုံကိုင်ပုံမဟုတ်ဘူးဆိုရင် ကျွန်မလုံးဝ အားမရပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မတို့ပြည်သူတွေမှာ ဖြစ်နိုင်ခြေတွေက အကောင်းဖြစ်နိုင်ခြေတွေ ဒီလောက်များများရှိရဲ့သားနဲ့ ဒီဟာတွေကို ဘာဖြစ်လို့အကောင်အထည်မဖော်နိုင်တာလဲဆိုပြီးတော့ ကျွန်မတစ်ခါတလေဆိုရင် မကျေမနပ် ဖြစ်ပါတယ်။ ဒါကြောင့် ကြိုးစားကြပါ။ ကျွန်မတို့ဟာ အမြဲနေသွားမယ့် လူတွေမဟုတ်ပါဘူး။ အနိစ္စတရားအရ တစ်နေ့တစ်ချိန်အခါမှာ ရှိတော့မှာ မဟုတ်ပါဘူး။ ဒါပေမယ့် ထားခဲ့တဲ့အမွေအနှစ်တွေက နောင်လာနောက်သားတွေ ခေတ်အဆင့်ဆင့် ခေတ်အဆက်ဆက်အတွက် တန်ဖိုးရှိတဲ့အမွေအနှစ်တွေပဲ ဖြစ်စေချင်ပါတယ်။ ကျွန်မတို့ ထားခဲ့တဲ့အမွေအနှစ်တွေကြောင့်မို့ နောင်လာ နောက်သားတွေက ဒုက္ခရောက်ရတယ်၊ စိတ်ထားသေးသိမ်ရတယ်၊ စိတ်ဓာတ်နိမ့်ကျရတယ်၊ နေပုံထိုင်ပုံအဆင့်အတန်း နိမ့်ကျရတယ်ဆိုတာတွေ မဖြစ်စေချင်ပါဘူး။

### ကိုယ်ရထားတဲ့အချိန်တွေကို မှန်မှန်ကန်ကန်သုံး

ကျွန်မတို့ပြည်သူတွေ ကြိုးစားကြပါ။ ကိုယ့်ခေတ်မှာသာ ကိုယ်ပိုင်တာ။ ပညာရှင်တစ်ဦးက ပြောဖူးပါတယ်။ နောက်ဆုံးကျတော့ ကိုယ်လုပ်နိုင်တာ တစ်ခုပဲရှိတယ်တဲ့။ ကိုယ့်မှာရထားတဲ့အချိန်ကို ကိုယ်ဘယ်လို သုံးမလဲဆိုတာ အဲဒီဆုံးဖြတ်ပိုင်ခွင့် တစ်ခုပဲရှိတယ်။ အဲဒီတော့ ကိုယ်ရထားတဲ့အချိန်တွေကို မှန်မှန်ကန်ကန်သုံးပါ။ အခုကျွန်မတို့ ဒီအချိန်မှာ နိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့ လိုတဲ့အချိန်မှာ နိုင်ငံသူနိုင်ငံသားများဖြစ်နေတဲ့ ကျွန်မတို့ ပြည်သူပြည်သားများ ဒီအချိန်ကို ထိုက်ထိုက်တန်တန်နဲ့ နိုင်ငံအတွက်သုံးပါ။ နောင်လာနောက်သားတွေအတွက် အဖိုးဖြတ်လို့မရတဲ့ အမွေတွေကို ထားပစ်ခဲ့ပါလို့ မေတ္တာရပ်ခံချင်ပါတယ်" ဟု ပြောကြားသည်။

### ကြိုတင်တင်ပြမေးမြန်း

ယင်းနောက် တွေ့ဆုံပွဲသို့ ကြိုတင်တင်ပြမေးမြန်းထားသည့် ရွှေဘိုမြို့နယ် ချောင်းဆုံကျေးရွာမှ ဦးညွန့်ဝင်းက ချောင်းဆုံကျေးရွာ ကျေးလက်ကျန်းမာရေးဆေးပေးခန်း ရရှိရေး၊ အုတ်ရှစ်ကန်ကျေးရွာမှ တောင်သူဦးမြင့်အောင်က သိမ်းဆည်းလယ်ယာမြေအတွက် နစ်နာကြေးရရှိအောင် ဆောင်ရွက်ပေးရေး၊ တည်ပင် (ရ) ကျေးရွာမှ ဦးသန်းထွန်းက တည်ပင် (ရ) ကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲ ဆောင်ရွက်ပေးရေး၊ ကုလားမကျေးရွာမှ ဦးကြည်မင်းက ပုံစံ (၇) ရရှိနိုင်ရေးအတွက် ပုံစံ (၁) ဖြင့် လျှောက်ထားသော်လည်း မရရှိသည့်အတွက် ရရှိအောင်ဆောင်ရွက်ပေးရေး၊ ကုလားမကျေးရွာမှ ဦးကြည်က ကျေးလက်ကျန်းမာရေးဆေးပေးခန်း ဆောင်ရွက်ပေးရေး၊ ရုံးတောကျေးရွာ အုပ်စုမှ ဦးစိန်သန်းက ရုံးတောကျေးရွာအုပ်စု၌ ကျေးလက်ကျန်းမာရေးဌာန ဖွင့်လှစ်ပေးနိုင်ရေး၊ အမှတ် (၁) ရပ်ကွက်မှ ဦးရွှေဘော်က ၎င်းပိုင်လယ်မြေများအတွင်း ငါးကန်များ လာရောက်ကျူးကျော်ဆောက်လုပ်နေမှုအား ဖြေရှင်းဆောင်ရွက်ပေးရေး၊ ဘုတ်ကုန်းကျေးရွာမှ တောင်သူ ဦးညိုထွန်းက ဘုတ်ကုန်းကျေးရွာကျန်းမာရေး ဆေးပေးခန်းဆောင်ရွက်ပေးနိုင်ရေး၊ နှမစားကျေးရွာမှ ဦးသန်းတင့်က နှမစားကျေးရွာမှ တောင်သူများ လုပ်ကိုင်စားသောက်နေသည့် ဇီးဖြူကုန်းကွင်းမှ သိမ်းဆည်းထားသည့် လယ်မြေ (၂၄၀ ဒသမ ၄၃) ကေအား ပြန်လည်ရရှိရေး၊ ဆိပ်သာကျေးရွာမှ ဦးစိန်ဝင်းက ဆိပ်သာကျေးရွာ၊ မအူကျေးရွာနှင့် သာယာအေးကျေးရွာတို့မှာ မဟာလျှပ်စစ်ဓာတ်အားလိုင်းနှင့် ၆ မိုင်သာဝေးသည့်အတွက် လျှပ်စစ်ဓာတ်အားရရှိအောင်ဆောင်ရွက်ပေးရေး၊ ကျားကျေးရွာမှ ဦးအေးဝမ်းက ကျားကျေးရွာအတွက် မီးသတ်ယာဉ် ၁ စီးနှင့် ရေသယ်ယာဉ် ၁ စီး ဖြည့်ဆည်းဆောင်ရွက်ပေးရေး၊ ကော့ကျေးရွာ ကျောင်းကော်မတီအဖွဲ့မှ ဦးညွန့်ဝင်းက ကော့ကျေးရွာ အလယ်တန်းကျောင်းအတွက် ကျောင်းဆောင်သစ် ဆောက်လုပ်ပေးရေး၊ ချီပါကျေးရွာမှ ဦးမြင့်သိန်းက ပလိုင်းကျေးရွာအုပ်စုတွင်ပါဝင်နေသော မဲတောကျေးရွာခွဲအား ချီပါ ကျေးရွာအုပ်စုအတွင်း ထည့်သွင်းသတ်မှတ်ပေးရေး၊ အမှတ် (၁၀) ရပ်ကွက်မှ ဦးမြင့်အောင်က ရွှေဘိုမြို့ အမှတ် (၁၀) ရပ်ကွက် အရှေ့ပိုင်းအား မဟာနန္ဒာကန်မှ ရေသုံးစွဲခွင့်ရရှိအောင်ဆောင်ရွက်ပေးရေး၊ ခွန်တောင်းကြီးကျေးရွာမှ ဦးမျိုးမြင့်အောင်က ခွန်တောင်းကြီးကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံ တည်ရှိနေပါလျက် ၎င်းမြေကွက်အား ကျေးရွာအုပ်ချုပ်ရေးမှူးက ရောင်းချလိုက်ခြင်း၊ ကျန်းမာရေး ဆေးပေးခန်းအားဖျက်ဆီးပြီးနေအိမ်ဆောက်ခြင်းမှာတရားဝင်ခွင့်ပြုမိန့် ရှိ၊မရှိ မေးခွန်းများနှင့် စပ်လျဉ်း၍လည်းကောင်း။

### ရှင်းလင်းပြောကြား

ခန်းမအတွင်းနှင့် ခန်းမအပြင်တို့မှ မေးမြန်းတင်ပြလိုသူ ၂၂ ဦးအနက် မဲပေါက်သူ ၆ ဦးဖြစ်သည့် အမှတ် ၅ ရပ်ကွက်မှ ဒေါ်ရီဝင်းက ၎င်းပိုင်မြေကွက်အား ဝင်ရောက်ကျူးကျော်ဆောက်လုပ်နေမှုအား ဖြေရှင်းပေးရေး၊ မြောင်းကြီးကျေးရွာမှ ဒေါ်ထွေးက သိမ်းဆည်းခံမြေအတွက် လျော်ကြေးရရှိရေး၊ အမှတ် ၁၀ ရပ်ကွက်မှ ဦးတင်အောင်ကျော်က အမှတ် ၁၀ ရပ်ကွက်ရှိ တံတားအားပြန်လည်ပြုပြင်ပေးရေး၊ ဘုတ်ကုန်းကျေးရွာမှ ဦးမြသောင်းက ကျေးရွာအုပ်ချုပ်ရေးမှူးမှ ကျေးရွာပိုင်မြေအား ရောင်းချထားမှုအား ဖြေရှင်းပေးရေး၊ ကုလားမကျေးရွာမှ ဦးဖုန်းကျော်က ကုလားမကျေးရွာအုပ်စု၌ ကျေးလက်ကျန်းမားရေးဌာနခွဲ ဆောင်ရွက်ရေး၊ အမှတ် ၁ ရပ်ကွက်မှ ဒေါ်ခင်အုန်းမြင့်က ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအား မည်သည့်အချိန်နှင့် မည်သည့်အခြေအနေတွင် ပြင်ဆင်နိုင်မည်ဆိုသည်အား သိရှိလိုခြင်း မေးခွန်းများနှင့် စပ်လျဉ်း၍ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မြင့်ထွေး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများက လက်ရှိဆောင်ရွက်ပေးနိုင်မည့် အခြေအနေများ၊ ရေရှည်ဆောင်ရွက်ပေးရမည့် အခြေအနေများ၊ စိစစ်ဆောင်ရွက်ပေးသွားမည့် အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားကြသည်။

### မှတ်တမ်းတင်ဓာတ်ပုံရိုက်

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က COVID-19 သည် ကမ္ဘာတွင် ပျံ့နှံ့နေပြီး အင်မတန်အန္တရာယ်များပါကြောင်း၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ထုတ်ပြန်ချက်များကိုလည်း လေ့လာစေလိုကြောင်း၊ သတင်းစာများတွင်လည်းပါရှိပါကြောင်း၊ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ရေဒီယိုများတွင် ထုတ်ပြန်ပေးနေပါကြောင်း၊ သေချာစွာလိုက်နာစေလိုကြောင်း၊ ရောဂါဖြစ်ပွားပါက ကုသရန်ခက်ခဲပါကြောင်း၊ ဖွံ့ဖြိုးသည့်နိုင်ငံများ၌ပင် ရာဂဏန်းသေဆုံးမှုရှိပါကြောင်း၊ ထို့အတွက် မပေါ့ဆသင့်ပါကြောင်း၊ လက်မှ ကူးစက်မှုများပါကြောင်း၊ လက်ကို ပိုးသတ်ဆေးဖြင့် သေချာဆေးကြောကြစေလိုကြောင်း၊ မိမိတို့ပြည်သူများမှာ မိမိတို့နိုင်ငံအတွက် တစ်ဦးချင်းတန်ဖိုးရှိပါကြောင်း၊ တစ်ဦးမှ အပျောက်အပျက်မခံနိုင်ပါကြောင်း၊ ရွှေဘိုသူ၊ ရွှေဘိုသားများ ကျန်းမာ၊ ချမ်းသာကြပါစေကြောင်း ပြောကြားပြီး တွေ့ဆုံပွဲသို့ တက်ရောက်လာသည့် တိုင်းရင်းသား၊ တိုင်းရင်းသူလေးများနှင့် မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

### ပြန်လည်ရှင်းလင်းဖြေကြား

ယနေ့ ရွှေဘိုမြို့ ဒေသခံများနှင့် တွေ့ဆုံပွဲတွင် ကြိုတင်တင်ပြမေးမြန်းထားသည့် မေးခွန်းများအနက် ကျန်ရှိနေသည့် ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ မြေယာကိစ္စများနှင့် စပ်လျဉ်းသည့် မေးခွန်း ၂၆ ခုအား အုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူများက ပြန်လည် ရှင်းလင်းဖြေကြားဆောင်ရွက်ပေးရန် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က မှာကြားခဲ့သည်။

### ရွှေသင်္ကန်းဆက်ကပ်

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ရွှေဘိုမြို့ အောင်မြေဘုရားသို့ သွားရောက်ကာ မဟာအောင်မြေဆုတောင်းပြည့် မြတ်စွာဘုရားအား ဖူးမြော်ကြည်ညိုပြီး ပန်း၊ ရေချမ်း၊ ဆီမီးနှင့် ရွှေသင်္ကန်းဆက်ကပ်လှူဒါန်းပူဇော်သည်။

ထို့နောက် မဟာအောင်မြေဌာန၌ အောင်မြေနင်းပြီး ဘုရားဧည့်သည်မှတ်တမ်းတွင် လက်မှတ်ရေးထိုးသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် အဖွဲ့ဝင်များနှင့်အတူ ရွှေဘိုမြို့မှ ရဟတ်ယာဉ်များနှင့် ပြန်လည်ထွက်ခွာကြရာ မုံရွာမြို့သို့ ပြန်လည်ရောက်ရှိကြပြီး ထိုမှတစ်ဆင့် အထူးလေယာဉ်ဖြင့် ထွက်ခွာကြရာ ညနေပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။

**သတင်းစဉ်**

# ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေမူကြမ်းများပါ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၃၆ ပုဒ်မခွဲ(က)တွင် အကျုံးဝင်သည့် ပုဒ်မ၊ ပုဒ်မခွဲ ၁၅ ခုကို စုစည်းထားသည့် ဆန္ဒမဲလက်မှတ်(၂)နှင့် စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူဆောင်ရွက်

**နေပြည်တော် မတ် ၁၁**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၂၀ ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ တက်ရောက်ခွင့်ရှိသူ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း ၆၅၄ ဦးရှိသည့်အနက် ၆၃၅ ဦး တက်ရောက်ပြီး ၁၉ ဦးခွင့်တိုင်ကြားသည်။

အစည်းအဝေးတွင် ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေမူကြမ်းများပါ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၃၆ ပုဒ်မခွဲ(က)တွင် အကျုံးဝင်သည့် ပုဒ်မ၊ ပုဒ်မခွဲ ၁၅ ခုကို စုစည်းထားသည့် ဆန္ဒမဲလက်မှတ်(၂) နှင့် စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း အစီအစဉ်ကို ဆောင်ရွက်သည်။

## ထောက်ခံဆန္ဒမဲ ပိုများသည့် ပြင်ဆင်ချက်ကို အတည်ပြုမည်ဖြစ်ပါကြောင်း အသိပေးပြောကြား

ရှေးဦးစွာ ပြည်ထောင်စုလွှတ်တော်နာယက ဦးတီခွန်မြတ်က ယနေ့ ဆောင်ရွက်မည့် ဆန္ဒမဲလက်မှတ်(၂)နှင့် စပ်လျဉ်း၍ ထူးခြားမှုတစ်ခုအနေဖြင့် အမှတ်စဉ် (၁) တွင် ပါရှိသည့် ပုဒ်မ ၅၉ ပုဒ်မခွဲ(ဂ)တွင် ပြင်ဆင်ချက်နှစ်ခု ပါရှိပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ပြင်ဆင်ချက် နှစ်ခုလုံးကို ဆန္ဒပြုရမည် ဖြစ်ပါကြောင်း၊ ပြင်ဆင်ချက်နှစ်ခုလုံးသည် ၇၅ ရာခိုင်နှုန်းကျော် ထောက်ခံမဲရရှိပါက ထောက်ခံဆန္ဒမဲ ပိုများသည့် ပြင်ဆင်ချက်ကို အတည်ပြုမည်ဖြစ်ပါကြောင်း အသိပေးပြောကြားသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးကျော်စိုးက အတည်ပြုမည့် ဆန္ဒမဲလက်မှတ်များကို ရေတွက် အပ်နှံသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယက က ညွှန်ကြားရေးမှူးချုပ် ယူ ဆောင်လာသည့် ဆန္ဒမဲလက်မှတ် အရေအတွက် ၆၇၀ ဖြစ်ပါကြောင်း၊ ယနေ့တက်ရောက်သည့် ကိုယ်စားလှယ် ၆၃၅ ဦးဖြစ်သည့်အတွက် အပိုဆန္ဒမဲ လက်မှတ် ၃၅ စောင်ကို မိမိထံတွင် ထားရှိမည် ဖြစ်ပါကြောင်း ပြောကြားသည်။



ပြည်ထောင်စုလွှတ်တော်နာယက ဦးတီခွန်မြတ်



ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ လျှို့ဝှက်ဆန္ဒပြုခြင်းနည်းလမ်းဖြင့် ဆန္ဒမဲပေးကြစဉ်။

ဆက်လက်၍ သက်ဆိုင်ရာ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းအဖွဲ့ (၄)ဖွဲ့ တို့က တာဝန်ပေးထားသည့် အကန့်အလိုက် နေရာယူကြသည်။

ထို့နောက် ဆန္ဒမဲလက်မှတ်များကို သက်ဆိုင်ရာ ဒုတိယညွှန်ကြားရေးမှူးချုပ်က ညွှန်ကြားရေးမှူးချုပ်ထံမှ လာရောက်ထုတ်ယူပြီး အကန့်အလိုက် တာဝန်ပေးထားသည့် ဝန်ထမ်းအဖွဲ့(၄)ဖွဲ့ထံသို့ အစည်းအဝေးတက်ရောက်မှုအင်အားအတိုင်း ခွဲဝေပေးသည်။

## သတ်မှတ်နေရာတွင် လျှို့ဝှက်ဆန္ဒပြုခြင်း နည်းလမ်းဖြင့် ဆန္ဒမဲပေး

ယင်းနောက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ဦးထွန်းအောင် (ခ) ဦးထွန်းထွန်းဟိန်၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့် ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်များက သတ်မှတ်နေရာတွင် လျှို့ဝှက်ဆန္ဒပြုခြင်း နည်းလမ်းဖြင့် ဆန္ဒမဲပေးကြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက က သတ်မှတ်နေရာတွင် လျှို့ဝှက်ဆန္ဒပြုခြင်း နည်းလမ်းဖြင့် ဆန္ဒမဲပေးသည်။

ဆက်လက်၍ ဆန္ဒမဲပေးမှု ပြီးမြောက်ပြီးနောက် သက်ဆိုင်ရာ တာဝန်ခံများက ဆန္ဒမဲပုံးများကို လွှတ်တော်ကိုယ်စားလှယ်များ၏ ရှေ့မှောက်တွင် ဖွင့်လှစ်၍ ထုတ်ပေးထားသည့် ဆန္ဒမဲလက်မှတ်အရေအတွက်နှင့် ဆန္ဒမဲပုံးအတွင်းမှ ထုတ်ယူရရှိသည့်ဆန္ဒမဲ လက်မှတ်အရေအတွက်ကို စစ်ဆေးရေတွက်သည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက က လွှတ်တော်ကိုယ်စားလှယ်များထံ ထုတ်ပေးထားသည့် ဆန္ဒမဲလက်မှတ် ၆၃၅ စောင်ဖြစ်ပြီး ယခုဆန္ဒမဲပုံးထဲမှ ထုတ်ယူရရှိသည့် ဆန္ဒမဲလက်မှတ်အရေအတွက်သည်လည်း ၆၃၅ စောင်ဖြစ်သည့်အတွက် ကိုက်ညီမှုရှိသည်ကို တွေ့ရှိရပါကြောင်း၊ ထို့ကြောင့် ဆန္ဒမဲပေးပွဲ အထမြောက်ကြောင်း ကြေညာသည်။

ယင်းနောက် ပုဒ်မ၊ ပုဒ်မခွဲအလိုက် ရလဒ်ရေတွက်မှုကို ဝန်ထမ်းအဖွဲ့ (၈)ဖွဲ့ဖြင့် သတ်မှတ်နေရာအသီးသီး၌ တစ်ပြိုင်တည်း ရေတွက်ကြရာ နိုင်ငံရေးပါတီအစုအဖွဲ့အလိုက် အမည်စာရင်းပေးထားသည့် လွှတ်တော်ကိုယ်စားလှယ်များက သတ်မှတ်နေရာများ၌ ကြီးကြပ်စောင့်ကြည့်ကြသည်။

## စာရင်းချုပ်နှင့် ထောက်ခံဆန္ဒမဲအရေအတွက် ရာခိုင်နှုန်းတွက်ချက်မှုတို့ကို ဆက်လက်ဆောင်ရွက်

ဆက်လက်၍ အဖွဲ့(၈)ဖွဲ့ခွဲ၍ အသေးစိတ် စိစစ်ရေတွက်မှု ပြီးမြောက်ပြီးနောက် သက်ဆိုင်ရာရုံးအဖွဲ့နှင့် နိုင်ငံရေးပါတီအစုအဖွဲ့အလိုက် ကိုယ်စားလှယ်(၅)ဦး ပါဝင်သည့် အဖွဲ့က ကြီးကြပ်ပြီး စာရင်းချုပ်နှင့် ထောက်ခံဆန္ဒမဲအရေအတွက် ရာခိုင်နှုန်း တွက်ချက်မှုတို့ကို ဆက်လက်ဆောင်ရွက်သည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက က ယနေ့လွှတ်တော်၏ အဆုံးအဖြတ်ရယူသည့် ဥပဒေမူကြမ်းပြင်ဆင်ချက် ပုဒ်မ၊ ပုဒ်မခွဲအလိုက် ထောက်ခံဆန္ဒမဲ ရရှိမှု အရေအတွက် ၇၅ ရာခိုင်နှုန်းကျော် ရ၊ မရနှင့် လွှတ်တော်၏ ဆုံးဖြတ်ချက်တို့ကို အတည်ပြု ကြေညာရာတွင် ပုဒ်မ ၅၉ ပုဒ်မခွဲ(ဂ) ပြင်ဆင်မှုတွင် ဦးစိုင်းသန်းနိုင် တင်သွင်းသည့် ပြင်ဆင်ချက်အတွက် ထောက်ခံဆန္ဒမဲ ၂၁၄ မဲ ဖြစ်ပါကြောင်း၊ ပုဒ်မ ၅၉ ပုဒ်မခွဲ (ဂ) ပြင်ဆင်မှုတွင် ဦးထွန်းအောင် (ခေါ်) ဦးထွန်းထွန်းဟိန် တင်သွင်းသည့် ပြင်ဆင်ချက်အတွက် ထောက်ခံဆန္ဒမဲ ၄၁၅ မဲဖြစ်ပါကြောင်း၊ ပြင်ဆင်ချက် နှစ်ခုလုံး ထောက်ခံဆန္ဒမဲ ၇၅ ရာခိုင်နှုန်း မကျော်သည့်အတွက် မူလအတိုင်းဖြစ်ပါကြောင်း၊ ပုဒ်မ ၅၉ ပုဒ်မခွဲ (ဃ) ပြင်ဆင်မှုအတွက် ထောက်ခံဆန္ဒမဲ ၄၁၅ မဲဖြစ်ပြီး ထောက်ခံဆန္ဒမဲ ၇၅ ရာခိုင်နှုန်း မကျော်သည့်အတွက် မူလအတိုင်းဖြစ်ပါကြောင်း၊ ပုဒ်မ ၅၉ ပုဒ်မခွဲ(စ) ပယ်ဖျက်မှုအတွက် ထောက်ခံဆန္ဒမဲ ၃၉၃ မဲဖြစ်ပြီး ထောက်ခံဆန္ဒမဲ ၇၅ ရာခိုင်နှုန်းမကျော်သည့်အတွက် မူလအတိုင်းဖြစ်ပါကြောင်း၊ ပုဒ်မ ၁၀၉ ပုဒ်မခွဲ(ခ) ပြင်ဆင်မှုအတွက် ထောက်ခံဆန္ဒမဲ ၄၁၂ မဲဖြစ်ပြီး ထောက်ခံဆန္ဒမဲ ၇၅ ရာခိုင်နှုန်း မကျော်သည့်အတွက် မူလအတိုင်းဖြစ်ပါကြောင်း၊ ပုဒ်မ ၁၄၁ ပုဒ်မခွဲ(ခ) ပြင်ဆင်မှုအတွက် ထောက်ခံဆန္ဒမဲ ၄၁၂ မဲဖြစ်ပြီး ထောက်ခံဆန္ဒမဲ ၇၅ ရာခိုင်နှုန်း မကျော်သည့်အတွက် မူလအတိုင်းဖြစ်ပါကြောင်း။

## ထောက်ခံဆန္ဒမဲ ၇၅ ရာခိုင်နှုန်း မကျော်သည့်အတွက် မူလအတိုင်းဖြစ်

ပုဒ်မ ၁၆၁ ပုဒ်မခွဲ(ဃ) ပြင်ဆင်မှုအတွက် ထောက်ခံဆန္ဒမဲ ၄၁၄ မဲဖြစ်ပြီး ထောက်ခံဆန္ဒမဲ ၇၅ ရာခိုင်နှုန်းမကျော်သည့်အတွက် မူလအတိုင်းဖြစ်ပါကြောင်း၊ ပုဒ်မ ၂၀၁ ၏ အစုခေါင်းစဉ် ပြင်ဆင်မှုအတွက် ထောက်ခံဆန္ဒမဲ ၂၁၃ မဲဖြစ်ပြီး ထောက်ခံဆန္ဒမဲ ၇၅ ရာခိုင်နှုန်း မကျော်သည့်အတွက် မူလအတိုင်းဖြစ်ပါကြောင်း၊ ပုဒ်မ ၂၀၁ ပုဒ်မခွဲ (ဆ – ၁)အသစ်ဖြည့်စွက်မှုအတွက် ထောက်ခံဆန္ဒမဲ ၄၁၁ မဲဖြစ်ပြီး ထောက်ခံဆန္ဒမဲ ၇၅ ရာခိုင်နှုန်း မကျော်သည့်အတွက် မူလအတိုင်းဖြစ်ပါကြောင်း၊ ပုဒ်မ ၂၀၁ ပုဒ်မခွဲ (ဆ – ၂) အသစ်ဖြည့်စွက်မှုအတွက် ထောက်ခံဆန္ဒမဲ ၄၁၁ မဲဖြစ်ပြီး ထောက်ခံဆန္ဒမဲ ၇၅ ရာခိုင်နှုန်းမကျော်သည့်အတွက် မူလအတိုင်းဖြစ်ပါကြောင်း၊ ပုဒ်မ ၂၀၁ ပုဒ်မခွဲ(ဋ) ပယ်ဖျက်မှုအတွက် ထောက်ခံဆန္ဒမဲ ၄၀၉ မဲဖြစ်ပြီး ထောက်ခံဆန္ဒမဲ ၇၅ ရာခိုင်နှုန်းမကျော်သည့်အတွက် မူလအတိုင်းဖြစ်ပါကြောင်း။

ပုဒ်မ ၂၀၁ – က အသစ်ဖြည့်စွက်မှုအတွက် ထောက်ခံဆန္ဒမဲ ၂၁၆ မဲဖြစ်ပြီး ထောက်ခံဆန္ဒမဲ ၇၅ ရာခိုင်နှုန်းမကျော်သည့်အတွက် မူလအတိုင်းဖြစ်ပါကြောင်း၊ ပုဒ်မ ၂၄၈ ပုဒ်မခွဲ(ဂ) ခြေဆင်းပြင်ဆင်မှုအတွက် ထောက်ခံဆန္ဒမဲ ၂၂၆ မဲဖြစ်ပြီး ထောက်ခံဆန္ဒမဲ ၇၅ရာခိုင်နှုန်း မကျော်သည့်အတွက် မူလအတိုင်းဖြစ်ပါကြောင်း၊ ပုဒ်မ ၂၉၄ ပြင်ဆင်မှုအတွက် ထောက်ခံဆန္ဒမဲ ၄၁၃ မဲဖြစ်ပြီး ထောက်ခံဆန္ဒမဲ ၇၅ ရာခိုင်နှုန်းမကျော်သည့် အတွက် မူလအတိုင်းဖြစ်ပါကြောင်း၊ ပုဒ်မ ၄၁၀ ပြင်ဆင်မှုအတွက် ထောက်ခံဆန္ဒ မဲ ၄၀၈ မဲဖြစ်ပြီးထောက်ခံဆန္ဒမဲ ၇၅ ရာခိုင်နှုန်းမကျော်သည့်အတွက် မူလအတိုင်း ဖြစ်ပါကြောင်း၊ ပုဒ်မ ၄၁၁ ပုဒ်မခွဲ (ခ) ၏ နောက်တွင် ပုဒ်မခွဲ(ဂ) အသစ်ဖြည့်စွက်မှုအတွက် ထောက်ခံဆန္ဒမဲ ၄၁၀ မဲဖြစ်ပြီး ထောက်ခံဆန္ဒမဲ ၇၅ ရာခိုင်နှုန်းမကျော်သည့်အတွက် မူလအတိုင်းဖြစ်ပါကြောင်း ကြေညာသည်။

## ဆန္ဒမဲလက်မှတ် (၃) နှင့် စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းကို ၂၀၂၀ ပြည့်နှစ် မတ် ၁၂ ရက် ကြာသပတေးနေ့တွင် ဆက်လက်ဆောင်ရွက်မည်

ယင်းနောက်ပြည်ထောင်စုလွှတ်တော်နာယကကဖွဲ့စည်းပုံအခြေခံဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေမူကြမ်းများပါ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၃၆ ပုဒ်မခွဲ(က)တွင် အကျုံးဝင်သည့် ဆန္ဒမဲလက်မှတ်(၂)နှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းအစီအစဉ် ပြီးဆုံးပြီ ဖြစ်ပါကြောင်း၊ ဆက်လက်၍ ဆန္ဒမဲလက်မှတ် (၃) နှင့် စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းကို ၂၀၂၀ ပြည့်နှစ် မတ် ၁၂ ရက် ကြာသပတေးနေ့တွင် ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာသည်။



ဆန္ဒမဲလက်မှတ်များ ရေတွက်စဉ်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၂၁ ရက်မြောက်နေ့ကို မတ် ၁၂ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်၊ အေးအေးသန့်**
**ဓာတ်ပုံ – ထန်းဖုန်**

## ❑ ကော်မတီ၏ ရှေ့လုပ်ငန်းစဉ် ညှိနှိုင်းအစည်းအဝေးများမှ ရရှိလာသည့် ဆွေးနွေးချက်များနှင့် အကြံပြုချက်များသည် မိမိတို့နိုင်ငံ၏ ရေအရင်းအမြစ် ဘက်စုံစီမံခန့်ခွဲမှုနှင့် ရေနှင့်ဆက်နွယ်သည့်လုပ်ငန်းများ၊ ဒေသတွင်းနှင့် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် များစွာ အထောက်အကူဖြစ်စေမည်



ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်



နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်

❑ *ကျောဖုံးမှ*

ထိရောက်အကျိုးရှိစွာ ပူးပေါင်းဆောင်ရွက်မှုအတွက် အထောက်အကူပြုနိုင်ရန်၊ ရေအရင်းအမြစ်ကဏ္ဍဆိုင်ရာ လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်မှုများနှင့် ပတ်သက်၍ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန်၊ ရှေ့လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ဝိုင်းဝန်းညှိနှိုင်းဆွေးနွေးရန် ကော်မတီ၏ ရှေ့လုပ်ငန်းစဉ် ညှိနှိုင်းအစည်းအဝေးများကို ကျင်းပလျက်ရှိပါကြောင်း။

### အလေးထားဆောင်ရွက်ပေး

ညှိနှိုင်းအစည်းအဝေးများမှတစ်ဆင့် ရေနှင့်ဆက်နွယ်သည့် ဝန်ကြီးဌာန၊ အဖွဲ့အစည်းများအကြား ညှိနှိုင်းဆောင်ရွက်ရမည့် လုပ်ငန်းများနှင့်ကော်မတီ၏ ရှေ့လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်မှုနှင့် ရေဆိုင်ရာပြဿနာများ ဖြေရှင်းမှုတို့အတွက် ထိရောက်စွာ ညှိနှိုင်းဆောင်ရွက်နိုင်ခဲ့ကြပါကြောင်း၊ နှစ်စဉ်မိုးတွင်းကာလ၌ တွေ့ကြုံရလေ့ရှိသည့် ရေကြီးရေလျှံမှုများ လျော့ပါးသက်သာရေး၊ နွေရာသီ၌ ကြုံတွေ့ရလေ့ရှိသည့် ရေရှားပါးမှုအခက်အခဲများ ဖြေရှင်းရေးတို့အတွက်လည်း ကြိုတင်ပြင်ဆင် ဆောင်ရွက်နိုင်ခဲ့ ကြပါကြောင်း၊ ရေကြီးရေလျှံမှုများနှင့် ရေရှားပါးမှုပြဿနာ ရေရှည်လျော့ပါးစေရေးအတွက် လတ်တလော ဖြေရှင်းမှုများအတွက်သာမက ကာလလတ်နှင့် ကာလရှည်အတွက် ဆောင်ရွက်ရမည့်အစီအမံများ အတွက်လည်း သက်ဆိုင်ရာ ဝန်ကြီးဌာန၊ အဖွဲ့အစည်းများက လျာထားဆောင်ရွက်ကြစေလိုပါကြောင်း၊ ယခင် အစည်းအဝေး ဆုံးဖြတ်ချက်များအနက် ဆက်လက်ဆောင်ရွက်ရန်ကျန်ရှိသည့် လုပ်ငန်းများ၊ စဉ်ဆက်မပြတ်ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းများနှင့် ပတ်သက်၍လည်း အလေးထားဆောင်ရွက်ပေးကြစေလိုပါကြောင်း။

ယခုအခါ နွေရာသီကာလ ရောက်ရှိလာပြီဖြစ်သဖြင့် ယခင်နှစ်များကဲ့သို့ သောက်သုံးရေနှင့်စိုက်ပျိုးရေ ရှားပါးမှု ပြဿနာများအတွက် သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းများက တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားကြရမည်ဖြစ်ပါကြောင်း။

### ဆက်လက်ပူးပေါင်းဆောင်ရွက်

ရေဝေရေလဲဒေသများ ထိန်းသိမ်းရေး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွက် မိုးရာသီကာလ သစ်ပင်စိုက်ပျိုးခြင်းလုပ်ငန်းများကို နှစ်စဉ် အရှိန်အဟုန်မပြတ်ဆောင်ရွက်ရေး၊ ရေထုညစ်ညမ်းမှု တားဆီးကာကွယ်ရန်အတွက် မြစ်ချောင်းများ၊ ကန်များ စသည့်ရေအရင်းအမြစ်များနှင့် ရေနုတ်မြောင်းများအတွင်းသို့ အမှိုက်သရိုက်များ၊ စနစ်တကျ ပြုပြင်မထားသည့် ရေဆိုးများနှင့် စက်မှုလုပ်ငန်းသုံးရေများ စွန့်ပစ်မှုမရှိအောင် စောင့်ကြည့်ထိန်းချုပ်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာန အဖွဲ့အစည်းများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့အစည်းများ ဆက်လက်ပူးပေါင်းဆောင်ရွက်ပေးကြစေလိုပါကြောင်း။

အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီအနေဖြင့် ရေကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိရာတွင် အပြည်ပြည်ဆိုင်ရာနှင့် ဒေသတွင်းနိုင်ငံများ၊ အဖွဲ့အစည်းများလည်း ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ကော်မတီအား ဖွဲ့စည်းပြီးနောက် ရေဆိုင်ရာ လှုပ်ရှားမှုများကို ပံ့ပိုးပါဝင်ဆောင်ရွက်လျက်ရှိပါကြောင်း။

မိမိတို့ကော်မတီအနေဖြင့် အမျိုးသားရေဥပဒေ ပေါ်ပေါက်ရေးအတွက် ကော်မတီ၏ အကြံပေးအဖွဲ့နှင့် Task Force အဖွဲ့တို့က ဆောင်ရွက်လျက်ရှိရာ ဥပဒေမူကြမ်းအား အင်္ဂလိပ်ဘာသာဖြင့် ပြုစုပြီးဖြစ်ပြီး မြန်မာဘာသာသို့ ပြန်ဆိုလျက်ရှိပါကြောင်း၊ နိုင်ငံအတွက် အရေးတကြီးလိုအပ်နေသည့် အမျိုးသားရေဥပဒေပြဋ္ဌာန်းနိုင်ရေးအတွက် အချိန်မီပြီးစီးအောင် ဆက်လက်ဆောင်ရွက်သွားကြရမည်ဖြစ်ပြီး တည်ဆဲဥပဒေများ၊ နည်းဥပဒေများနှင့်လည်း ချိတ်ဆက်နိုင်ရေး အလေးထားဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ ရေနှင့်ဆက်နွယ်သည့် ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများအနေဖြင့် နောက်ပိုင်းတွင် ရေနှင့်ဆက်နွယ်သည့် ဥပဒေ၊ နည်းဥပဒေများ မူကြမ်းပြုစုရာ၌ အမျိုးသားရေဥပဒေနှင့် ချိတ်ဆက်ဆောင်ရွက်ကြစေလိုပါကြောင်း။

ကမ္ဘာ့ဘဏ်၏ ချေးငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် ဧရာဝတီမြစ်ဝှမ်း ဘက်စုံစီမံခန့်ခွဲမှု စီမံကိန်းတွင် အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီရုံးနှင့် Hydro Informatic Center အဆောက်အဦ တည်ဆောက်ရေးအတွက် ဆောင်ရွက်လျက်ရှိရာ ပန္နက်တင်မင်္ဂလာအခမ်းအနားကို ၂၀၁၉ ခုနှစ် ဒီဇင်ဘာလအတွင်း ကျင်းပခဲ့ပြီး တည်ဆောက်ရေးလုပ်ငန်းများ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း။

### ဘဏ္ဍာငွေများစွာ ကျခံ

နိုင်ငံတော်အနေဖြင့် ရေကဏ္ဍအပါအဝင် ကဏ္ဍစုံတွင် ဖွံ့ဖြိုးတိုးတက်စေရန် နှစ်စဉ် ဘဏ္ဍာငွေများစွာကို ကျခံဆောင်ရွက်လျက်ရှိရာ ပြည်သူများအတွက် အကျိုးရှိစေမည့် စီမံကိန်းလုပ်ငန်းများ အချိန်မီပြီးစီးရန်နှင့် မြစ်ဝှမ်းဒေသအလိုက် လွှမ်းခြုံသည့်အမြင်ဖြင့် ပူးပေါင်းဆောင်ရွက်ကြရန် အလေးထားဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာန အဖွဲ့အစည်းအလိုက် တာဝန်ယူဆောင်ရွက်နေကြသည့် စီမံကိန်းလုပ်ငန်းများနှင့် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုများနှင့် ပတ်သက်၍ ဆက်နွယ်သည့် ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများက ဆက်လက်ပူးပေါင်းပါဝင် ဆောင်ရွက်ကြစေလိုပါကြောင်း။

### ဝိုင်းဝန်းဆွေးနွေး

နိဂုံးချုပ်အနေဖြင့် ယနေ့အစည်းအဝေးသို့ တက်ရောက်လာကြသည့် ကော်မတီဝင်များ၊ ဝန်ကြီးဌာန အဖွဲ့အစည်းများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များမှ ကိုယ်စားလှယ်များအနေဖြင့် မိမိတို့အဖွဲ့အစည်းမှ ဆောင်ရွက်နေသည့် ရေနှင့်ဆက်နွယ်သည့် လုပ်ငန်းဆောင်ရွက်မှုများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများ၊ အခြားဝန်ကြီးဌာန အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ရန် ကိစ္စရပ်များ၊ ကော်မတီ၏ ရှေ့ဆက်လက်ဆောင်ရွက်သင့်သည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ဝိုင်းဝန်းဆွေးနွေး အကြံပြုပေးကြစေလိုပါကြောင်း၊ နိုင်ငံနှင့်ပြည်သူများအတွက် အကျိုးရှိစေမည့် ရေအရင်းအမြစ် ဘက်စုံစီမံခန့်ခွဲမှုနှင့် ရေကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း အားလုံးဆက်လက်ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

### ဆောင်ရွက်ပြီးစီးမှုရှင်းလင်း

ထို့နောက် ကော်မတီဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က ရေကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်းများ၊ အမျိုးသား ရေဥပဒေထွက်ပေါ်လာရေးနှင့် စပ်လျဉ်းသည့် အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ ယခင်အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အခြေအနေများ၊ နွေရာသီ ရေရှားပါးမှုနှင့် မိုးရာသီ ရေကြီးရေလျှံမှုများအတွက် ကြိုတင်ပြင်ဆင် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ မြစ်ချောင်းထိန်းသိမ်းမှုနှင့် ရေထုညစ်ညမ်းမှု ကာကွယ်တားဆီးရေး အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ကော်မတီတွဲဖက်အတွင်းရေးမှူး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးဝင်းလှိုင်က အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီ (၃/၂၀၁၉) အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှု၊ အမျိုးသားရေဥပဒေပြုစုရေး လုပ်ငန်းများ ဆောင်ရွက်နေမှု၊ နိုင်ငံတကာ၊ ဒေသတွင်းအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုနှင့် ကော်မတီ၏ ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အကြံပေးအဖွဲ့အတွင်းရေးမှူး ဒေါက်တာခင်နီနီသိန်းက Hydro Informatic Centerတည်ဆောက်ပြီးစီးမှု၊ လူငယ်ရေပညာရှင်များလေ့ကျင့်ပျိုးထောင်ရေး အစီအစဉ်၊ နိုင်ငံတကာနှင့် ပူးပေါင်း၍ ရေဆိုင်ရာသုတေသနလုပ်ငန်းများ ဆောင်ရွက်မှု၊ ခေတ်နှင့်အညီ စံမီသော ရေစီမံခန့်ခွဲမှုစနစ် ဆောင်ရွက်နေမှု၊ Myanmar Official Water Portal Websiteဆောင်ရွက်ထားမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

### ဖြည့်စွက်ရှင်းလင်းဆွေးနွေး

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများက မြစ်ကမ်းထိန်းသိမ်းရေးနှင့် ရေလမ်းကြောင်းကောင်းမွန်စေရေးတို့အတွက် ဘဏ္ဍာငွေလျာထားမှု၊ ညစ်ညမ်းရေများကို စနစ်တကျ စီမံခန့်ခွဲမှု၊ ရေဆိုးစွန့်ပစ်မှုနှင့် ရေပေးဝေမှုလုပ်ငန်းများ၊ သစ်တောများနှင့် ရေသယံဇာတ အရင်းအမြစ်များ ထိန်းသိမ်းစောင့်ရှောက်မှု၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိပညာပေးဟောပြောပွဲများ ကျင်းပမှု၊ မြစ်ချောင်းများ ရေစီးရေလာကောင်းမွန်စေရေး ဆောင်ရွက်ထားရှိမှု၊ ရေနှင့်ဆက်နွယ်သည့် လုပ်ငန်းများဆောင်ရွက်ထားရှိမှု၊ ယခင် အစည်းအဝေး ဆုံးဖြတ်ချက်များနှင့်ပတ်သက်၍ သက်ဆိုင်ရာဝန်ကြီးဌာန၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက်ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းဆွေးနွေးတင်ပြကြပြီး ကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်၊ ဒုတိယဝန်ကြီး ဦးတင်မြင့်နှင့် ဦးမောင်မောင်ဝင်းတို့က ဖြည့်စွက်ရှင်းလင်းဆွေးနွေးကြသည်။

### ပေါင်းစပ်ညှိနှိုင်းပေး

ယင်းနောက် အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက ရှင်းလင်းဆွေးနွေးအကြံပြုတင်ပြချက်များနှင့် စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းပေးကာ မိမိတို့ကော်မတီ၏ ရှေ့လုပ်ငန်းစဉ် ညှိနှိုင်းအစည်းအဝေးများမှ ရရှိလာသည့် ဆွေးနွေးချက်များနှင့် အကြံပြုချက်များသည် မိမိတို့နိုင်ငံ၏ ရေအရင်းအမြစ်ဘက်စုံစီမံခန့်ခွဲမှုနှင့် ရေနှင့်ဆက်နွယ်သည့်လုပ်ငန်းများ၊ ဒေသတွင်းနှင့် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် များစွာ အထောက်အကူဖြစ်စေမည် ဖြစ်ပါကြောင်း။

မိမိတို့ကော်မတီအနေဖြင့် နိုင်ငံ၏ စီးပွားရေး၊ လူမှုရေး ဖွံ့ဖြိုးတိုးတက်စေရန် ရေနှင့်ဆက်နွယ်နေသည့် ကဏ္ဍများတွင် ပံ့ပိုးဆောင်ရွက်လျက်ရှိရာ ရေအရင်းအမြစ်များ ရေရှည် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ရေကဏ္ဍတိုးတက်စေရေး အတွက် ပြည်သူများ၏ အသံကိုပါ အလေးထားနားထောင်၍ ပူးပေါင်းညှိနှိုင်းဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ ကော်မတီ၏ လုပ်ငန်းတာဝန်များနှင့် ရေအရင်းအမြစ်စီမံခန့်ခွဲမှုလုပ်ငန်းများ အောင်မြင်စွာ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် အားလုံးတက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးကြဖို့ တိုက်တွန်းပါကြောင်း ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

---

❍ *ကျောဖုံးမှ*

ကလိုစတာမန်း၊ မူကီလီ၊ အူပါမီကာနို၊ လီမာ၊ အိန်ဂျယ်လီနို၊ ဆာဘစ်ဇာ၊ အင်န်ခွန်လူ၊ ဝါနာစသည်ဖြင့် အတောင့်အတင်းဆုံးပုံစံကို အသုံးပြုကာ ပွဲထွက်လာခဲ့သည်။

ယနေ့ပွဲမတိုင်မီ ပြိုင်ပွဲအရပ်ရပ် နိုင်ပွဲပျောက်ဆုံးမှုနှင့် ရင်ဆိုင်နေရသော စပါးအသင်းသည် ယနေ့ပွဲတွင်လည်း ထင်သလောက် ခြေစွမ်းပြသနိုင်ခြင်းမရှိဘဲ လိုက်ပ်ဇစ်အသင်း၏ ဖိအားပေးမှုကိုသာ ခံခဲ့ရသည်။ အဓိက ကစားသမားများဖြစ်သည့် ဟယ်ရီကိန်း၊ ဆွန်ဟောင်မင်တို့ ဒဏ်ရာပြဿနာများနှင့်ကြုံတွေ့နေရခြင်းက စပါးနည်းပြ မော်ရင်ညိုအတွက် အခက်တွေ့စေခဲ့သည်။ လိုက်ပ်ဇစ်အသင်းသည် စပါးအသင်းကို ဂိုးပေါက်ကန်သွင်းမှုအသာ၊ ဘောလုံးပိုင်ဆိုင်မှုအသာဖြင့် ကစားနိုင်ခဲ့သည်။ ပထမပိုင်း ပွဲကစားချိန် ၁၀ မိနစ်မှာပင် လိုက်ပ်ဇစ်အသင်းက ဦးဆောင်ဂိုး ရရှိခဲ့သည်။ ယင်းဂိုးကို ဆာဘစ်ဇာက ဝါနာ၏ ဖန်တီးပေးမှုမှတစ်ဆင့် သွင်းယူပေးနိုင်ခဲ့သည်။ ဒုတိယဂိုးကို ပွဲကစားချိန် ၂၁ မိနစ်တွင် အိန်ဂျယ်လီနို၏ ဖန်တီးပေးမှုမှတစ်ဆင့် ဆာဘစ်ဇာကပင် သွင်းယူပေးနိုင်ခဲ့၍ ပထမပိုင်းပွဲကစားချိန်အတွင်း စပါးအသင်းကို နှစ်ဂိုးပြတ် ဦးဆောင်ထားနိုင်ခဲ့သည်။

ဒုတိယပိုင်းပွဲကစားချိန်တွင်လည်း စပါးအသင်း၏ ကစားအားတိုးတက်လာခြင်းမရှိဘဲ လိုက်ပ်ဇစ်အသင်း၏ ထိုးဖောက်မှုများကိုသာ အကြိမ်ကြိမ်ခုခံကာကွယ်ခဲ့ရသည်။ စပါးအသင်းသည် မိနစ် ၈၀ အရောက်တွင် ဆဲလ်ဆို၏ နေရာကို ဂက်ဆင် ဖာနန်ဒက်ဇ်ဖြင့် အစားထိုးခဲ့သော်လည်း လိုအပ်နေသည့် ဂိုးများ မရရှိခဲ့ဘဲ လိုက်ပ်ဇစ်အသင်းကသာ ဂိုးထပ်မံရရှိခဲ့သည်။ လိုက်ပ်ဇစ်အသင်းအတွက် တတိယဂိုးကို ဒုတိယပိုင်းပွဲကစားချိန် ၈၇ မိနစ် အရောက်တွင် ဖော့စ်ဘတ်က သွင်းယူပေးနိုင်ခဲ့သည်။

စပါးနည်းပြမော်ရင်ညိုသည် ချန်ပီယံလိဂ်တွင် ပထမဆုံးအကြိမ်အဖြစ် သုံးပွဲဆက် ရှုံးပွဲကြုံတွေ့ခဲ့ရခြင်းဖြစ်သည်။ လိုက်ပ်ဇစ်အသင်းမှ ဆာဘစ်ဇာသည် ၎င်း၏ ချန်ပီယံလိဂ်နောက်ဆုံး ၁၀ ပွဲတွင် ဂိုးပါဝင်ပတ်သက်မှု ရှစ်ဂိုးအထိရှိခဲ့ပြီး လေးဂိုးသွင်းယူကာ လေးဂိုးဖန်တီးပေးနိုင်ခဲ့သည်။ စပါးအသင်းသည် ယခုနှစ်ရာသီတွင် ဂျာမန်ပြိုင်ဘက်များဖြစ်သည့် ဘိုင်ယန်မြူးနစ်နှင့် လိုက်ပ်ဇစ်အသင်းတို့ကို နှစ်ကျော့စလုံးရှုံးနိမ့်ခဲ့သည့် မှတ်တမ်းလည်း ပိုင်ဆိုင်ခဲ့သည်။ လိုက်ပ်ဇစ်အသင်းသည် ချန်ပီယံလိဂ်ကွာတားဖိုင်နယ်သို့ ဘိုင်ယန်မြူးနစ်၊ ဒေါ့မွန်၊ လေဗာကူဆင်၊ ကိုင်ဆာ ဆလာတန်၊ ရှော်ကေးနှင့် ဝုဗ်ဘတ်တို့ ပြီးလျှင် ခုနစ်သင်းမြောက်အသင်းအဖြစ်လည်း မှတ်တမ်းဝင်ခဲ့ဖြစ်သည်။ စပါးအသင်းသည် လာမည့်ပွဲစဉ်အဖြစ် မတ် ၁၅ ရက်တွင် ပရီမီယာလိဂ်၌ မန်ယူအသင်းနှင့် ယှဉ်ပြိုင်ကစားသွားရမည်ဖြစ်သည်။

အခြားသော ပွဲစဉ်အဖြစ် ဗလင်စီယာနှင့် အတ္တလန်တာအသင်းတို့ပွဲစဉ်တွင် အတ္တလန်တာအသင်း လေးဂိုး-သုံးဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး နှစ်ကျော့ပေါင်းရလဒ် ရှစ်ဂိုး-လေးဂိုးဖြင့် အတ္တလန်တာအသင်းက ကွာတားဖိုင်နယ်အဆင့်သို့ တက်လှမ်းနိုင်ခဲ့သည်။

**အောင်ဇော်**

# ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းနှင့် ဦးသောင်းထွန်း အာရှ-ပစိဖိတ်ဒေသ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးအဖွဲ့(APG)နှင့် တွေ့ဆုံ

**နေပြည်တော် မတ် ၁၁**

စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်သူနှင့် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆက်အောင်တို့သည် အာရှ-ပစိဖိတ်ဒေသ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးအဖွဲ့ (APG)မှ Director Mr. David Shannon နှင့်အဖွဲ့အား ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ မြတ်တော်ဝင်ဟိုတယ်၌ တွေ့ဆုံသည်။ (ယာပုံ)



### ငွေကြေးခဝါချမှုဖြစ်စဉ်များ စုံစမ်းဖော်ထုတ်နိုင်ရေး

တွေ့ဆုံစဉ် ၂၀၁၈ ခုနှစ် နိုင်ငံအချင်းချင်း အပြန်အလှန်အကဲဖြတ်မှု အစီရင်ခံစာ (Mutual Evaluation Report–MER) တွင် မြန်မာနိုင်ငံ၏ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးတွင် လိုက်နာမှုအားကောင်းရန် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ် ၉၉ ချက်အနက် လုပ်ငန်းစဉ်များကို အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့ပြီးနောက် ကျန်ရှိသည့် လုပ်ငန်းစဉ် ရှစ်ချက်ကို လာမည့် ၁၅ လအတွင်း အကောင်အထည်ဖော် ဆောင်ရွက်သွားမည့် အခြေအနေများ၊ မြန်မာနိုင်ငံ၏ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေး ကိစ္စရပ်များအား ပုဂ္ဂလိကကဏ္ဍ (Private Sector) နှင့် ပြည်သူများ နားလည်သဘောပေါက်ပြီး ပူးပေါင်းပါဝင်ဆောင်ရွက်လာစေရေးဆိုင်ရာကိစ္စရပ်များနှင့် သက်ဆိုင်ရာဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းများဖြင့် ကြပ်မတ်ဆောင်ရွက်ရာတွင် တိကျစွာ လိုက်နာဆောင်ရွက်နိုင်ရေးအတွက် ကြီးကြပ်ကွပ်ကဲဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ ယင်းကိစ္စရပ်များအား အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဗဟိုအဖွဲ့ (Financial Intelligence Unit – FIU)တွင် အင်အားတိုးမြှင့် ဆောင်ရွက်ရမည့်အခြေအနေများ၊ ငွေကြေးခဝါချမှုဖြစ်စဉ်များ စုံစမ်းဖော်ထုတ်နိုင်ရေးအတွက် နိုင်ငံပိုင်နှင့် ပုဂ္ဂလိကဘဏ်များ ပူးပေါင်းဆောင်ရွက်မည့်အခြေအနေများ၊ နည်းပညာပိုင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ၊ ဘဏ္ဍာရေးနှင့် ငွေရေး ကြေးရေးကဏ္ဍတွင် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံတော် ဗဟိုဘဏ်တို့ ပူးပေါင်းဆောင်ရွက်သွားမည့်အခြေအနေများကို ဆွေးနွေးကြသည်။

အာရှ-ပစိဖိတ်ဒေသ ငွေကြေးခဝါချမှု တိုက်ဖျက်ရေးအဖွဲ့ (APG)မှ ကိုယ်စားလှယ်များသည် မြန်မာနိုင်ငံ၏ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ Strategic Implementation Planning အကောင်အထည်ဖော်မှုဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ငွေကြေးဆိုင်ရာ အရေးယူဆောင်ရွက်ရေးအဖွဲ့ (Financial Action Task Force – FATF) အောက်ရှိ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု လေ့လာသုံးသပ်ရေးအဖွဲ့ (International Cooperation Review Group–ICRG)၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများဆိုင်ရာ ရှင်းလင်းဆွေးနွေးပွဲများ ကျင်းပနိုင်ရေးအတွက် မြန်မာနိုင်ငံသို့ မတ် ၉ ရက်မှ ၁၂ ရက်အထိ လာရောက်လျက်ရှိသည်။

### ပြည်သူများ ပိုမိုနားလည်သိမြင်လာပြီး ပူးပေါင်းဆောင်ရွက်လာနိုင်စေရေး

ရှင်းလင်းဆွေးနွေးပွဲများကို နေပြည်တော်နှင့် ရန်ကုန်မြို့များတွင် ကျင်းပပြုလုပ်လျက်ရှိပြီး ဆွေးနွေးပွဲများတွင် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာလုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လိုက်နာဆောင်ရွက်မှု အားကောင်းလာစေရေးနှင့် ယင်းလုပ်ငန်းစဉ်များအား ပြည်သူများ ပိုမိုနားလည်သိမြင်လာပြီး ပူးပေါင်းပါဝင်ဆောင်ရွက်လာနိုင်စေရေးဆိုင်ရာ ကိစ္စရပ်များအား အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍတို့မှ ကိုယ်စားလှယ်များနှင့် ညှိနှိုင်းဆွေးနွေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# စတုတ္ထအကြိမ် မဏ္ဍိုင်(၄)ရပ် အလုပ်ရုံဆွေးနွေးပွဲ ပထမအကြိမ် အကြိုတွေ့ဆုံညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် မတ် ၁၁

**စတုတ္ထအကြိမ် မဏ္ဍိုင်(၄)ရပ် အလုပ်ရုံဆွေးနွေးပွဲ ပထမအကြိမ်အကြို တွေ့ဆုံညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။**



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် စတုတ္ထအကြိမ် မဏ္ဍိုင်(၄)ရပ် အလုပ်ရုံဆွေးနွေးပွဲ ပထမအကြိမ်အကြို တွေ့ဆုံညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

အစည်းအဝေးသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ဒုတိယဝန်ကြီး ဦးအောင်လှထွန်း၊ အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ ပြည်ထဲရေးဝန်ကြီးဌာန၊ တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့တို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

### တွေ့ဆုံဆွေးနွေး အဖြေရှာရန်

အစည်းအဝေးတွင် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က မဏ္ဍိုင် (၄) ရပ် တွေ့ဆုံပွဲများကို ပြုလုပ်လာခဲ့သည်မှာ ယခုအကြိမ်နှင့်ဆိုလျှင် လေးကြိမ်မြောက်ရှိသွားပြီ ဖြစ်ပါကြောင်း၊ တွေ့ဆုံရသည့် ရည်ရွယ်ချက်မှာ နိုင်ငံသားများ၏ သတင်းသိပိုင်ခွင့်ကို ဖြည့်ဆည်းရန်၊ သတင်းမီဒီယာသမားများ၏ ရပိုင်ခွင့်နှင့် လွတ်လပ်ခွင့်များ အပြည့်အဝရရှိစေရန်အတွက် အုပ်ချုပ်ရေးမဏ္ဍိုင်၊ ဥပဒေပြုရေးမဏ္ဍိုင်၊ တရားစီရင်ရေးမဏ္ဍိုင်တို့နှင့် သတင်းမီဒီယာသမားများအကြား တွေ့ဆုံဆွေးနွေး အဖြေရှာရန်၊ မဏ္ဍိုင်တစ်ရပ်ချင်းစီ၏ လုပ်ငန်းသဘာဝနှင့် သတင်းမီဒီယာလုပ်ငန်း သဘာဝတို့ကို အချင်းချင်းအပြန်အလှန် အသိအမှတ်ပြု လက်ခံကာ ပူးပေါင်းညှိနှိုင်းခြင်းဖြင့် ပိုမိုပွင့်လင်းမြင်သာမှုရှိသည့် ပြည်သူ့အကျိုးပြုစနစ် Good Governance ပေါ်ထွန်းရေးအတွက် အထောက်အကူပြုရန်နှင့် တတိယအကြိမ် မဏ္ဍိုင် (၄) ရပ် အလုပ်ရုံဆွေးနွေးပွဲမှ ရလဒ်များအား ပြန်လည်သုံးသပ်ရန်အတွက် ဖြစ်ပါကြောင်း။

### ဥပဒေဘောင်အတွင်းမှ ဝေဖန်

စတုတ္ထမဏ္ဍိုင်ဖြစ်သည့် မီဒီယာများသည် နိုင်ငံတော်အာဏာကို ခွဲဝေကျင့်သုံးနေသည့် မဏ္ဍိုင် (၃)ရပ်တွင်ရှိသည့် ပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများနှင့် ပတ်သက်၍ ဥပဒေဘောင်အတွင်းမှ ဝေဖန်ရေးသားပိုင်ခွင့် ရှိပါကြောင်း၊ အလုပ်ရုံဆွေးနွေးပွဲ ပြုလုပ်ခြင်းအားဖြင့် စတုတ္ထမဏ္ဍိုင်အနေဖြင့် သတင်းရယူရာ၌ အဆင်ပြေချောမွေ့ရေးအတွက် ပြောဆိုဆွေးနွေး ခွင့်ရသလို မိမိတို့ မဏ္ဍိုင် (၃) ရပ်အနေဖြင့်လည်း စတုတ္ထမဏ္ဍိုင်နှင့် ထိတွေ့ရာတွင် ပိုမိုအဆင်ပြေရန် ညှိနှိုင်းဆောင်ရွက်နိုင်သည့် အခွင့်အရေးရှိလာမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ ပြည်ထဲရေးဝန်ကြီးဌာန၊ တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့၊ ပြန်ကြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်နှင့် သတင်းထုတ်ပြန်ရေးအဖွဲ့တို့မှ တာဝန်ရှိသူများက ကဏ္ဍအလိုက် ဆောင်ရွက်နေမှုများနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြသည်။

### အထွေထွေ အကြံပြုဆွေးနွေး

ထို့နောက် ဒုတိယဝန်ကြီး ဦးအောင်လှထွန်းနှင့် တာဝန်ရှိသူများက အထွေထွေ အကြံပြုဆွေးနွေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က နိဂုံးချုပ် အမှာစကားပြောကြားခဲ့သည်။

**သတင်းစဉ်**



# e-Government အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီရုံးသစ်ဖွင့်

**မော်လမြိုင် မတ် ၁၁**

မွန်ပြည်နယ်အစိုးရအဖွဲ့ e– Government အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီရုံးသစ် ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့က မော်လမြိုင်မြို့ အစိုးရအဖွဲ့ရုံးဘောရှိ အဆိုပါရုံးသစ်၌ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများနှင့် ဖိတ်ကြားထားသောဧည့်သည်တော်များတက်ရောက်ကြသည်။

e– Government အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီရုံး အဆောက်အအုံသစ် အာစီနစ်ထပ်ကို ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံနှင့် ပြည်နယ်ဝန်ကြီးများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး(**အပေါ်ပုံ**) အဆောက်အအုံသစ်ကမ္ပည်းမော်ကွန်းကို ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းခဲ့ကြသည်။

**ဝေလင်း(ပြန်/ဆက်)**

# အရည်အသွေးရှိသော ရုပ်ရှင်ဇာတ်ကားများ ရုံရက်ချိတ် မစောင့်ဆိုင်းရဘဲ ရုံတင်ပြသခွင့်ရရှိ

**ရန်ကုန် မတ် ၁၁**

အချစ်နှင့်ထိရင်ကြွေ၊ နှင်းဆီပန်းသူ၊ အလှည့်၊ လူကောင်းလေးရဲ့ နတ်သမီး ရုပ်ရှင်ဇာတ်ကားလေးကားကို ရုပ်ရှင်ရုံအုပ်စုကြီး နှစ်ခုပိုင်ရုပ်ရှင်ရုံများနှင့် တစ်ဦးချင်းပိုင် ရုပ်ရှင်ရုံများတွင် လာမည့်ဧပြီ ၂ ရက် မှ မေ ၁၄ ရက်အတွင်း ပြသရန် ရွေးချယ်သတ်မှတ်ခဲ့ကြသည်။

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၏ စီစဉ်မှုဖြင့် မြန်မာရုပ်ရှင်ဇာတ်ကားများ ပြသရေးညှိနှိုင်းမှု ကော်မတီ၏ ယမန်နေ့က ပြုလုပ်သည့် ရက်သတ္တပတ်ခြောက်ပတ်လျှင် တစ်ကြိမ်ညှိနှိုင်းအစည်းအဝေးမှ ရွေးချယ်မှုတွင် ထိုကဲ့သို့ ရွေးချယ်သတ်မှတ်ခဲ့ခြင်းဖြစ်ကြောင်း ရွေးချယ်ထားမှုတွင် ကံ့ကော်နီ၊ လူထဲကလူ၊ နှင်းဆီစီးချင်း၊ သရွှီး ရုပ်ရှင်ဇာတ်ကားများကို မင်္ဂလာရုပ်ရှင်ရုံအုပ်စုရှိ ရုံများမှလည်းကောင်း၊ အစိုးမရအနတ္တ၊ လိပ်ပြာထောင်ချောက်၊ ကျားနှင့်ဆင်၊ ရင်ဗုက်အကွာရာ ရုပ်ရှင်ဇာတ်ကားများကို JCGV ရုပ်ရှင်ရုံအုပ်စုနှင့် Mega Ace ရုပ်ရှင်ရုံအုပ်စုရှိ ရုပ်ရှင်ရုံများကလည်းကောင်း ရွေးချယ်ခဲ့ကြခြင်းဖြစ်သည်။

အဆိုပါ ရွေးချယ်ခဲ့ကြသော ရုပ်ရှင်ဇာတ်ကားများတွင် ၂၀၁၆ နှင့် ၂၀၁၇ ခုနှစ်များတွင် ဆင်ဆာခွင့်ပြုထားရှိမှုမှ နှစ်ကားစီဖြင့် ပေါင်းလေးကား၊ ၂၀၁၈ ခုနှစ်တွင် ဆင်ဆာခွင့်ပြုထားရှိမှုမှ တစ်ကား၊ ၂၀၁၉ ခုနှစ် တွင် ဆင်ဆာခွင့်ပြုထားရှိမှုမှ လေးကား၊ ၂၀၂၀ ပြည့်နှစ်တွင် ဆင်ဆာခွင့်ပြုထားရှိမှုမှ သုံးကား စုစုပေါင်း ရုပ်ရှင်ဇာတ်ကား ၁၂ ကားဖြစ်ကြောင်း တွေ့ရှိရသဖြင့် အရည်အသွေးရှိသည့် ရုပ်ရှင်ဇာတ်ကားကောင်းများကို ဦးစားပေးရွေးချယ်သကဲ့သို့ ယခင်နှစ်များက ပြသရန်ကျန်ရှိသည့် ရုပ်ရှင်ဇာတ်ကားများမှလည်း ရွေးချယ်သတ်မှတ်ကြောင်း တွေ့မြင်ရသည်။

ယခုအခါ နိုင်ငံတစ်ဝန်းတွင် ရုပ်ရှင်ရုံနှင့် ပိတ်ကားအရေအတွက် စုစုပေါင်း ၂၁၁ ခုအထိ တိုးတက်လာသကဲ့သို့ အရည်အသွေးရှိသော ရုပ်ရှင်ဇာတ်ကားအရေအတွက်လည်း တိုးတက်ပါဝင်လာသဖြင့် မြန်မာ့ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်လာကြောင်း သိရသည်။ **နီနီချို (FDC)**

# (၃၄)ကြိမ်မြောက် မဟာဘွဲ့နှင်းသဘင်အခမ်းအနား ကျင်းပ

**နေပြည်တော် မတ် ၁၁**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက ကြီးမှူးကျင်းပသော (၃၄)ကြိမ်မြောက် မဟာဘွဲ့နှင်းသဘင် အခမ်းအနားကို ယနေ့ မွန်းတည့် ၁၂ နာရီတွင် နေပြည်တော် ဥပ္ပါတသန္တိစေတီတော် ပရိဝုဏ်အတွင်းရှိ သာသနဗိမာန်တော်ကြီး၌ ကျင်းပသည်။

အခမ်းအနားတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မဟာအောင်မြေမြို့နယ် မစိုးရိမ်တိုက်သစ် ဆရာတော် ဘဒ္ဒန္တ ကေသရာဘိဝံသ ထံမှ ဩဝါဒကထာကို နာယူကြည်ညိုကြသည်။



(၃၄)ကြိမ်မြောက် မဟာဘွဲ့နှင်းသဘင် အခမ်းအနား ကျင်းပစဉ်။ သတင်းစဉ်

ထံမှ ဥပ္ပါတသန္တိဟူသော ငါးပါးသီလ ခံယူဆောက်တည်ကြပြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ သန်လျင်မြို့ မင်းကျောင်းပထမပြန်စာသင်တိုက် ဆရာတော် ဘဒ္ဒန္တ စန္ဒိမာဘိဝံသ ထံမှ သမ္ဗောဒနီယ သာရဏီယ ဩဝါဒကထာကို နာယူကြည်ညိုကြသည်။

ထို့နောက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက သာသနာရေးဆိုင်ရာများကို လျှောက်ထားပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ဇနီး၊ နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူးနှင့် ဇနီး၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ဇနီးတို့က သန်လျင်မြို့ မင်းကျောင်းပထမပြန်စာသင်တိုက်ဆရာတော်၊ မစိုးရိမ်တိုက်သစ်ဆရာတော်နှင့် မော်ကျွန်းဆရာတော်တို့ထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

**အောင်လက်မှတ် ဆက်ကပ်လှူဒါန်း**

ယင်းနောက် ဓမ္မာစရိယ၊ ပထမပြန်၊ နိကာယ်စာမေးပွဲ အထူးအောင် သံဃာတော်များအား အောင်လက်မှတ်နှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက ဓမ္မာစရိယတန်းတွင် အဂ္ဂမဟာအကျော်ဘွဲ့ရ အရှင်ကာရဏိက၊ ဒုတိယဂုဏ်ထူးရ အရှင်ကောဝိဒနှင့် တတိယဂုဏ်ထူးရ အရှင်ယသဗလတို့ထံ အောင်လက်မှတ်နှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် မြင့်မော်က ပထမကြီးတန်းတွင် ပထမကျော်ဘွဲ့ရ အရှင်ဥတ္တမာလင်္ကာရ၊ ဒုတိယဂုဏ်ထူးရ အရှင်သီလာနန္ဒာလင်္ကာရ၊ တတိယဂုဏ်ထူးရ ရှင်ခေမာစာရာလင်္ကာရတို့ထံ လည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်သူက ပထမလတ်တန်းတွင် ပထမဂုဏ်ထူးရ ရှင်အဘိဇာတာလင်္ကာရ၊ ဒုတိယဂုဏ်ထူးရ ရှင်မာနိတာလင်္ကာရ၊ တတိယဂုဏ်ထူးရ ရှင်ဓမ္မသာမီလင်္ကာရတို့ထံ လည်းကောင်း၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကြည်မင်းက ပထမငယ်တန်းတွင် ပထမဂုဏ်ထူးရ ရှင်နေမိန္ဒ၊ ဒုတိယဂုဏ်ထူးရ ရှင်ဆန္ဒာဓိက၊ တတိယဂုဏ်ထူးရ ရှင်ကုန္ဒကတို့ထံ အောင်လက်မှတ်နှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ နေပြည်တော် ကောင်စီဝင်များနှင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်တို့က ခုဒ္ဒကနိကာယ (သုတ္တန္တပိဋက) ပထမ၊ ဒုတိယ ဂုဏ်ထူးရနှင့် အခြေပြုမူလတန်း ပထမ၊ ဒုတိယ ဂုဏ်ထူးရ အရှင်သူမြတ်များ၊ ဝိနယဝိဒူ ပထမ၊ ဒုတိယ၊ တတိယ ဂုဏ်ထူးရအရှင်သူမြတ်များ၊ အင်္ဂုတ္တရ နိကာယ ပထမ၊ ဒုတိယ၊ တတိယ ဂုဏ်ထူးရနှင့် ဒီဃနိကာယ် ပထမ၊ ဒုတိယ၊ တတိယ ဂုဏ်ထူးရ အရှင်သူမြတ်များထံ အောင်လက်မှတ်နှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

**လှူဖွယ်ပစ္စည်းများ ဆက်ကပ်**

ယင်းနောက် ဓမ္မာစရိယ၊ ပထမပြန်၊ ဝိဒူတန်း အထူးအောင် သီလရှင်များအား အောင်လက်မှတ် ဆက်ကပ်ရာတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ဇနီး၊ နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး၏ ဇနီး၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၏ ဇနီးတို့က ဓမ္မာစရိယတန်း ပထမဂုဏ်ထူးရ၊ ပထမကြီးတန်း ပထမဂုဏ်ထူးရ၊ ပထမလတ်တန်း ပထမဂုဏ်ထူးရ၊ ပထမငယ်တန်း ပထမဂုဏ်ထူးရ၊ အခြေပြုမူလတန်း ပထမဂုဏ်ထူးရ၊ ဝိနယဝိဒူ ပထမဂုဏ်ထူးရ၊ အင်္ဂုတ္တရ နိကာယ ပထမဂုဏ်ထူးရ သီလရှင်ဆရာလေးများထံ အောင်လက်မှတ်နှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ဝိသုဒ္ဓိမဂ်စာမေးပွဲတွင် ပထမ၊ ဒုတိယ၊ တတိယ၊ အဘိဓမ္မာ (ဂုဏ်ထူးဆောင်) စာမေးပွဲတွင် ပထမ၊ ဒုတိယ၊ တတိယ၊ အဘိဓမ္မာ စာမေးပွဲတွင် ပထမ၊ ဒုတိယ၊ တတိယ ဂုဏ်ထူးရရှိကြသည့် လူပုဂ္ဂိုလ် အမျိုးသား၊ အမျိုးသမီးများကို တာဝန်ရှိသူများက အောင်လက်မှတ်များ အပ်နှင်းသည်။

ယင်းနောက် ဧည့်ပရိသတ်များက သန်လျင်မြို့ မင်းကျောင်းပထမပြန်စာသင်တိုက် ဆရာတော် ဘဒ္ဒန္တ စန္ဒိမာဘိဝံသထံမှ အနုမောဒနာတရားနာယူကြပြီး ရေစက်သွန်းလောင်း အမျှပေးဝေကြသည်။

ထို့နောက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက ဓမ္မာစရိယအောင် သံဃာတော်များနှင့် ဓမ္မာစရိယအောင် သီလရှင်ဆရာများထံ အောင်လက်မှတ်နှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**လူပုဂ္ဂိုလ်အောင်လက်မှတ် အပ်နှင်း**

(၃၄)ကြိမ်မြောက် မဟာဘွဲ့နှင်းသဘင်အခမ်းအနားတွင် ဓမ္မာစရိယ စာမေးပွဲ အထူးအောင် လေးပါး၊ ဓမ္မာစရိယပါဠိ ဂုဏ်ထူးအောင် လေးပါး၊ ဓမ္မာစရိယမြန်မာ ဂုဏ်ထူးအောင် ခုနစ်ပါး၊ ဓမ္မာစရိယကျမ်းရင်းသုံးကျမ်းအောင် ၁၀၁၃ ပါး၊ ပါဠိပထမပြန် စာမေးပွဲ အထူးအောင် ၁၆ ပါး၊ နိကာယ်စာမေးပွဲ အထူးအောင် ၁၄ ပါး၊ မဟာဝိဒူတန်းအောင် ငါးပါးတို့ကို အောင်လက်မှတ်များ ဆက်ကပ်လှူဒါန်းခဲ့ပြီး အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ် စာမေးပွဲအထူးအောင် ကိုးဦးနှင့် ဓမ္မာစရိယကျမ်းရင်း သုံးကျမ်းအောင် လူပုဂ္ဂိုလ် တစ်ဦးတို့ကို အောင်လက်မှတ်များ အပ်နှင်းခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် အမျိုးသားစားသုံးသူအခွင့်အရေးလှုပ်ရှားမှု မိတ်ဆက်ပွဲအခမ်းအနား တက်ရောက်

**နေပြည်တော် မတ် ၁၁**

"ကုန်စည်လုံခြုံစိတ်ချရမှုအစ ကုန်အညွှန်းအမှတ်အသားက" ခေါင်းစဉ်ဖြင့် အမျိုးသားစားသုံးသူအခွင့်အရေး လှုပ်ရှားမှု(Campaign) မိတ်ဆက်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ စားသုံးသူရေးရာဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**လိုအပ်ချက်နှင့်ကိုက်ညီသည့်ကုန်စည် ဝယ်ယူ**

အခမ်းအနားတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က စားသုံးသူကာကွယ်ရေးဥပဒေကို ၂၀၁၉ ခုနှစ် မတ် ၁၅ ရက်တွင် ပြဋ္ဌာန်းခဲ့ပါကြောင်း၊ ယင်းဥပဒေတွင် စားသုံးသူအကာအကွယ်ပေးမည့် လုပ်ငန်းစဉ်များအတွက် "ကုန်အညွှန်းအမှတ်အသားဖော်ပြခြင်း"ကို အခန်းတစ်ခန်းအနေဖြင့် ရေးဆွဲပြဋ္ဌာန်းထားပါကြောင်း၊ ဥပဒေအရ ကုန်စည်များတွင် မြန်မာဘာသာဖြင့် ကုန်အညွှန်းအမှတ်အသားဖော်ပြထားခြင်းကို စီးပွားရေးလုပ်ငန်းရှင်များ အဆင်ပြေစွာဆောင်ရွက်နိုင်ရန်အတွက် ကုန်စည်များအပေါ် ဘာသာပြန်ဆိုထားမှုနှင့် ဥပဒေပါ ပြဋ္ဌာန်းချက်များ ကိုက်ညီမှုရှိ/မရှိကို စားသုံးသူရေးရာဦးစီးဌာနမှ စိစစ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ယခုစားသုံးသူရေးရာဦးစီးဌာနက ကျင်းပပြုလုပ်မည့် "ကုန်စည်လုံခြုံစိတ်ချရမှုအစ ကုန်အညွှန်းအမှတ်အသားက" ဟူသော လူထုလှုပ်ရှားမှု(Campaign)သည် လုပ်ငန်းရှင်များအနေဖြင့် မိမိတို့၏ ကုန်စည်များတွင် သတ်မှတ်ထားသည့် ကုန်အညွှန်းအမှတ်အသားများ မဖြစ်မနေထည့်သွင်းရမည်ဆိုသည့်အချက်များကို သိရှိလိုက်နာဆောင်ရွက်နိုင်ရန်နှင့် စားသုံးသူများအနေဖြင့် ကုန်စည်များ ဝယ်ယူသည့်အခါ ကုန်အညွှန်းအမှတ်အသားများကို သတိပြုဖတ်ရှုတတ်သည့် အလေ့အထ ကောင်းရရှိစေနိုင်သည့်အပြင် စားသုံးသူများအနေဖြင့် မိမိတို့၏ လိုအပ်ချက်နှင့်ကိုက်ညီသည့် ကုန်စည်ကို ရွေးချယ်ဝယ်ယူနိုင်ရန် ရည်ရွယ်ချက်ဖြင့် ကျင်းပခြင်းဖြစ်ကြောင်း ပြောကြားသည်။

**ပြန်လည်ရှင်းလင်းဖြေကြား**

ထို့နောက် စားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်လွင်က ထုတ်ကုန်လုံခြုံစိတ်ချရမှုရှိစေရေးနှင့် ကုန်အညွှန်းအမှတ်အသားဖော်ပြခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့် စားသုံးသူရေးရာဦးစီးဌာနမှ ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားပြီး သတင်းမီဒီယာများ၏ သိရှိလိုသည်များကို ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

အဆိုပါ အမျိုးသားစားသုံးသူအခွင့်အရေးလှုပ်ရှားမှု(Campaign)ကို မတ် ၁၅ ရက်မှ စတင်၍ ရက်သတ္တ ခြောက်ပတ်ကြာ ပြုလုပ်သွားမည်ဖြစ်ပြီး နိုင်ငံပိုင် ရုပ်သံမီဒီယာများနှင့် လူမှုကွန်ရက်များမှတစ်ဆင့် စားသုံးသူအခွင့်အရေးနှင့်ဆိုင်သော အသိပညာပေး ရုပ်သံဇာတ်လမ်းတိုများကို ထုတ်လွှင့်ပြသသွားမည်ဖြစ်သည်။

**အွန်လိုင်းမှတစ်ဆင့် တိုင်ကြားနိုင်**

စားသုံးသူများအနေဖြင့် ကုန်စည်(သို့မဟုတ်)ဝန်ဆောင်မှုများ ဝယ်ယူသုံးစွဲခြင်းနှင့်ပတ်သက်၍ နစ်နာဆုံးရှုံးမှုများ တစ်စုံတစ်ရာ ပေါ်ပေါက်ပါက မြန်မာနိုင်ငံတစ်ဝန်းရှိ စားသုံးသူရေးရာဦးစီးဌာန၊ တိုင်းဒေသကြီး/ပြည်နယ်ဦးစီးမှူးရုံးများ၊ ခရိုင်ဦးစီးမှူးရုံးများတွင် ဖွင့်လှစ်ထားရှိသော စားသုံးသူ သတင်းပြန်ကြားရေးနှင့် တိုင်ကြားမှုလက်ခံဆောင်ရွက်ရေးစင်တာ (CICC)များသို့ လူကိုယ်တိုင်သွားရောက်တိုင်ကြားနိုင်သည့်အပြင် အွန်လိုင်းမှတစ်ဆင့် တိုင်ကြားလိုပါက စားသုံးသူရေးရာဦးစီးဌာန၏ တရားဝင် Website ဖြစ်သော https://www.doca.gov.mm ၊ မိုဘိုင်း Application ဖြစ်သော DOCA Myanmar နှင့် စားသုံးသူရေးရာဦးစီးဌာန Facebook Page မှတစ်ဆင့် တိုင်ကြားနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

# "City Unplugged" ရုပ်ရှင်ဇာတ်ကား လေ့လာမှုအစီအစဉ်ကို ရိုက်ကူးသည့်ဒါရိုက်တာ တက်ရောက်ဆွေးနွေးမည်


**ရန်ကုန် မတ် ၁၁**

ဒါရိုက်တာ Ilkka Jarvi–Laturi ၏ Comedy, Crime, Thriller အမျိုးအစား လက်ရာကောင်းတစ်ခုဖြစ်သော "City Unplugged" ရုပ်ရှင်ဇာတ်ကားကို မတ် ၁၅ ရက် မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်မြို့ အမှတ်(၅၀) ရွှေတောင်ကြားလမ်းရှိ ရုပ်ရှင်အနုပညာရပ်ဝန်း ရုပ်ရှင်ပြခန်းမ၌ ကြည့်ရှုပြီး ရုပ်ရှင်ဇာတ်ကားအပေါ် ခွဲခြမ်းစိတ်ဖြာလေ့လာမှုအစီအစဉ် ပြုလုပ်မည်ဖြစ်သည်။

ယင်းအစီအစဉ်ကို မြန်မာ့ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ချက်ဖြင့် Cinematheque Program ၏ ကဏ္ဍခွဲတစ်ရပ်အဖြစ် (၃၈)ကြိမ်မြောက် ပြုလုပ်ခြင်းဖြစ်ပြီး ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာ စီမံခန့်ခွဲရေးအဖွဲ့ဝင် ဒေါက်တာအောင်မင်းနှင့်အတူ ၎င်းဇာတ်ကားရိုက်ကူးသူ ဒါရိုက်တာ Ilkka Jarvi–laturi ကိုယ်တိုင် တက်ရောက်ဆွေးနွေးမည်ဖြစ်သည်။

အဆိုပါ "City Unplugged" ရုပ်ရှင် ဇာတ်ကားသည် Comedy, Crime , Thriller အမျိုးအစားဖြစ်ပြီး ၎င်းဇာတ်ကားကို ၁၉၉၃ ခုနှစ် Toranto Film Festival တွင် Premiere အဖြစ် လည်းကောင်း၊ ၁၉၉၄ ခုနှစ်တွင် Sundance Film Festival တွင် လည်းကောင်း ပြသခဲ့ကြောင်း၊ ဇာတ်လမ်းအကျဉ်းမှာ အက်စတိုးနီးယားနိုင်ငံ လွတ်လပ်ရေးရပြီးနောက် နိုင်ငံပိုင်ငွေ ဒေါ်လာ ၁ ဘီလီယံတန်ဖိုးရှိ ရွှေချောင်းများကို ပြန်လည်သယ်ယူရန် ကြိုးစားသည့် လူတစ်စုသည် ညအချိန်တွင် မြို့ကို မီးမှောင်ချပြီး ရွှေချောင်းများကို လုယူရန် လျှပ်စစ်ကျွမ်းကျင်သူကို ငှားရမ်းဆောင်ရွက်ပုံကို ရိုက်ကူးထားခြင်းဖြစ်ကြောင်း သိရသည်။

**ဝင်းထိန်(FDC)**




## အများအားဖြင့် သာယာမည်

**နေပြည်တော် မတ် ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်မြောက်ပိုင်းနှင့် ချင်းပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။

**မိုး/ဇလ**

# ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးအတွက် မဲပေးနိုင်ရေး ပညာပေးရန် ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် မတ် ၁၁**

၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးအတွက် မဲပေးနိုင်ရေးပညာပေးရန် ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်က ရုပ်မြင်သံကြားနှင့် ရေဒီယိုတို့တွင် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီး အတွက် မဲပေးနိုင်ရေး ပညာပေးရန် ဆောင်ရွက်သွားမည့်အစီအစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၊ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနနှင့် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းတို့မှ တာဝန်ရှိသူများက ဌာနအလိုက်ဆောင်ရွက်ရန် ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက မဲပေးနိုင်ရေး ပညာပေးရန်နှင့်စပ်လျဉ်း၍ အကြံပြုဆွေးနွေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ချမှတ်ထားသော မီဒီယာနှင့် သက်ဆိုင်သည့် လမ်းညွှန်ချက်များကို လိုက်နာနိုင်ရေး စုစည်းပြုစုထားရန်၊ ရွေးကောက်ပွဲနှင့် စပ်လျဉ်းသည့် သီချင်းများ၊ ပညာပေးအစီအစဉ်များ၊ အင်တာဗျူးများကို စိတ်ဝင်စားဖွယ်ဖြစ်အောင် ဆောင်ရွက်သွားရန်နှင့် ယင်းတို့အား စောနိုင်သမျှ ဆောလျင်စွာဆောင်ရွက်နိုင်ရေး ပြင်ဆင်ရန်တို့နှင့်စပ်လျဉ်း၍ ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားခဲ့သည်။ **သတင်းစဉ်**



၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးအတွက် မဲပေးနိုင်ရေးပညာပေးရန် ညှိနှိုင်းအစည်းအဝေး ကျင်းပစဉ်။ သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး တက္ကသိုလ်ဝင်စာမေးပွဲ မြန်မာစာဘာသာရပ်ဖြေဆိုနေမှု လှည့်လည်ကြည့်ရှု

**နေပြည်တော် မတ် ၁၁**

၂၀၂၀ ပြည့်နှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ယနေ့နံနက် ၉ နာရီမှစတင်၍ မြန်မာတစ်နိုင်ငံလုံး၌ တစ်ပြိုင်တည်း စတင်ကျင်းပသည်။

နေပြည်တော် ဇမ္ဗူသီရိမြို့နယ် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း စာစစ်ဌာန၌ ကျောင်းသား ကျောင်းသူများ မြန်မာဘာသာဖြေဆိုနေမှုများနှင့် စာမေးပွဲဆိုင်ရာ လုပ်ငန်းဆောင်ရွက်နေမှုများကို ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းနှင့် နေပြည်တော်ကောင်စီဝင် ဦးတင်ထွန်းတို့က လှည့်လည်ကြည့်ရှုအားပေးကြသည်။

### စိတ်အေးချမ်းသာစွာဖြေဆိုနိုင်ရေး

ထိုသို့ ကြည့်ရှုစစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက တာဝန်ရှိသူများကို ကျောင်းသား ကျောင်းသူများ စာမေးပွဲဖြေဆိုနေစဉ်ကာလအတွင်း စိတ်အေးချမ်းသာစွာဖြေဆိုနိုင်ရေး၊ လိုအပ်ချက်များ ဖြည့်ဆည်းပေးရေးနှင့် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်စွာကျင်းပပြီးစီးနိုင်ရေးတို့ကို ဝိုင်းဝန်းကူညီဆောင်ရွက်ပေးရန် မှာကြားသည်။

တက္ကသိုလ်ဝင်စာမေးပွဲ ပထမနေ့ မြန်မာစာဘာသာရပ်၌ ပြည်တွင်းစာစစ်ဌာန ၁၉၈၄ ခုနှင့် နိုင်ငံခြားစာစစ်ဌာန ၁၅ ခု စာစစ်ဌာန စုစုပေါင်း ၁၉၉၉ ခုတွင် စာမေးပွဲဖြေဆိုရန် ၉၇၁၄၀၇ ဦး စာရင်းပေးသွင်းကြကာ ၉၁၀၂၇၄ ဦး ဝင်ရောက်ဖြေဆိုကြ၍ နေပြည်တော်ကောင်စီနယ်မြေရှိ စာစစ်ဌာန ၅၄ ခုတွင် စာမေးပွဲဖြေဆိုရန် ၂၇၉၃၄ ဦး စာရင်းပေးသွင်းကြပြီး ၂၆၂၁၈ ဦး ဝင်ရောက်ဖြေဆိုကြသည်။

ထို့ပြင် အင်းစိန်၊ မန္တလေး၊ ကသာ၊ တောင်ကလေး၊ တောင်ငူ၊ ကျောက်ဖြူ၊ ညောင်ရွှေ၊ ကျိုင်းတုံနှင့် လွိုင်ကော် အကျဉ်းဦးစီးဌာနတို့တွင် ဖြေဆိုသူ ၁၈၈ ဦးနှင့် ကရင်ပြည်နယ် မြဝတီမြို့မှ ဝင်ရောက်ဖြေဆိုသူ ၁၃၄ ဦး ရှိသည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး ကျောင်းသား ကျောင်းသူများ မြန်မာစာဘာသာဖြေဆိုနေမှု ကြည့်ရှုအားပေးစဉ်။ သတင်းစဉ်

### စိတ်ကြိုက်မြန်မာစာဖြေဆိုမည့်သူ ၁၁ ဦးရှိ

ထို့အတူ ရန်ကုန်ပြည်သူ့ဆေးရုံကြီး စာစစ်ဌာနတွင် ငါးဦးနှင့် မြောက်ဥက္ကလာပဆေးရုံတွင် ငါးဦး ဖြေဆိုကြသည်။ ကချင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် အမြင်အာရုံမသန်စွမ်းသူ ၃၁ ဦး၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် နေပြည်တော်တို့တွင် အကြားအာရုံမသန်စွမ်းသူ ၂၄ ဦး၊ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အရှေ့)၊ ပဲခူးတိုင်းဒေသကြီး(အနောက်)၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ နေပြည်တော်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်)၊ ရှမ်းပြည်နယ်(မြောက်)နှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် ကိုယ်အင်္ဂါမသန်စွမ်းသူ ၁၃၄ ဦး ဖြေဆိုကြပြီး ကချင်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် စိတ်ကြိုက်မြန်မာစာဖြေဆိုမည့်သူ ၁၁ ဦးရှိကြောင်း သိရသည်။

**သတင်းစဉ်**

# အနည်းဆုံးအခကြေးငွေသတ်မှတ်ရေးဆိုင်ရာ အမျိုးသားကော်မတီ ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် မတ် ၁၁**

အနည်းဆုံးအခကြေးငွေ သတ်မှတ်ရေးဆိုင်ရာ အမျိုးသားကော်မတီ ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက ဒုတိယအကြိမ် ပြင်ဆင်သတ်မှတ်သည့် အနည်းဆုံးအခကြေးငွေနှုန်းထားကို ဥပဒေနှင့်အညီ လိုအပ်ချက်အရ ပြင်ဆင်သတ်မှတ်နိုင်ရန် ပြန်လည်သုံးသပ်ခြင်း၊ အနည်းဆုံး အခကြေးငွေ သတ်မှတ်ရေးဆိုင်ရာ အမျိုးသားကော်မတီဝင်များ၏ လုပ်ဆောင်ချက်များကို တင်ပြဆွေးနွေးနိုင်ရန် အစည်းအဝေး ကျင်းပခြင်းဖြစ်ကြောင်း၊ အနည်းဆုံးအခကြေးငွေ ပြင်ဆင်သတ်မှတ်နိုင်ရေး ပြန်လည်သုံးသပ်ရာတွင် လက်ရှိဖြစ်ပေါ်နေသည့် အခြေအနေအရပ်ရပ်ကို ထည့်သွင်းစဉ်းစားကြရမည် ဖြစ်ကြောင်း၊ ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ကော်မတီအလိုက် အနည်းဆုံးအခကြေးငွေ ပြင်ဆင်သတ်မှတ်နိုင်ရေး စာရင်းစစ်တမ်းကောက်ယူခြင်း၊ အလုပ်သမားများက တင်ပြသည့် နှုန်းထားအပေါ် အလုပ်ရှင်များက ပေးနိုင်သည့် နှုန်းထားကို မှန်ကန်မျှတစွာ လေ့လာဆန်းစစ်ပြီး သတ်မှတ်သင့်သည့် နှုန်းထားနှင့် ပုံစံများကို အမျိုးသားကော်မတီသို့ တင်ပြချက်အချို့ရှိပါကြောင်း။

ကော်မတီဝင်များ အနေဖြင့် မိမိနယ်မြေအလိုက် အလုပ်ရှင်၊ အလုပ်သမားများနှင့် တွေ့ဆုံပြီး ဆောင်ရွက်ချက်များကို တင်ပြရန် လိုအပ်ကြောင်း၊ အနည်းဆုံး အခကြေးငွေ သတ်မှတ်ရေးဆိုင်ရာ အမျိုးသား ကော်မတီဝင်များ၊ ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး၊ ပြည်နယ်ကော်မတီ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များအနေဖြင့် အနည်းဆုံး အခကြေးငွေနှုန်းထားကို ပြင်ဆင်





ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ အနည်းဆုံးအခကြေးငွေ သတ်မှတ်ရေးဆိုင်ရာ အမျိုးသားကော်မတီ ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

သတ်မှတ်ရာတွင် လက်ရှိဖြစ်ပေါ်နေသည့် ကမ္ဘာ့စီးပွားရေးအခြေအနေများကို ထည့်သွင်းစဉ်းစား၍ မြန်မာနိုင်ငံ၏ လက်ရှိပကတိအခြေအနေနှင့်ကိုက်ညီမည့် အလုပ်ရှင်၊ အလုပ်သမား နှစ်ဦးနှစ်ဖက် အဆင်ပြေချောမွေ့စေမည့် အနည်းဆုံးအခကြေးငွေတစ်ရပ် သတ်မှတ်နိုင်ရန် ဆောင်ရွက်ချက်များကို ပွင့်ပွင့်လင်းလင်းဆွေးနွေးပြီး အဆိုပြုနှုန်းထားကို တင်ပြရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသူများက အနည်းဆုံးအခကြေးငွေနှုန်းထားကို ပြင်ဆင်သတ်မှတ်ရန် အဆိုပြုနှုန်းထားများနှင့် လုပ်ငန်းဆောင်ရွက်မှုများကို တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းပေးသည်။ **သတင်းစဉ်**

# ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ် တောင်ကြီးမြို့နယ်ရှိ စာဖြေဌာနများသို့ လိုက်လံကြည့်ရှုအားပေး

**တောင်ကြီး မတ် ၁၁**

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ လင်းထွဋ်၊ ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး ဦးစိုင်းလုံကျော်၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာ၊ ပြည်နယ်ပညာရေးမှူး၊ တောင်ကြီးခရိုင် အုပ်ချုပ်ရေးမှူး ဦးကိုကိုလွင်တို့သည် တောင်ကြီးမြို့နယ်ရှိ အမှတ် (၁)၊ (၂)၊ (၃)၊ (၄)၊ (၅) အခြေခံပညာအထက်တန်းကျောင်းများတွင် ဖြေဆိုနေမှုကို မတ် ၁၁ ရက် နံနက် ၉ နာရီက ကြည့်ရှုအားပေးခဲ့ကြသည်။ (ယာပုံ)

ရှမ်းပြည်နယ်အတွင်း ၂၀၁၉-၂၀၂၀ ပညာသင်နှစ်အတွက် တက္ကသိုလ်ဝင်စာမေးပွဲစာရင်းရှိ ၆၆၄၉၅ ဦး၊ ဖြေဆိုသူ ကျောင်းသား ကျောင်းသူ ၆၂၄၂၃ ဦးရှိပြီး တောင်ကြီးမြို့နယ် စာစစ်ဌာနတွင် ဖြေဆိုသူ ၈၈၅၇ ဦး ဝင်ရောက်ဖြေဆိုကြောင်း သိရသည်။

**စိုင်းသန်းကျော်**
**(တောင်ကြီး)**



# တက္ကသိုလ်ဝင်စာမေးပွဲ ပထမနေ့ မြန်မာစာဘာသာရပ်ကို နိုင်ငံခြားစာစစ်ဌာနများအပါအဝင် မြန်မာတစ်နိုင်ငံလုံးရှိ စာစစ်ဌာနများတွင် ဖြေဆိုသူပေါင်း ၉၁၀၂၇၃ ဦးရှိ

**နေပြည်တော် မတ် ၁၁**

၂၀၂၀ ပြည့်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပထမနေ့အဖြစ် မြန်မာစာဘာသာရပ်ကို ယနေ့တွင် စတင်ဖြေဆိုကြရာ နိုင်ငံခြားစာစစ်ဌာန ၁၅ ခုနှင့် မြန်မာတစ်နိုင်ငံလုံးရှိ စာစစ်ဌာန ၁၉၈၄ ခု၊ စာစစ်ဌာနစုစုပေါင်း ၁၉၉၉ ခုတွင် ဖြေဆိုသူပေါင်း ၉၁၀၂၇၃ ဦးရှိကြောင်း ပညာရေးဝန်ကြီးဌာနမှ သိရသည်။

တက္ကသိုလ်ဝင်စာမေးပွဲ မြန်မာစာဘာသာရပ်တွင် ဖြေဆိုသူပေါင်း ၉၁၀၂၇၃ ဦးအနက် တစ်နိုင်ငံလုံး၌ ဆေးရုံဖြေဆိုသူ ၄၅ ဦး၊ အမြင်အာရုံမသန်စွမ်းဖြေဆိုသူ ၃၀၊ အကြားအာရုံ မသန်စွမ်းဖြေဆိုသူ ၂၂ ဦး၊ ကိုယ်အင်္ဂါမသန်စွမ်းဖြေဆိုသူ ၁၇၇ ဦး၊ အကျဉ်းထောင်များတွင် ဝင်ရောက်ဖြေဆိုသူ ၁၉၁ ဦးနှင့် ကရင်ပြည်နယ် မြဝတီမှ ဝင်ရောက်ဖြေဆိုသူ ၁၂၅ ဦးရှိကြောင်း သိရသည်။ **သတင်းစဉ်**

### ၂၀၂၀ ပြည့်နှစ် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမှု အခြေပြဇယား

ဘာသာရပ်- မြန်မာစာ | ရက်စွဲ၊ ၁၁ - ၃ - ၂၀၂၀

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | စာစစ်ဌာန အရေအတွက် | စာရင်းရှိ | | | ဖြေဆို | | | ဖြေဆိုသည့် ရာခိုင်နှုန်း | ပျက်ကွက် | | | ပျက်ကွက် ရာခိုင်နှုန်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | | ကျား | မ | ပေါင်း | | |
| ၁ | ကချင် | ၇၆ | ၁၆၆၃၃ | ၂၃၉၉၆ | ၄၀၆၂၉ | ၁၅၂၃၆ | ၂၂၈၄၇ | ၃၈၀၈၃ | ၉၃.၇၃ | ၁၃၉၇ | ၁၁၄၉ | ၂၅၄၆ | ၆.၂၇ | |
| ၂ | ကယား | ၂၀ | ၃၂၁၃ | ၅၂၅၀ | ၈၄၆၃ | ၂၉၀၆ | ၅၀၀၀ | ၇၉၀၆ | ၉၃.၄၂ | ၃၀၇ | ၂၅၀ | ၅၅၇ | ၆.၅၈ | |
| ၃ | ကရင် | ၅၀ | ၈၃၉၃ | ၁၃၈၈၅ | ၂၂၂၇၈ | ၇၅၂၉ | ၁၃၁၂၃ | ၂၀၆၅၂ | ၉၂.၇၀ | ၈၆၄ | ၇၆၂ | ၁၆၂၆ | ၇.၃၀ | |
| ၄ | ချင်း | ၃၂ | ၆၁၅၉ | ၈၀၁၈ | ၁၄၁၇၇ | ၅၁၈၉ | ၇၁၈၄ | ၁၂၃၇၃ | ၈၇.၂၈ | ၉၇၀ | ၈၃၄ | ၁၈၀၄ | ၁၂.၇၂ | |
| ၅ | စစ်ကိုင်း | ၂၄၈ | ၅၇၆၆၄ | ၇၄၀၀၂ | ၁၃၁၆၆၆ | ၅၄၀၆၄ | ၇၁၅၄၃ | ၁၂၅၆၀၇ | ၉၅.၄၀ | ၃၆၀၀ | ၂၄၅၉ | ၆၀၅၉ | ၄.၆၀ | |
| ၆ | တနင်္သာရီ | ၄၈ | ၉၁၄၈ | ၁၆၁၁၉ | ၂၅၂၆၇ | ၈၃၆၄ | ၁၅၃၂၂ | ၂၃၆၈၆ | ၉၃.၇၄ | ၇၈၄ | ၇၉၇ | ၁၅၈၁ | ၆.၂၆ | |
| ၇ | ပဲခူး | ၁၇၀ | ၃၆၈၁၆ | ၄၈၁၆၆ | ၈၄၉၈၂ | ၃၃၅၂၅ | ၄၅၇၀၃ | ၇၉၂၂၈ | ၉၃.၂၄ | ၃၂၉၁ | ၂၄၆၃ | ၅၇၅၄ | ၆.၇၆ | |
| ၈ | မကွေး | ၂၀၇ | ၄၂၄၃၅ | ၅၂၆၅၆ | ၉၅၀၉၁ | ၃၉၆၈၁ | ၅၁၀၄၀ | ၉၀၇၂၁ | ၉၅.၄၀ | ၂၇၅၄ | ၁၆၁၆ | ၄၃၇၀ | ၄.၆၀ | |
| ၉ | မန္တလေး | ၂၂၀ | ၅၉၉၅၈ | ၇၃၆၀၆ | ၁၃၃၅၆၄ | ၅၆၃၁၅ | ၇၁၂၄၅ | ၁၂၇၅၆၀ | ၉၅.၅၀ | ၃၆၄၃ | ၂၃၆၁ | ၆၀၀၄ | ၄.၅၀ | |
| ၁၀ | မွန် | ၆၆ | ၁၂၆၄၃ | ၁၉၈၇၈ | ၃၂၅၂၁ | ၁၁၅၉၃ | ၁၈၉၈၅ | ၃၀၅၇၈ | ၉၄.၀၃ | ၁၀၅၀ | ၈၉၃ | ၁၉၄၃ | ၅.၉၇ | |
| ၁၁ | ရခိုင် | ၁၂၇ | ၂၃၀၅၆ | ၂၆၁၂၇ | ၄၉၁၈၃ | ၂၀၇၃၁ | ၂၄၄၃၀ | ၄၅၁၆၁ | ၉၁.၈၂ | ၂၃၂၅ | ၁၆၉၇ | ၄၀၂၂ | ၈.၁၈ | |
| ၁၂ | ရန်ကုန် | ၂၂၈ | ၆၅၀၃၆ | ၇၀၆၅၂ | ၁၃၅၆၈၈ | ၅၈၉၁၉ | ၆၆၀၂၀ | ၁၂၄၉၃၉ | ၉၂.၀၈ | ၆၁၁၇ | ၄၆၃၂ | ၁၀၇၄၉ | ၇.၉၂ | |
| ၁၃ | ရှမ်း | ၁၅၇ | ၂၆၄၁၁ | ၄၀၀၈၄ | ၆၆၄၉၅ | ၂၄၂၇၇ | ၃၈၁၄၆ | ၆၂၄၂၃ | ၉၃.၈၈ | ၂၁၃၄ | ၁၉၃၈ | ၄၀၇၂ | ၆.၁၂ | |
| ၁၄ | ဧရာဝတီ | ၂၇၉ | ၄၅၄၂၉ | ၅၇၈၉၉ | ၁၀၃၃၂၈ | ၄၀၅၆၉ | ၅၄၄၁၈ | ၉၄၉၈၇ | ၉၁.၉၃ | ၄၈၆၀ | ၃၄၈၁ | ၈၃၄၁ | ၈.၀၇ | |
| ၁၅ | နေပြည်တော် | ၅၄ | ၁၂၇၃၄ | ၁၅၂၀၀ | ၂၇၉၃၄ | ၁၁၇၁၂ | ၁၄၅၀၆ | ၂၆၂၁၈ | ၉၃.၈၆ | ၁၀၂၂ | ၆၉၄ | ၁၇၁၆ | ၆.၁၄ | |
| ၁၆ | နိုင်ငံခြားစာစစ်ဌာန | ၁၅ | ၄၈ | ၉၃ | ၁၄၁ | ၄၈ | ၉၃ | ၁၄၁ | ၁၀၀.၀၀ | ၀ | ၀ | ၀ | ၀.၀၀ | |
| | စုစုပေါင်း | ၁၉၉၉ | ၄၂၅၇၇၆ | ၅၄၅၆၃၁ | ၉၇၁၄၀၇ | ၃၉၀၆၅၈ | ၅၁၉၆၁၅ | ၉၁၀၂၇၃ | ၉၃.၇၀ | ၃၅၁၁၈ | ၂၆၀၁၆ | ၆၁၁၃၄ | ၆.၂၉ | |

# ၂၀၂၀ ပြည့်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် အင်းစိန်ဗဟိုအကျဉ်းထောင်မှ အကျဉ်းသား၊ အကျဉ်းသူ ၈၅ ဦး ဝင်ရောက်ဖြေဆို

**ရန်ကုန် မတ် ၁၁**

၂၀၂၀ ပြည့်နှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ယနေ့တွင် စတင်ကျင်းပရာ ရန်ကုန်မြို့ရှိ အင်းစိန်ဗဟိုအကျဉ်းထောင်မှ အကျဉ်းသား၊ အကျဉ်းသူ ကျောင်းသား၊ ကျောင်းသူ ၈၅ ဦး ဝင်ရောက်ဖြေဆိုကြကြောင်း အဆိုပါ အကျဉ်းထောင်မှ သိရသည်။

အင်းစိန်ဗဟိုအကျဉ်းထောင် အတွင်းရှိ အမှတ် (၁၃) အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)၌ ပညာသင်ကြားနေသူ အကျဉ်းသား ကျောင်းသား ၇၄ ဦးနှင့် အကျဉ်းသူ ကျောင်းသူလေးဦး၊ အချုပ်သား၊ အချုပ်သူနှစ်ဦး၊ လွတ်မြောက်ပြီး ပြင်ပမှ လာရောက်ဖြေဆိုသူ ငါးဦးအပါအဝင် စုစုပေါင်း ၈၅ ဦးသည် အကျဉ်းထောင်(အင်းစိန်)အတွင်းရှိ အမှတ်(၁၃) အခြေခံပညာအလယ်တန်းကျောင်း (ခွဲ)၌ ဖြေဆိုကြခြင်းဖြစ်သည်။ **(အောက်ပုံ)**

ယင်းသို့ဖြေဆိုနိုင်ရန် အကျဉ်းထောင်အတွင်း၌ ပြင်ပတွင် စာပေသင်ကြားခြင်း အတွေ့အကြုံရှိ ဘွဲ့ရ/မဟာဘွဲ့ရ အကျဉ်းသား ကျောင်းအုပ်ဆရာ၊ ကျောင်းဆရာများက စာသင်နှစ်မှစ၍ အနီးကပ်သင်ကြားပေးခဲ့သည့်အပြင် အင်းစိန်မြို့နယ် ဒုတိယမြို့နယ်ပညာရေးမှူးအပါအဝင် အခြေခံပညာကျောင်းများမှ ဆရာ၊ ဆရာမများ၊ ပြင်ပမှ စေတနာရှင် ဆရာ၊ ဆရာမများက လာရောက်သင်ကြားပေးခဲ့သည်။

ထို့ပြင် အကျဉ်းထောင်တာဝန်ရှိသူများက ၎င်းတို့အား ကျန်းမာရေးစောင့်ရှောက်မှုများနှင့်အတူ ညနေပိုင်း အားလပ်ချိန်များတွင် အားကစားနည်းများ လွတ်လပ်စွာပြုလုပ်စေသည့်အပြင် အကျဉ်းထောင်၏ မည်သည့်လုပ်ငန်းကိုမျှ တာဝန်ပေးခိုင်းစေခြင်းမပြုဘဲ ပြင်ပကျောင်းသား၊ ကျောင်းသူများနည်းတူ စာပေသင်ကြားခြင်း တစ်မျိုးတည်းကိုသာ ဆောင်ရွက်စေလျက်ရှိသည်။

အင်းစိန်ဗဟိုအကျဉ်းထောင်အနေဖြင့် ပညာသင်ကြားလိုသော အကျဉ်းသား၊ အကျဉ်းသူများအား အတန်းပညာများ သင်ကြားပေးလျက်ရှိပြီး စာမေးပွဲဝင်ရောက်ဖြေဆိုနိုင်ရန် ပညာရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါ အကျဉ်းထောင်အတွင်းမှတစ်ဆင့် တက္ကသိုလ်ဝင်စာမေးပွဲဝင်ရောက်ဖြေဆိုမှုသည် ၂၀၁၄ ခုနှစ် တွင် စတင်ခဲ့ပြီး ယင်းနှစ်တွင် ဖြေဆိုသူနှစ်ဦး၊ ၂၀၁၅ ခုနှစ်တွင် ခုနစ်ဦး၊ ၂၀၁၆ ခုနှစ်တွင် ၁၁ ဦး၊ ၂၀၁၇ ခုနှစ်တွင် ကိုးဦး၊ ၂၀၁၈ ခုနှစ်တွင် ၁၉ ဦးနှင့် ၂၀၁၉ ခုနှစ်တွင် ၅၂ ဦး အောင်မြင်ခဲ့ကာ ဂုဏ်ထူးရှင် ၃၆ ဦး ထွက်ပေါ်ခဲ့ကြောင်း သိရသည်။ **သတင်း-ဇော်ကြီး၊ ဓာတ်ပုံ-ဖေဇော်**



# ၂၀၂၀ ပြည့်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ အမြင်အာရုံချို့ယွင်းသည့် မျက်မမြင် ကျောင်းသား၊ ကျောင်းသူ ၁၃ ဦး ဝင်ရောက်ဖြေဆို

**ရန်ကုန် မတ် ၁၁**

ယနေ့စတင်ကျင်းပသည့် ၂၀၂၀ ပြည့်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ရန်ကုန်တိုင်း ဒေသကြီးအတွင်း၌ အမြင်အာရုံချို့ယွင်းသည့် မျက်မမြင် ကျောင်းသား၊ ကျောင်းသူ ၁၄ ဦး စာရင်းပေးသွင်းခဲ့သည့်အနက် ၁၃ ဦး ဝင်ရောက်ဖြေဆိုကြောင်း အခြေခံပညာဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး ပညာရေးမှူးရုံးမှ သိရသည်။

အဆိုပါ ကျောင်းသား၊ ကျောင်းသူများမှာ ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင် မျက်မမြင်ကျောင်းမှ ခုနစ်ဦး၊ မရမ်းကုန်းမြို့နယ်ရှိ ရန်ကုန် မျက်မမြင်ကျောင်း(ခဝဲခြံ)မှ ခြောက်ဦးတို့ဖြစ်ပြီး ၎င်းတို့အနေဖြင့် ကြည့်မြင်တိုင်မြို့နယ် အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်း (ကြည့်မြင်တိုင်စာစစ်ဌာန)နှင့် အင်းစိန်မြို့နယ် အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်း (အင်းစိန်စာစစ်ဌာန) တို့တွင် ဝင်ရောက်ဖြေဆိုကြခြင်းဖြစ်သည်။

ထိုသို့ဖြေဆိုမှုနှင့် ပတ်သက်၍ မရမ်းကုန်းမြို့နယ်ရှိ ရန်ကုန် မျက်မမြင်ကျောင်း (ခဝဲခြံ) တာဝန်ခံ ကျောင်းအုပ်ဆရာမကြီး ဒေါ်ဇီးနာဒွန်းက "ဒီနှစ်မှာတော့ ကျွန်မတို့ကျောင်းက ခြောက်ဦးဖြေဆိုတယ်။ တန်းတက်အသစ်သုံးဦးနဲ့ နှစ်ကျသုံးဦးပါ။ သူတို့ကို ဒီကျောင်းမှာပဲ သင်ကြားပေးတယ်။ သင်ကြားမှုအပိုင်းကိုတော့ အထက(၂) အင်းစိန်က ဆရာ၊ ဆရာမတွေနဲ့ ညှိနှိုင်းသင်ကြားပေးပါတယ်။ လစဉ် အရည်အချင်းစစ်စာမေးပွဲတွေကို အထက(၂) အင်းစိန်မှာ ဖြေဆိုကြရတယ်။ အဲဒီလို ဖြေဆိုမှုတွေလုပ်ခဲ့ပြီးမှ အခု စာမေးပွဲကို ဝင်ရောက်ဖြေဆိုကြရတာ ဖြစ်ပါတယ်။ အခုဖြေဆိုတဲ့အခါမှာလည်း သူတို့ရဲ့ တစ်ဆင့်နိမ့် အတန်းဖြစ်တဲ့ ကိုးတန်း ကျောင်းသား၊ ကျောင်းသူတွေက ကူညီဖြေဆိုပေးရတာ ဖြစ်ပါတယ်" ဟု ပြောသည်။

အင်းစိန်မြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း (အင်းစိန်စာစစ်ဌာန)၌ ဝင်ရောက်ဖြေဆိုနေသော အမြင်အာရုံချို့ယွင်းနေသူ မရန်ပုက "သာမန်လူတွေနဲ့ မတူတော့ အများကြီးကြိုးစားထားရတယ်။ ဒီနေ့ဘာသာရပ်ကိုတော့ ကောင်းကောင်းဖြေနိုင်တယ်။ ကူညီပေးတဲ့သူကိုလည်း ကျေးဇူးတင်တယ်။ စာမေးပွဲအောင်ရင် တက္ကသိုလ်ဆက်တက်မယ်။ အင်္ဂလိပ်စာနဲ့ ကွန်ပျူတာပိုင်းကို လေ့လာသင်ကြားချင်ပါတယ်" ဟုပြောသည်။

၂၀၂၀ ပြည့်နှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ရန်ကုန်တိုင်းဒေသကြီးအတွင်း စာရင်းရှိ ကျောင်းသား ကျောင်းသူ ၁၃၅၆၈၈ ဦးအနက် ၁၂၄၉၃၉ ဦး ဝင်ရောက်ဖြေဆိုကြရာ အမြင်အာရုံချို့ယွင်းသည့် မျက်မမြင် ကျောင်းသား ကျောင်းသူများလည်း ပါဝင်ကြောင်း သိရသည်။ **ဇော်ကြီး**

## ဘင်္ဂလားပင်လယ်အော်အခြေအနေ

**နေပြည်တော် မတ် ၁၁**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် အရှေ့အလယ်ပိုင်းတို့တွင် အများအားဖြင့် သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။ **မိုး/ဇလ**

# COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၁၁-၃-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

၁။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် ကမ္ဘာ့နိုင်ငံများတွင် ကူးစက်ပျံ့နှံ့လျက်ရှိသည့် COVID-19 လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါဖြစ်ပွားမှုဖြစ်စဉ်နှင့်ပတ်သက်၍ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများအား အပြည်ပြည်ဆိုင်ရာ ဝင်ပေါက်၊ ထွက်ပေါက်ဂိတ်များတွင်လည်းကောင်း၊ ဆေးရုံအခြေပြုအဖြစ်လည်းကောင်း၊ ပြည်သူလူထုအခြေပြုစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများဖြင့်လည်းကောင်း၊ ပုဂ္ဂလိကဆေးရုံများနှင့် ပူးပေါင်း၍လည်းကောင်း ဆောင်ရွက်လျက်ရှိပါသည်။

၂။ ထိုသို့ဆောင်ရွက်ရာတွင် အောက်ပါစောင့်ကြည့်လူနာ (၅) ဦးအားတွေ့ရှိ၍ သက်ဆိုင်ရာ ဆေးရုံများတွင် သီးခြားထားရှိဆေးကုသမှုပေးလျက်ရှိပြီး ၎င်းတို့ထံမှ ဓာတ်ခွဲနမူနာရယူ၍ အမျိုးသားကျန်းမာရေး ဓာတ်ခွဲမှုဆိုင်ရာဌာန(ရန်ကုန်)သို့ ပေးပို့စစ်ဆေးသွားမည်ဖြစ်ပါသည်။

(က) မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်တွင် နေထိုင်သော အသက် (၄၈) နှစ်အရွယ် အမျိုးသားတစ်ဦးသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ယူနန်ပြည်နယ်မှ (၂၀-၂-၂၀၂၀) ရက်နေ့တွင် မြန်မာနိုင်ငံ၊ မူဆယ်မြို့သို့ ပြန်လည်ရောက်ရှိလာခဲ့ပြီး (၁၀-၃-၂၀၂၀) ရက်နေ့တွင် မူဆယ်မြို့မှ ရွှေလီမြို့သို့ ပြန်လည်ထွက်ခွာခဲ့ရာ မူဆယ်နယ်စပ်ဂိတ်၌ အဖျားစစ်ဆေးချိန်တွင် ကိုယ်အပူချိန်မြင့်တက်လျက်ရှိကြောင်း တွေ့ရှိရသဖြင့် ၎င်းအားစစ်ဆေးခဲ့ရာ (၈-၃-၂၀၂၀) ရက်နေ့မှစတင်၍ ဖျားခြင်း၊ ချောင်းဆိုးခြင်း လက္ခဏာများခံစားခဲ့ရကြောင်း တွေ့ရှိရသဖြင့် မူဆယ်ပြည်သူ့ဆေးရုံတွင် သီးခြားထားရှိ ကုသမှုပေးလျက်ရှိပါသည်။

(ခ) မကွေးတိုင်းဒေသကြီး၊ ကံမမြို့နယ်တွင် နေထိုင်သော အသက် (၂၅) နှစ်အရွယ် အမျိုးသမီးတစ်ဦးသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဟူနန်ပြည်နယ်မှ (၇-၃-၂၀၂၀) ရက်နေ့တွင် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိလာခဲ့ပြီး (၉-၃-၂၀၂၀) ရက်နေ့မှစတင်၍ ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ လည်ချောင်းနာခြင်း လက္ခဏာများခံစားရသဖြင့် (၁၁-၃-၂၀၂၀) ရက်နေ့တွင် ကြို့ပင်တိုက်နယ်ဆေးရုံ၌ သီးခြားထားရှိ ကုသမှုပေးလျက်ရှိပါသည်။

(ဂ) ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့တွင် နေထိုင်သော အသက် (၃၅) နှစ်အရွယ် အမျိုးသားတစ်ဦးသည် (၁၁-၃-၂၀၂၀) ရက်နေ့တွင် ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံ၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာခဲ့ရာ ကိုယ်အပူချိန်မြင့်တက်လျက်ရှိကြောင်း တွေ့ရှိရသဖြင့် ဝေဘာဂီအထူးကုဆေးရုံတွင် သီးခြားထားရှိ ကုသမှုပေးလျက်ရှိပါသည်။ (၎င်း၏ ဓာတ်ခွဲအဖြေကို အောက်အပိုဒ် - ၃ (စ) တွင် ဖော်ပြထားရှိပါသည်။)

(ဃ) မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်တွင် နေထိုင်သော အသက် (၂၃) နှစ်အရွယ် အမျိုးသမီးတစ်ဦးသည် လွန်ခဲ့သော (၂) ပတ်ခန့်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ရွှေလီမြို့မှ ပြန်လည်ရောက်ရှိခဲ့ပြီး (၉-၃-၂၀၂၀) ရက်နေ့မှစတင်၍ ချောင်းဆိုးခြင်း၊ ရင်ကျပ်ခြင်း လက္ခဏာများ ခံစားခဲ့ရသဖြင့် (၁၁-၃-၂၀၂၀) ရက်နေ့တွင် မန္တလေး ခုတင်(၃၀၀) သင်ကြားရေးဆေးရုံကြီးတွင် သီးခြားထားရှိ ကုသမှုပေးလျက်ရှိပါသည်။

(င) ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်တွင် နေထိုင်သော အသက် (၃၇) နှစ်အရွယ် ဂျပန်နိုင်ငံသား အမျိုးသမီးတစ်ဦးသည် (၉-၃-၂၀၂၀) ရက်နေ့တွင် မလေးရှားနိုင်ငံမှ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိခဲ့ရာ (၁၀-၃-၂၀၂၀) ရက်နေ့မှစတင်၍ ဖျားခြင်း၊ လည်ချောင်းနာခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း လက္ခဏာများခံစားခဲ့ရပြီး (၁၁-၃-၂၀၂၀) ရက်နေ့တွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ လာရောက်ပြသခဲ့သဖြင့် သီးခြားထားရှိ ကုသမှုပေးလျက်ရှိပါသည်။

၃။ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ ယနေ့ ညနေ ပေးပို့လာသော ဓာတ်ခွဲအဖြေများအရ -

(က) အင်းစိန်အထွေထွေရောဂါကုဆေးရုံကြီးတွင် စောင့်ကြည့်လူနာအဖြစ် ကုသမှုခံယူနေသော ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်တွင် နေထိုင်သော၊ အသက် (၂၆) နှစ်အရွယ် အမျိုးသမီးတစ်ဦး၊

(ခ) အင်းစိန်အထွေထွေရောဂါကုဆေးရုံကြီးတွင် စောင့်ကြည့်လူနာအဖြစ် ကုသမှုခံယူနေသော ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်တွင် နေထိုင်သည့် အသက် (၁၇) နှစ်အရွယ် အမျိုးသမီးတစ်ဦး၊

(ဂ) ပခုက္ကူပြည်သူ့ဆေးရုံတွင် စောင့်ကြည့်လူနာအဖြစ် ကုသမှုခံယူနေသော မကွေးတိုင်းဒေသကြီး၊ ပေါက်မြို့နယ်တွင် နေထိုင်သည့် အသက် (၃၉) နှစ်အရွယ် အမျိုးသားတစ်ဦး၊

(ဃ) ပင်းတယမြို့နယ် ပြည်သူ့ဆေးရုံတွင် စောင့်ကြည့်လူနာအဖြစ် ကုသမှုခံယူနေသော ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ပင်းတယမြို့နယ်တွင်နေထိုင်သည့် အသက် (၂၃) နှစ်အရွယ် အမျိုးသားတစ်ဦး၊

(င) ဝေဘာဂီအထူးကုဆေးရုံတွင် စောင့်ကြည့်လူနာအဖြစ် ကုသမှုခံယူနေသော ရေဝတီတိုင်းဒေသကြီး၊ ဓနုဖြူမြို့နယ်တွင် နေထိုင်သည့် အသက် (၃၄) နှစ်အရွယ် အမျိုးသားတစ်ဦးနှင့်

(စ) ဝေဘာဂီအထူးကုဆေးရုံတွင် စောင့်ကြည့်လူနာအဖြစ် ကုသမှုခံယူနေသော ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့တွင် နေထိုင်သည့် အသက် (၃၅) နှစ်အရွယ် အမျိုးသားတစ်ဦး၊ စုစုပေါင်း (၆) ဦးတို့၏ ဓာတ်ခွဲနမူနာများတွင် Coronavirus Disease 2019 (COVID-19) ဗိုင်းရပ်စ်ရောဂါပိုး မရှိပါကြောင်း စစ်ဆေးသိရှိရပါသည်။

၄။ ကိုရီးယားသမ္မတနိုင်ငံမှ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ လာရောက်မည့် လေယာဉ်တွင် ကိုရီးယားသမ္မတနိုင်ငံအတွင်း ရောဂါဖြစ်ပွားမှု ပြင်းထန်မှုအခြေအနေအရ Daegu မြို့အပါအဝင် North Gyeongsang (Gyeongsangbuk-do) နှင့် South Gyeongsang (Gyeongsangnam-do) ပြည်နယ်များမှ လာရောက်သူများအား ဆေးရုံတွင် Quarantine ဆောင်ရွက်မည်ဖြစ်ကြောင်းနှင့် ကျန်ဒေသများမှ လာရောက်သူများအား အိမ် (သို့မဟုတ်) ဟိုတယ်တွင် Quarantine ဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာချက် ထုတ်ပြန်ခဲ့ပါသည်။ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ (၁၁-၃-၂၀၂၀) ရက်နေ့၊ နံနက် (၅:၃၀) နာရီအချိန်တွင် ဆိုက်ရောက်လာသော လေယာဉ်တွင် ပါရှိသည့် ခရီးသည် (၆၉) ဦးအနက် COVID-19 ကူးစက်ဖြစ်ပွားမှု ပြင်းထန်နေသည့် ဒေသများဖြစ်သည့် Daegu မြို့၊ Chengwon မြို့၊ Miyann မြို့နှင့် Gimhae မြို့တို့မှ လာရောက်သည့် မြန်မာနိုင်ငံသား (၆) ဦးတို့အား တောင်ဥက္ကလာပ အမျိုးသမီးနှင့်ကလေးဆေးရုံကြီးတွင် Hospital Quarantine အဖြစ်လည်းကောင်း၊ အခြားဒေသများမှ လာရောက်သူ စုစုပေါင်း (၆၃) ဦးအား Home Quarantine နှင့် Hotel Quarantine အဖြစ်လည်းကောင်း (၁၄) ရက် ခွဲခြားထားရှိ၍ စောင့်ကြပ်ကြည့်ရှုလျက်ရှိပါသည်။

၅။ ယနေ့ (၁၁-၃-၂၀၂၀) ရက်နေ့၊ ညနေ (၄:၀၀) နာရီအချိန်အထိ လူနာ (၆) ဦးအား သက်ဆိုင်ရာ ဆေးရုံများတွင် စောင့်ကြပ်ကြည့်ရှုကုသမှု ပေးလျက်ရှိပါသည်။

၆။ (၁၁-၃-၂၀၂၀) ရက်နေ့အထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ မတွေ့ရှိသေးသော်လည်း ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို အရှိန်အဟုန်မြှင့်၍ ဆောင်ရွက်လျက်ရှိပါသည်။ ယခုအခါ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အိမ်နီးချင်းနိုင်ငံအချို့ အပါအဝင် ကမ္ဘာ့နိုင်ငံ (၁၁၀) နိုင်ငံတွင် COVID-19 ရောဂါ ကူးစက်ဖြစ်ပွားလျက်ရှိသဖြင့် ပြည်သူလူထုအနေဖြင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ရောဂါကာကွယ်ရေးဆိုင်ရာ ကျန်းမာရေးအသိပညာပေးအချက်အလက်များအား တိကျစွာလိုက်နာဆောင်ရွက်ရန် နှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

## Coronavirus Disease 2019 (COVID-19) ရောဂါ စောင့်ကြည့်လူနာ/ သံသယလူနာများ တွေ့ရှိမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၁၁-၃-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

| စဉ် | အသက် | ကျား/ မ | နေရပ်လိပ်စာ | ရောဂါ လက္ခဏာများ | ရောဂါ လက္ခဏာများ စတင် ဖြစ်ပွားသည့် ရက် | ခရီးသွားရာဇဝင် | | လူနာအား စတင် တွေ့ရှိသည့် နေရာ | COVID -19 ရောဂါ လူနာနှင့် ထိတွေ့မှု ရှိ/ မရှိ | ဆေးကုသမှုခံယူလျက်ရှိသည့် ဆေးရုံ/ ရက်စွဲ | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | | သွားရောက် ခဲ့သည့် နိုင်ငံ၊ မြို့ | မြန်မာနိုင်ငံ သို့ ရောက်ရှိ သည့်ရက် | | | | |
| ၁ | ၄၈ နှစ် | ကျား | မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ် | ဖျားခြင်း၊ ချောင်းဆိုးခြင်း | ၈-၃-၂၀၂၀ | တရုတ်ပြည်သူ့ သမ္မတနိုင်ငံ၊ ယူနန်ပြည်နယ်၊ ရွှေလီမြို့ | ၂၀-၂-၂၀၂၀ | မူဆယ်-နန်းတော် နယ်စပ်ဂိတ် | မရှိပါ | မူဆယ်ပြည်သူ့ ဆေးရုံ (၁၀-၃-၂၀၂၀) | |
| ၂ | ၂၄ နှစ် | မ | မကွေးတိုင်းဒေသကြီး၊ ကံမမြို့နယ် | ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ လည်ချောင်းနာခြင်း | ၉-၃-၂၀၂၀ | တရုတ်ပြည်သူ့ သမ္မတနိုင်ငံ၊ ဟူနန်ပြည်နယ်၊ ရွဲယဉ်မြို့ | ၇-၃-၂၀၂၀ | ကြို့ပင် တိုက်နယ်ဆေးရုံ | မရှိပါ | ကြို့ပင်တိုက်နယ် ဆေးရုံ (၁၁-၃-၂၀၂၀) | |
| ၃ | ၃၅ နှစ် | ကျား | ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့ | ဖျားခြင်း | ၁၁-၃-၂၀၂၀ | ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့ | ၁၁-၃-၂၀၂၀ | ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ် | မရှိပါ | ဝေဘာဂီအထူးကု ဆေးရုံကြီး (၁၁-၃-၂၀၂၀) | |
| ၄ | ၂၃ နှစ် | မ | မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ် | ချောင်းဆိုးခြင်း၊ ရင်ကျပ်ခြင်း | ၉-၃-၂၀၂၀ | တရုတ်ပြည်သူ့ သမ္မတနိုင်ငံ၊ ရွှေလီမြို့ | ၂၆-၂-၂၀၂၀ | မန္တလေး ခုတင် (၃၀၀) သင်ကြားရေး ဆေးရုံကြီး | မရှိပါ | မန္တလေး ခုတင် (၃၀၀) သင်ကြားရေး ဆေးရုံကြီး | |
| ၅ | ၃၇ နှစ် | မ | ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ် | ဖျားခြင်း၊ လည်ချောင်းနာခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း | ၁၀-၃-၂၀၂၀ | မလေးရှားနိုင်ငံ၊ ကွာလာလမ်ပူ မြို့ | ၉-၃-၂၀၂၀ | ရန်ကုန်ပြည်သူ့ ဆေးရုံကြီး | မရှိပါ | ရန်ကုန်ပြည်သူ့ ဆေးရုံကြီး | |

# COVID-19 ရောဂါနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

(၄-၁-၂၀၂၀ ရက်နေ့မှ ၁၁-၃-၂၀၂၀ ရက်နေ့ထိ) ၁၁-၃-၂၀၂၀ ရက်နေ့၊ ည ၈:၁၅ နာရီ

**၁။ ကမ္ဘာ့နိုင်ငံများ၏ COVID-19 ရောဂါဖြစ်ပွားမှုအခြေအနေ**

(ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ (၁၀-၃-၂၀၂၀) ရက်နေ့ မြန်မာစံတော်ချိန် (၁၅:၃၀) နာရီအချိန် ထုတ်ပြန်ချက်)

- ကမ္ဘာပေါ်တွင် ရောဂါဖြစ်ပွားနေသည့်နိုင်ငံစုစုပေါင်း - (၁၁၀) နိုင်ငံ
- ကမ္ဘာ့နိုင်ငံများတွင် ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း - (၁၁၃,၇၀၂) ဦး
- ကမ္ဘာ့နိုင်ငံများတွင် သေဆုံးသူ စုစုပေါင်း - (၄,၀၁၂) ဦး
- ကမ္ဘာပေါ်တွင် သေဆုံးမှုရာခိုင်နှုန်း - (၃.၅) %
- ကမ္ဘာပေါ်တွင် ဖြစ်ပွား/ သေဆုံးမှုများသော နိုင်ငံများမှာ -

| စဉ် | နိုင်ငံ | စဖြစ်သည်မှ ယခုအချိန်ထိ | |
|---|---|---|---|
| | | ဓာတ်ခွဲအတည်ပြု ဖြစ်ပွားသူ စုစုပေါင်း | သေဆုံးသူစုစုပေါင်း |
| ၁ | အီတလီ | ၉,၁၇၂ | ၄၆၃ |
| ၂ | ကိုရီးယားသမ္မတနိုင်ငံ | ၇,၅၁၃ | ၅၄ |
| ၃ | အီရန် | ၇,၁၆၁ | ၂၃၇ |
| ၄ | ပြင်သစ် | ၁,၄၀၂ | ၃၀ |
| ၅ | ဂျာမနီ | ၁,၁၃၉ | ၂ |
| (၅) နိုင်ငံ စုစုပေါင်း | | ၂၆,၃၈၇ | ၇၈၆ |

- ကမ္ဘာ့ဒေသ အသီးသီးတွင် ရောဂါကူးစက်ဖြစ်ပွားသော နိုင်ငံများ ဆက်တိုက်များပြားလာခဲ့ကြောင်းနှင့် နိုင်ငံပြင်ပမှ ရောဂါကူးစက်မှု (Imported case) များသာမက နိုင်ငံတွင်း၌ပါ ရောဂါကူးစက်မှု (Local transmission) များ ရှိလာပါကြောင်း တွေ့ရှိရပါသည်။
- တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြင်ပတွင် နိုင်ငံတွင်းကူးစက်မှုဖြစ်ပွားသော နိုင်ငံ(၆၁) နိုင်ငံမှာ -

| စဉ် | ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ သတ်မှတ်ထားသော ဒေသကြီးများ | နိုင်ငံ |
|---|---|---|
| ၁။ | အနောက်ပစိဖိတ်ဒေသ | - ကိုရီးယားသမ္မတနိုင်ငံ၊ ဂျပန်၊ စင်ကာပူ၊ ဩစတြေးလျ၊ မလေးရှား၊ ဗီယက်နမ်၊ ဖိလစ်ပိုင်၊ နယူးဇီလန်၊ ကမ္ဘောဒီးယား |
| ၂။ | ဥရောပဒေသ | - အီတလီ၊ ဂျာမနီ၊ ပြင်သစ်၊ စပိန်၊ ဆွစ်ဇာလန်၊ အင်္ဂလန်၊ နယ်သာလန်၊ ဘယ်လ်ဂျီယံ၊ ဆွီဒင်၊ နော်ဝေး၊ ဩစတြီးယား၊ ဂရိ၊ အိုက်စလန်၊ ဒိန်းမတ်၊ ဆန်မာရီနို၊ ချက်သမ္မတနိုင်ငံ၊ အစ္စရေး၊ ပေါ်တူဂီ၊ ဖင်လန်၊ အိုင်ယာလန်၊ ရိုမေးနီးယား၊ ဆလိုဗေးနီးယား၊ ခရိုအေးရှား၊ ဟန်ဂေရီ၊ ဘယ်လာရုစ်၊ ဆလိုဗေးကီးယား၊ ဘော့စနီးယားနှင့် ဟာဇီဂိုဗီးနား၊ ဘူဂေးရီးယား၊ ပိုလန်၊ မြောက်မက်စီဒိုးနီးယား |
| ၃။ | အရှေ့တောင်အာရှဒေသ | - ထိုင်း၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ မော်လ်ဒိုက်၊ ဘင်္ဂလားဒေ့ရှ် |
| ၄။ | အရှေ့အလယ်ပိုင်းဒေသ | - အီရန်၊ ဘာရိန်း၊ အီရတ်၊ အီဂျစ်၊ ယူအေအီး၊ လက်ဘနွန်၊ ပါကစ္စတန် |
| ၅။ | အမေရိကဒေသ | - အမေရိကန်၊ ကနေဒါ၊ ဘရာဇီး၊ အီကွေဒေါ၊ ချီလီ၊ ကော်စတာရီကာ၊ ပီရူး |
| ၆။ | အာဖရိကဒေသ | - အယ်လ်ဂျီးရီးယား၊ ကမ်မရွန်း |
| ၇။ | နယ်မြေဒေသ | - ပါလက်စတိုင်းနယ်မြေ |

- သို့ဖြစ်ပါ၍ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ (၂၈-၂-၂၀၂၀) ရက်နေ့ ထုတ်ပြန်ချက်တွင် COVID-19 ရောဂါကူးစက်ပြန့်ပွားနိုင်မှုအခြေအနေ (Risk Assessment) အား-
  - တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဒေသတွင်းနိုင်ငံများနှင့် ကမ္ဘာ့နိုင်ငံများအားလုံးတွင် အလွန်မြင့်မားသည့် အဆင့် (Very High) အဖြစ် တိုးမြှင့်သတ်မှတ်ခဲ့ပါသည်။
- ကိုရီးယားသမ္မတနိုင်ငံ၊ အီတလီနိုင်ငံနှင့် အီရန်နိုင်ငံတို့၏ရောဂါဖြစ်ပွားမှု၊ သေဆုံးမှုသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြင်ပအခြားနိုင်ငံများတွင် ရောဂါဖြစ်ပွားမှုအားလုံး၏ (၇၄.၃ %) ခန့်နှင့် သေဆုံးမှုအားလုံး၏ (၈၇.၂ %) ခန့်ရှိပါသည်။
- လက်ရှိအချိန်၌ ကမ္ဘာပေါ်တွင် COVID-19 ရောဂါအတည်ပြုလူနာ မတွေ့ရှိရသေးသော ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံ စုစုပေါင်း (၈၄) နိုင်ငံရှိပြီး ထိုနိုင်ငံများထဲတွင် မြန်မာနိုင်ငံလည်း ပါဝင်ကြောင်း တွေ့ရှိရပါသည်။
- ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ထုတ်ပြန်ချက်များအရ တရုတ်ပြည်သူ့သမ္မတနိုင်ငံရှိ ဓာတ်ခွဲ အတည်ပြုလူနာများတွင် (၇၀ %) ကျော်သည် ရောဂါသက်သာပျောက်ကင်း၍ ဆေးရုံမှ ဆင်းခွင့်ရရှိခဲ့ကြောင်း သိရှိရပါသည်။

**၂။ မြန်မာနိုင်ငံ၏ COVID-19 ရောဂါဖြစ်ပွားမှုအခြေအနေ (၁၁-၃-၂၀၂၀) ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီအချိန်ထိ)**

| | ဓာတ်ခွဲစစ်ဆေးမှု အခြေအနေ | | | | လူနာဦးရေ စုစုပေါင်း |
|---|---|---|---|---|---|
| | ပိုးတွေ့ | ပိုးမတွေ့ | ဓာတ်ခွဲရလဒ် စောင့်ဆိုင်းဆဲ | ဓာတ်ခွဲနမူနာ ရယူရန် စီစဉ်ဆဲ | |
| စောင့်ကြည့်လူနာ | - | ၇၆ | ၈ | ၄ | ၈၈ |
| သံသယလူနာ | - | ၂ | - | - | ၂ |
| စုစုပေါင်း | - | ၇၈ | ၈ | ၄ | ၉၀ |

၃။ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိဆေးရုံများတွင် (၃၁-၁-၂၀၂၀) ရက်နေ့မှ (၁၁-၃-၂၀၂၀) ရက်နေ့အထိ စောင့်ကြည့်လူနာတွေ့ရှိရမှု အခြေအနေများမှာ ရန်ကုန်တိုင်းဒေသကြီးတွင် (၃၅) ဦး၊ ရှမ်းပြည်နယ်တွင် (၁၇) ဦး၊ မန္တလေးတိုင်းဒေသကြီးတွင် (၁၆) ဦးနှင့် အခြားတိုင်းဒေသကြီး/ ပြည်နယ်များတွင် (၂၂) ဦး စုစုပေါင်း (၉၀) ဦးတို့ဖြစ်ပါသည်။

၄။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် COVID-19 ရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်းများအား ဆောင်ရွက်ရာတွင်-

(က) ဆင့်ပွားကူးစက်ပျံ့နှံ့မှုများအား ကာကွယ်နိုင်ရေးအတွက် လူနာနှင့် အနီးကပ်ထိတွေ့သူများ (အတူနေမိသားစုများနှင့် ကျန်းမာရေးဝန်ထမ်းများစသည်) တို့အား ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းနှင့် ဆေးရုံ၊ ဆေးခန်းများတွင် ရောဂါပိုးကူးစက်မှုကာကွယ်ထိန်းချုပ်ခြင်းလုပ်ငန်းများအား အစဉ်တစိုက် ဆက်လက်အားဖြည့်ဆောင်ရွက်ခြင်း၊

(ခ) သံသယလူနာနှင့် စောင့်ကြည့်လူနာများအား စောစီးစွာရှာဖွေဖော်ထုတ်ခြင်း၊ သီးခြားထားရှိကုသခြင်းနှင့် ထိရောက်ကောင်းမွန်သည့်ကုသမှုများ ပေးလျက်ရှိခြင်း၊

(ဂ) ကျန်းမာရေးဝန်ထမ်းများအား မှန်ကန်ထိရောက်သည့် ရောဂါကာကွယ်ရေးလုပ်ငန်းများအား တိကျစွာဆောင်ရွက်နိုင်ရန် လုပ်ငန်းလမ်းညွှန်ချက်များအား ရေးသားဖြန့်ဝေခြင်းနှင့် ပြည်သူလူထုမှ လိုက်နာဆောင်ရွက်ရမည့် လမ်းညွှန်ချက်များအား ဖြန့်ဝေခြင်း၊

(ဃ) ကမ္ဘာ့နိုင်ငံများအပါအဝင် မြန်မာနိုင်ငံ၌ လတ်တလောဖြစ်ပွားနေသော အခြေအနေများ၊ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများအား နိုင်ငံပိုင်သတင်းစာမျက်နှာများနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ (www.mohs.gov. mm) နှင့် လူမှုကွန်ရက်စာမျက်နှာများ (https://www.facebook.com/ MinistryOfHealthAndSportsMyanmar နှင့် https://www.facebook.com/MyanmarCDC) တို့တွင် ဖော်ပြခြင်းနှင့် တစ်ပြိုင်တည်းမှာပင် ပြည်သူလူထုအကြား ပျံ့နှံ့လေ့ရှိသည့် သတင်းအမှားများအား သတင်းအမှန်များဖြင့် အချိန်နှင့်တစ်ပြေးညီ တုံ့ပြန်ဆောင်ရွက်ခြင်း၊

(င) COVID – 19 ရောဂါကြောင့် ပြည်သူလူထု၏ လူမှုစီးပွားထိခိုက်မှုများ နည်းပါးစေရန် သက်ဆိုင်ရာနီးနွှယ်ဌာနများဖြင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(စ) ကျန်းမာရေးအသိပညာပေးလုပ်ငန်းများအား မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၊ လူမှုရေးအသင်းအဖွဲ့များ (Civil Society Organizations)နှင့် ပြည်သူလူထုအခြေပြုအသင်းအဖွဲ့များ (Community Based Organizations) တို့မှ ပူးပေါင်း၍ တိုင်းဒေသကြီး/ ပြည်နယ်များရှိ လူစည်ကားသည့်နေရာများဖြစ်သည့် ကားဂိတ်များ၊ ဈေးများစသည့်နေရာများတွင် COVID-19 ကျန်းမာရေးအသိပညာပေးလုပ်ငန်းများအား Hand Held Loud Speaker များဖြင့် ပိုမိုဆောင်ရွက်စေခြင်း၊

၅။ မြန်မာနိုင်ငံတွင် လက်ရှိအချိန်၌ COVID-19 ရောဂါ ဖြစ်ပွားသူလူနာမတွေ့ရှိသေးသော်လည်း -

- ရောဂါစတင်ဖြစ်ပွားသော တရုတ်ပြည်သူ့သမ္မတနိုင်ငံအပြင် ကိုရီးယားသမ္မတနိုင်ငံ၊ အီတလီနိုင်ငံနှင့် အီရန်နိုင်ငံ၊ ပြင်သစ်နိုင်ငံနှင့် ဂျပန်နိုင်ငံတို့၌ အရှိန်အဟုန်ဖြင့် ရောဂါကူးစက်ဖြစ်ပွားလျက်ရှိပြီး သေဆုံးမှုနှုန်းလည်းမြင့်တက်လျက်ရှိသည်ကို သိရှိရပါသည်။
- အဆိုပါနိုင်ငံများမှ ခရီးသည်များသည် လေကြောင်းခရီးဖြင့် တိုက်ရိုက်သော်လည်းကောင်း၊ အခြားနိုင်ငံများတွင် ရပ်နားဖြတ်သန်းပြီးသော် လည်းကောင်း၊ မြန်မာနိုင်ငံသို့ ဝင်ရောက်နိုင်သည့်အခြေအနေများစွာ ရှိနေပါသည်။
- ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် အပြည်ပြည်ဆိုင်ရာလေဆိပ်များ၌ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ၊ နိုင်ငံတကာခရီးသည်များ တည်းခိုနေထိုင်မည့် ဟိုတယ်၊ တည်းခိုခန်းနှင့် အိမ်များ၌ ရောဂါစောင့်ကြပ်ကြည့်ရှုရေးလုပ်ငန်းများအား နီးနွှယ်ဝန်ကြီးဌာနများနှင့် ပူးပေါင်းကာ အထူးအားဖြည့်၍ဆောင်ရွက်လျက်ရှိပါသည်။
- COVID-19 ရောဂါ လူနာများနှင့် အနီးကပ်ထိတွေ့ခဲ့ခြင်းမရှိသူ (သို့မဟုတ်) ရောဂါဖြစ်ပွားရာ ဒေသ၊ နိုင်ငံများသို့ လတ်တလောသွားရောက်ခဲ့သော ခရီးသွားရာဇဝင်မရှိသူများတွင်လည်း ရောဂါကူးစက်ဖြစ်ပွားမှုဖြစ်စဉ် (နိုင်ငံတွင်းရောဂါကူးစက်မှု - Local transmission) များအား နိုင်ငံအချို့တွင် တွေ့ရှိနေရပါသည်။
- ရောဂါလက္ခဏာမပြသေးသော်လည်း ရောဂါရှိသူ (Asymptomatic carrier) တစ်ဦးထံမှ အခြားသူများထံသို့ ရောဂါကူးစက်ပြန့်ပွားရာတွင် အလုံပိတ်အခန်း (သို့မဟုတ်) လေယာဉ်၊ သင်္ဘော၊အဝေးပြေးဘတ်စ်ကားကဲ့သို့သော နေရာများတွင် ရောဂါကူးစက်မှုများပြားနိုင်ကြောင်း တွေ့ရှိရ၍ ပြည်သူလူထုများအနေဖြင့် သတိပြုရန်လိုအပ်ပါသည်။

၆။ မြန်မာနိုင်ငံတွင်လည်း ရောဂါဖြစ်ပွားသူအများအပြား ရုတ်တရက်တစ်ပြိုင်နက်တွေ့ရှိလာနိုင်ပြီး ပြည်သူများအတွင်း ၌ ကူးစက်ဖြစ်ပွားနိုင်ခြင်းတို့ကြောင့် ပြည်သူများနှင့် လူမှုရေးအဖွဲ့အစည်းများအနေဖြင့် -

(က) ယခုကာလအတွင်း လူစုလူဝေးများပြားရာနေရာများနှင့် ပွဲလမ်းသဘင်ရှိရာနေရာများကို အတတ်နိုင်ဆုံးရှောင်ကြဉ်ကြပါရန်၊

(ခ) အခြေအနေ အကြောင်းကြောင်းကြောင့် မဖြစ်မနေကျင်းပရမည့် လူစုလူဝေးနှင့် ပွဲလမ်းသဘင်များကိုသာပြုလုပ်ကြပါရန်၊

(ဂ) အထူးသဖြင့် အသက်အရွယ်ကြီးရင့်သူများနှင့် မကူးစက်နိုင်သော ရောဂါဖြစ်ပွားနေသူများသည် မိမိတို့၏ကျန်းမာရေးအား ဂရုတစိုက်ထိန်းသိမ်းပါရန်၊

(ဂ) ရောဂါဖြစ်ပွားနေသူ၏ ချောင်းဆိုးခြင်း၊ နှာချေခြင်းတို့မှ ထွက်ရှိလာသော အမှုန်အမွှားများမှတစ်ဆင့် ရောဂါ ကူးစက်နိုင်သဖြင့် လက်ကိုမကြာခဏ ဆပ်ပြာဖြင့် ဆေးကြောပေးရန်အတွက် ပွဲလမ်းသဘင်များတွင်ဆပ်ပြာနှင့် ရေ (သို့မဟုတ်) လက်သန့်စင်ဆေးရည် (Hand Sanitizer) များ စီစဉ်ထားရှိရန်၊

(ဃ) ပွဲလမ်းသဘင်များ မကျင်းပမီ COVID-19 ရောဂါနှင့်ပတ်သက်သည့် သတင်းအချက်အလက်များအား (၅) မိနစ်ခန့် အချိန်ယူပြောကြားရန်၊

(င) အကယ်၍ ထိုသို့မလွှဲမရှောင်သာကျင်းပရပါက တက်ရောက်သည့်လူအရေအတွက် နည်းနိုင်သမျှနည်းပါးစေရန်နှင့် ဖျားနာသူများနှင့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါရှိသူများ မလာရောက်စေရေး အစီအမံများ တင်းကျပ်စွာပြုလုပ်ရမည့်အပြင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသောရောဂါကာကွယ်ရေးကျန်းမာရေးအသိပညာပေးနှိုးဆော်ချက်များကိုလည်း တိကျစွာ စနစ်တကျလိုက်နာဆောင်ရွက်ကြပါရန်နှင့် ပြည်သူလူထု၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုသည် ရောဂါဖြစ်ပွားမှုနှင့် သေဆုံးမှုများ လျှော့ချနိုင်မည်ဖြစ်သည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ တိုက်တွန်းအကြံပြုပြောကြားထားကြောင်း သိရှိရပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

**အများအားဖြင့် သာယာမည်**

**နေပြည်တော် မတ် ၁၁ –** နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။ မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် နေ့အပူချိန်များ အနည်းငယ်တိုးလာနိုင်သည်။

**မိုး/ဇလ**

# ဒုတိယသမ္မတဟောင်း ဂျိုးဘိုင်ဒင် မဲဆန္ဒနယ်လေးခုတို့တွင် အနိုင်ရဖွယ်ရှိ

ဝါရှင်တန် မတ် ၁၁

အမေရိကန် အကြိုရွေးကောက်ပွဲအတွင်း အမေရိကန်ဒုတိယသမ္မတဟောင်း ဂျိုးဘိုင်ဒင်သည် ဗားမောင့်မဲဆန္ဒနယ်မှ အထက်လွှတ်တော်အမတ် ဘာနီဆန်ဒါးကို ကျော်လွန်ကာ အဓိကမဲဆန္ဒနယ်များဖြစ်သည့် အိုင်ဒါဟို၊ မစ္စစ္စပီ၊ မစ်ဆိုရီနှင့် မီချီဂန် ဒေသလေးခုတို့တွင် အနိုင်ရရှိဖွယ်ရှိကြောင်း သိရသည်။




အမေရိကန်ဒုတိယသမ္မတဟောင်း ဂျိုးဘိုင်ဒင်

နိုဝင်ဘာလတွင် ကျင်းပမည့် သမ္မတ ရွေးကောက်ပွဲအတွက် ဒီမိုကရက်တစ်ပါတီ ကိုယ်စားပြုကိုယ်စားလှယ်ရွေးချယ်ရန် မတ် ၁၀ ရက်က အမေရိကန်ရှိ ဒေသပေါင်းခြောက်ခုတို့တွင် အကြိုရွေးကောက်ပွဲများကျင်းပခဲ့သည်။

ဒုတိယသမ္မတဟောင်း ဂျိုးဘိုင်ဒင်က မိမိတို့အနေဖြင့် သမ္မတ ဒေါ်နယ်ထရမ့်ကို အတူတကွ အနိုင်ယူရန် ကြိုးပမ်းကြမည်ဖြစ်ကြောင်း ၎င်းကို ထောက်ခံသူများအား ပြောကြားခဲ့သည်။ Super Tuesday မဲဆန္ဒနယ်ပေါင်း ၁၄ ခုတို့အနက် ၁၀ ခုတို့တွင် အနိုင်ရရှိခဲ့ပြီးနောက် ပြီးခဲ့သည့် ရက်သတ္တပတ်တွင် မစ္စတာဘိုင်ဒင်သည် မစ္စတာ ဆန်ဒါးထက် ရှေ့ရောက်လာခဲ့သည်။

မစ္စတာဘိုင်ဒင်သည် ရွေးကောက်ပွဲအတွင်း ပါဝင်ယှဉ်ပြိုင်မှုမှ နုတ်ထွက်သွားသည့် အလယ်အလတ်လမ်းစဉ်ကိုလိုက်သည့် အခြားကိုယ်စားလှယ်အချို့၏ ထောက်ခံမှုကိုပါ ရရှိထားသည်။

၎င်းသည် ဒုတိယသမ္မတဟောင်း တစ်ဦး ဖြစ်ခဲ့ခြင်းဆိုသော ဂုဏ်ပုဒ်ကိုလည်း အခွင့်ကောင်းတစ်ခုအနေဖြင့် အသုံးချကာ ထောက်ခံမှုများရရှိလျက်ရှိကြောင်း အမေရိကန်သတင်းမီဒီယာအချို့က ဖော်ပြသည်။

**အေအက်ဖ်ပီ**

# ကိုရိုနာဗိုင်းရပ်စ် ကူးစက်ပြန့်ပွားမှုကြောင့် ဖြစ်ပေါ်လာသည့်ဂယက်ရိုက်မှုများကို လျှော့ချရေးဆိုင်ရာလုပ်ငန်းစဉ် ဒုတိယမြောက်စီမံချက်အား ဂျပန်အစိုးရ ထုတ်ပြန်ကြေညာ



ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေး

တိုကျို မတ် ၁၁

ကိုရိုနာဗိုင်းရပ်စ် ကူးစက်ပြန့်ပွားမှုကြောင့် ဖြစ်ပေါ်လာသည့်ဂယက်ရိုက်မှုများကို လျှော့ချရေးဆိုင်ရာလုပ်ငန်းစဉ် ဒုတိယမြောက်စီမံချက်အား ဂျပန်အစိုးရက မကြာသေးမီက ထုတ်ပြန် ကြေညာလိုက်ကြောင်း သိရသည်။

ကူးစက်ပြန့်ပွားမှု တားဆီးကာကွယ်ရေးလုပ်ငန်းအဖွဲ့ အစည်းအဝေးတွင် ဂျပန်အစိုးရက အမေရိကန်ဒေါ်လာ လေးဘီလီယံကျော်တန်ဖိုးရှိသည့် အစီအစဉ်များကို အတည်ပြုခဲ့ကြောင်း သိရသည်။

အဆိုပါ အစီအစဉ်များတွင် ကျောင်းများပိတ်လိုက်သည့်အတွက် အလုပ်မှ ခွင့်ယူရန် အကြောင်းဖန်လာသည့် မိဘများအတွက် ထောက်ပံ့ရေးများလည်းပါဝင်သည်။ ၎င်းတို့အား ဝင်ငွေဆိုင်ရာ အကူအညီပေးနိုင်ရေးအတွက် ထောက်ပံ့ကြေး အစီအစဉ်တစ်ခုကိုလည်း အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ကိုရိုနာဗိုင်းရပ်စ်ပြန့်ပွားနေသည့် အချိန်တွင် ရောင်းအားကျနေသည့် အသေးစားစီးပွားရေးလုပ်ငန်းများကို အပေါင်ပစ္စည်းမပါဘဲ အတိုးမဲ့ အထူးချေးငွေထုတ်ပေးမည့် အစီအစဉ်လည်း ပါဝင်ကြောင်း သိရသည်။

နောက်ထပ် ၁၀ ရက်အတွင်း လူအများအပြားပါဝင်သည့် ပွဲလမ်းသဘင်၊ လူစုလူဝေးပြုလုပ်သည့်ကိစ္စများကို ဆက်လက်ရှောင်ရှားကြရန် ပွဲစီစဉ်သူများကို တောင်းဆိုသွားမည်ဟု ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက ပြောကြားခဲ့သည်။

လတ်တလော ခရီးသွားခဲ့သည့် နိုင်ငံခြားသားများကိုလည်း ဂျပန်ပြည်ဝင်ခွင့်ဗီဇာ ပိတ်သွားမည်ဟုလည်း ၎င်းက အရိပ်အမြွက်ပြောကြားခဲ့ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

# ဒီမိုကရက်တစ်ပါတီရွေးကောက်ပွဲ မဲဆွယ်စည်းရုံးမှုများကို ဖျက်သိမ်း

ဝါရှင်တန် မတ် ၁၁

အမေရိကန်ပြည်ထောင်စုအတွင်း ကိုရိုနာဗိုင်းရပ်စ်ပြန့်ပွားမှုအပေါ် စိုးရိမ်မှုကြောင့် ဒီမိုကရက်တစ်ပါတီရွေးကောက်ပွဲ မဲဆွယ်စည်းရုံးမှုများကို ဖျက်သိမ်းလိုက်ကြောင်း သိရသည်။

ဒီမိုကရက်တစ်ပါတီသမ္မတလောင်းဖြစ်ရေး ယှဉ်ပြိုင်နေကြသည့် ဗားမောင့်အထက်လွှတ်တော်အမတ် ဘာနီဆန်ဒါးနှင့် ဒုတိယသမ္မတဟောင်း ဂျိုးဘိုင်ဒင်တို့သည် မဲဆွယ်စည်းရုံးမှုများကို ဖျက်သိမ်းလိုက်ကြောင်း ကြေညာခဲ့သည်။ အထက်လွှတ်တော်အမတ် ဆန်ဒါးနှင့် ဒုတိယသမ္မတဟောင်း ဘိုင်ဒင်တို့၏ ၂၀၂၀ ရွေးကောက်ပွဲနောက်ပိုင်း မဲဆွယ်စည်းရုံးရေးများကိုလည်း အခြေအနေကြည့်ကာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

ဒီမိုကရက်တစ်ပါတီ၏ ပြည်နယ်ခြောက်ခုတွင် ကျင်းပမည့် ရွေးကောက်ပွဲတွင် ဗားမောင့်အထက်လွှတ်တော်အမတ် ဘာနီဆန်ဒါးထက် ပိုပြီးအခိုင်အမာ အနိုင်ရရန် ဒုတိယသမ္မတဟောင်း ဂျိုးဘိုင်ဒင်က မျှော်လင့်လျက်ရှိသည်။ ဒီမိုကရက်တစ်သမ္မတလောင်း ရွေးကောက်ခံရသူသည် လာမည့်နိုဝင်ဘာလတွင် လက်ရှိသမ္မတ ဒေါ်နယ်ထရမ့်နှင့် ယှဉ်ပြိုင်ရွေးကောက်ခံရမည်ဖြစ်ကြောင်း သိရသည်။

**အေအက်ဖ်ပီ**

# ဆော်ဒီအာရေဗျနှင့် ရုရှားတို့ ရေနံထုတ်လုပ်မှု မြှင့်တင်မည်

ရီယာ့ဒ် မတ် ၁၁

ကမ္ဘာတစ်ဝန်း ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှု အရှိန်မြင့်နေသည့်အတွက် ရေနံဝယ်လိုအား လျော့ကျသွားနိုင်မှုအပေါ် စိုးရိမ်ကြောင့်ကြမှုများရှိနေသော်လည်း ဆော်ဒီအာရေဗျနှင့် ရုရှားတို့က ရေနံစိမ်းထုတ်လုပ်မှုကို မြှင့်တင်သွားမည်ဖြစ်ကြောင်း ကြေညာခဲ့သည်။ ဆော်ဒီအာရေဗျနိုင်ငံပိုင် ရေနံကုမ္ပဏီဖြစ်သည့် ဆော်ဒီအာရမ်ကို လာမည့်လတွင် ရေနံထုတ်လုပ်မှုကိုတိုးမြှင့်ကာ တစ်ရက်လျှင် ရေနံစိမ်းစည်ပေါင်း ၁၂ ဒသမ ၃ သန်းအထိ ထုတ်လုပ်မည်ဖြစ်ကြောင်း ယမန်နေ့က ကြေညာခဲ့သည်။ ရုရှားစွမ်းအင်ဝန်ကြီး အလက်ဇန်းဒါး နိုဗက်က ရုရှားနိုင်ငံအနေဖြင့် အချိန်တိုကာလအတွင်း တစ်ရက်လျှင် ရေနံစည် ၃၀၀၀၀၀ နှင့်အထက် တိုးမြှင့်ထုတ်လုပ်သွားနိုင်ကြောင်း ပြောကြားခဲ့သည်။

**အေအက်ဖ်ပီ**

# ဗီယက်နမ်နိုင်ငံတွင် ရောဂါဖြစ်ပွားသည့် လူနာပေါင်း ၃၅ ဦးအထိရှိ

ဟနွိုင်း မတ် ၁၁

ဗီယက်နမ်နိုင်ငံအလယ်ပိုင်း ဒါနန်မြို့တွင် ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားသူ လူနာသစ်တစ်ဦးတွေ့ရှိခဲ့ကြောင်း မတ် ၁၁ ရက်က ဗီယက်နမ်နိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနကအတည်ပြုခဲ့ပြီး နိုင်ငံအတွင်း ရောဂါဖြစ်ပွားသည့် လူနာပေါင်း ၃၅ ဦးအထိ ရောက်ရှိလာပြီဖြစ်ကြောင်း ပြောကြားလိုက်သည်။

အတည်ပြုလိုက်သော ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသည့်နောက်ဆုံးလူနာမှာ ဒါနန်မြို့ရှိ လျှပ်စစ်ပစ္စည်းဆိုင်တွင် အရောင်းဝန်ထမ်းအဖြစ် လုပ်ကိုင်နေသော ဗီယက်နမ်လူမျိုး အမျိုးသမီးတစ်ဦးဖြစ်ကြောင်း သိရသည်။ အဆိုပါအမျိုးသမီးသည် လွန်ခဲ့သော ရက်အနည်းငယ်အတွင်းက ဗြိတိန်နိုင်ငံသားနှစ်ဦးနှင့် ထိတွေ့ပြောဆိုဆက်ဆံခဲ့ကြောင်း သိရသည်။

ဒါနန်မြို့တွင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူ စုစုပေါင်း သုံးဦးအထိရှိလာခဲ့ကြောင်းသိရသည်။ ဗီယက်နမ်နိုင်ငံတွင် စုစုပေါင်း ရောဂါကူးစက်ခံရသူပေါင်း ၃၅ ဦးအထိရှိပြီး ၁၆ ဦးမှာ ဆေးရုံမှဆင်းသွားပြီဖြစ်ကြောင်း သိရသည်။

ဗီယက်နမ်နိုင်ငံတွင် မြို့တော်ဟနွိုင်းနှင့် တောင်ပိုင်း ဟိုချီမင်းမြို့ အပါအဝင် ပြည်နယ်နှင့် မြို့စုစုပေါင်း ၁၂ ခုတွင် နိုဗယ်ကိုရိုနာဗိုင်းရပ်စ်ကူးစက်ပြန့်ပွားမှုများဖြစ်ပွားလျက်ရှိကြောင်း၊ ယနေ့အချိန်အထိ ဗီယက်နမ်နိုင်ငံတွင် လူဦးရေ ၂၅၀၀၀ နီးပါးကို စောင့်ကြည့်စစ်ဆေး ကုသလျက်ရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်များအရ သိရသည်။

**ဆင်ဟွာ**

# ကိုရိုနာဗိုင်းရပ်စ်ကူးစက်ဖြစ်ပွားနေချိန် နှာခေါင်းစည်းများ ဈေးတင်ရောင်းချမှု တားမြစ်သည့်အမိန့်ကို အစိုးရအတည်ပြု

တိုကျို မတ် ၁၁

ဂျပန်၌ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ဖြစ်ပွားနေချိန် နှာခေါင်းစည်းများ ဈေးတင်ရောင်းချမှု တားမြစ်သည့်အမိန့်ကို အစိုးရကအတည်ပြုလိုက်ပြီးဖြစ်ရာ လာမည့် မတ် ၁၅ ရက်တွင် အဆိုပါ အမိန့်စတင်သက်ရောက်မည် ဖြစ်ကြောင်း သိရသည်။

ကိုရိုနာဗိုင်းရပ်စ်ကူးစက်ပြန့်ပွားမှု အရှိန်မြင့်လာနေသည်နှင့် အမျှ နှာခေါင်းစည်းများ ပြတ်လပ်လျက်ရှိရာ အစိုးရက အဆိုပါတားမြစ်မှုကို အတည်ပြုခဲ့ခြင်းဖြစ်သည်။ တားမြစ်ချက်ကို လိုက်နာခြင်းမရှိသူများသည် ထောင်ဒဏ်တစ်နှစ်အထိ သို့မဟုတ် အမေရိကန်ဒေါ်လာ ၉၇၀၀ ဒဏ်ငွေ ကျခံရမည် ဖြစ်သည်။

နှာခေါင်းစည်းများကို အွန်လိုင်းမှတစ်ဆင့် ဈေးတင်ရောင်းချရန် ပစ္စည်းသိုလှောင်ထားမှုများကြောင့် နှာခေါင်းစည်းမလုံလောက်မှုများ ပိုမိုဆိုးရွားစွာ ဖြစ်စေခဲ့ကြောင်း အာဏာပိုင်များက ပြောသည်။ ဆေးကုသရေးနှင့် ပြုစုစောင့်ရှောက် ရေးဂေဟာများတွင် နှာခေါင်းစည်းမလုံလောက်မှုကို ရင်ဆိုင်ရလျက်ရှိသည်။ သို့ဖြစ်ရာ နှာခေါင်းစည်းလက်လီရောင်းချသည့်ဆိုင်များနှင့် အခြားနေရာများမှ ဝယ်ယူရသည့်ဈေးနှုန်းထက် ပိုတင်ကာရောင်းချနေမှုများကို အစိုးရက တရားဝင်တားမြစ်ပိတ်ပင်သွားမည်ဖြစ်ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

# ပါကစ္စတန် လေတပ်တိုက်လေယာဉ်တစ်စင်း လေ့ကျင့်မှုပြုလုပ်စဉ် ပျက်ကျမှုဖြစ်ပွား

အစ္စလမ္မာဘတ် မတ် ၁၁

ပါကစ္စတန်နိုင်ငံမြို့တော် အစ္စလမ္မာဘတ်တွင် ပါကစ္စတန်လေတပ်တိုက်လေယာဉ်တစ်စင်း မတ် ၁၁ ရက်က ပျက်ကျသွားခဲ့ကြောင်း သိရသည်။

အဆိုပါပျက်ကျမှုဖြစ်ပွားခဲ့သည့် တိုက်လေယာဉ်သည် အက်ဖ်-၁၆ အမျိုးအစားဖြစ်ကာ ပါကစ္စတန် စစ်ရေးပြအခမ်းအနားမတိုင်မီ အကြိုလေ့ကျင့်မှုအတွင်း ပျက်ကျသွားခဲ့ခြင်းဖြစ်ကြောင်း ပါကစ္စတန်လေတပ်မှ ဆက်အာမာရာဇာက ပြောကြားခဲ့သည်။

လေယာဉ်ပျက်ကျမှုသည် မတ် ၁၁ ရက် ဒေသစံတော်ချိန် ၁၁ နာရီခန့်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်းနှင့် လေယာဉ်ပျက်ကျသည့်နေရာသို့ ကယ်ဆယ်ရေးအဖွဲ့များစေလွှတ်ထားကြောင်း ၎င်းကဆက်လက် ပြောကြားသည်။

ထို့အတူ လေယာဉ်ပျက်ကျရသည့်အကြောင်းရင်းကိုသိရန် လေတပ်ဌာနချုပ်က စုံစမ်းစစ်ဆေးရေးအဖွဲ့ကို အမိန့်ပေးထားကြောင်း ၎င်းကထပ်မံပြောကြားခဲ့သည်။

လေယာဉ်ပျက်ကျမှုကြောင့် သေဆုံးဒဏ်ရာရရှိမှုနှင့်ပတ်သက်ပြီး သတင်းထုတ်ပြန်ထားခြင်းမရှိသေးကြောင်း၊ မျက်မြင်တွေ့ရှိခဲ့သူတစ်ဦးက တိုက်လေယာဉ်သည် အစ္စလမ္မာဘတ်မြို့ ရှာကာပါရင် ဧရိယာတွင် ပျက်ကျသွားခဲ့ပြီး မီးလောင်သွားခဲ့ကြောင်း ပြောကြားခဲ့သည်။

**ဆင်ဟွာ**

# ပခုက္ကူမြို့နဲ့ ဝန်းကျင်ဆီ

## Awesome Hours in Pakokku

Thiha, the Traveller @ သီဟလုလင်

*ယခင်အပတ်မှအဆက်*

### တန့်ကြည့်တောင်ဘုရား

ရေဝတီတံတားကနေ ၃၂ မိုင်သွားရပါတယ်။ အနော်ရထာမင်းကြီးတည်ထားတဲ့ တန့်ကြည့်တောင် စွယ်တော်မြတ်စေတီပါ။ သီဟိုဠ်ကနေ ပင့်လာတဲ့ စွယ်တော်ပွားကို တည်ထားတာဖြစ်ပါတယ်။ ပုဂံရဲ့ နေ့ချင်းဖူး ဆုတောင်းပြည့် စွယ်တော်လေးဆူထဲက တစ်ဆူဖြစ်ပါတယ်။

### ရွှေတန့်တစ် သရက္ခန်စေတီတော်

ရေဝတီတံတားကနေ ၇ မိုင် သွားရပါမယ်။ ခြင်္သေ့ရုပ်အကြီးကြီး နှစ်ကောင်က ဒီစေတီရဲ့ ထူးခြားတဲ့ အမှတ်အသားတစ်ခုပါ။ ဒီစေတီထဲမှာ သရက္ခန်ရုပ်ပွားတော်ကို ကိန်းဝပ်စံပယ်စေပါတယ်။ ဒီစေတီမှာပဲ သုံးနှစ်ကျော်ကြာ ထုလုပ်ထားတဲ့ ပန်းသုံးထပ် ကနုတ်တံကဲပလ္လင်တစ်ခုကိုလည်း လေ့လာနိုင်ဦးမှာပါ။

### ဆင်ကြို့ရွှေကူဘုရား

ရေဝတီတံတားကနေ ၁၅ မိုင် သွားရပါတယ်။ သရက္ခန်ရုပ်ပွားတော် ငါးဆူထဲက နောက်ထပ်တစ်ဆူကို ဒီဆင်ကြို့ရွှေကူ ဘုရားမှာ ဖူးမြင်နိုင်ပါတယ်။

### ပခန်းကြီး စည်သူရှင် မြတ်စွာဘုရား

သနပ်ခါးဈေးတန်းလေးနဲ့အတူ ပခန်းကြီး စည်သူရှင် မြတ်စွာဘုရားကို ရောက်တော့ ယုံကြည်သက်ဝင်သူတို့က သရက္ခန်ဗုဒ္ဓ ဆင်းတုတော်လေးကို ခေါင်းထက်တင်ပြီး ဆုတောင်းနေကြတာ တွေ့လိုက်ရတယ်။ သိကြားမင်းက အလောင်းစည်သူမင်းကြီးကို ဆက်သလိုက်တဲ့ သရက္ခန်ရုပ်ပွားတော် ငါးဆူထဲက ပထမသရက္ခန်ရုပ်ပွားတော်က ဒီနေရာကို ရာဇဗလဆင်တော်နဲ့ ရောက်လာတာမို့ မြန်မာသက္ကရာဇ် ၄၈၀ မှာ စေတီ တည်လို့ ကိန်းဝပ်စေခဲ့ကြောင်း ဖတ်ရပါတယ်။ အဲဒါကြောင့်လည်း ဘုရားက စည်သူရှင် ဘုရားရယ်လို့ ဘွဲ့တော် တွင်တာပါ။

### ပခန်းကျောင်းတော်ကြီး၊ ပခန်းကြီးရွာ၊ ပခန်းကြီးမြို့ရိုးတံခါးနဲ့ ရွှေဥမင်ကျောင်းတော်ကြီး

ပခန်းကြီးမြို့ဟောင်း ဒါမှမဟုတ် ပခန်းကြီးမြို့ကို ပခုက္ကူကနေ မိုင် ၂၀ လောက် သွားရပါတယ်။ ပခန်းမြို့ဟောင်းကို လေ့လာနိုင်သလို ပခန်းစည်သူရှင် မြတ်စွာ ဘုရား (သရက္ခန်ရုပ်ပွားတော် တစ်ဆူရှိ) နဲ့ လူတို့ဖက်လို့ တစ်ဖက်မမီတဲ့ ကျွန်းတိုင်လုံးကြီး ပေါင်း ၂၅၄ လုံးနဲ့ တည်ဆောက်ထားတဲ့ ပခန်းဘုန်းတော်ကြီးကျောင်းရဲ့ ဗိသုကာ လက်ရာတွေကို လေ့လာနိုင်ပါသေးတယ်။ အတော်လေး ဓာတ်ပုံရိုက်ဖို့လှတယ်။ တစ်ခုပဲ အဲဒီကျောင်းက တောင်းရမ်းတဲ့ ကလေး၊ လူကြီးတွေကတော့ ဧည့်သည်တွေအတွက် အနည်းငယ် စိတ်အနှောင့်အယှက် ဖြစ်စေ တယ်။ ဒီကျောင်းကြီးနောက်က ဘုန်းကြီး ကျောင်းမှာ စိတ်ဝင်စားစရာ ကိုကြီးကျော်ရဲ့ ရွှေသေတ္တာ၊ ငွေသေတ္တာတွေ ရှိသေးတယ်။ ဆရာတော်တွေထံ ခွင့်တောင်းပြီးတော့ ကြည့်လို့ရပါတယ်။ ဒါ့အပြင် ပုဂံရဲ့ ဟန်မပျောက်တဲ့ ပခန်းကြီးမြို့ဟောင်း မြို့ရိုး တံခါးကိုလည်း သွားရောက်လေ့လာနိုင်ပါ သေးတယ်။ အဲဒါကတော့ လမ်းတင် သွားရင်းတွေ့ပါလိမ့်မယ်။ သတိတော့ ထားရတယ်။ ကျော်သွားတတ်လို့။ ပခန်းကြီး မြို့ဟောင်းရဲ့ မြောက်ဘက်က ရွှေဥမင် ကျောင်းတော်ကြီးဟာလည်း သွားရောက် လည်ပတ်သင့်တဲ့ နေရာတစ်ခုပါ။

### ပခန်းငယ် (ချစ်သူရွာ) ကျောင်းတော်ကြီး

ပခုက္ကူရေဝတီတံတားကနေ ၂၄ မိုင် ဝေးတဲ့နေရာက ပခန်းငယ် (ချစ်သူရွာ) မှာ နှစ်ပေါင်း ၁၆၀ သက်တမ်းရှိပြီဖြစ်တဲ့ ပျက်စီး နေတဲ့ ကျောင်းတော်ကြီးကို သွားရောက် လေ့လာလည်ပတ် နိုင်ပါသေးတယ်။ ဒီကျောင်းတော်ကြီးဟာ မြန်မာနိုင်ငံမှာ ရှိခဲ့တဲ့ သစ်သား ကျောင်းတော်ရာတွေထဲက အကြီးမားဆုံးလို့ သိရပါတယ်။ အချိန် (၇) နှစ် ယူပြီး ဆောက်လုပ်ခဲ့ကာ ကျွန်းတိုင်ပေါင်း ၃၃၂ လုံးနဲ့ တည်ဆောက်ထားတာပါ။ ခုတော့ ပျက်စီးသွားခဲ့ပြီမို့ အနီးစပ်ဆုံး ကျောင်းတော် ကြီးပုံစံတူကို ဝန်းထဲမှာပဲ လေ့လာနိုင်ဖို့ ဆောက်လုပ်ထားတာ တွေ့ရပါတယ်။ ပျက်စီး နေတဲ့ တိုင်လုံးနဲ့ အုတ်လှေကားတွေကိုလည်း မူလအတိုင်း ပြသထိန်းသိမ်းထားပါတယ်။

### ရှင်မတောင်စေတီ

ရှင်မတောင်ထိပ်မှာ အသောကမင်းကြီး တည်ထားတဲ့ စေတီရှိပါတယ်။ အဲဒီမှာ သရက္ခန်ရုပ်ပွားတော်တစ်ဆူ ကိန်းဝပ်စံပယ် ပါတယ်။ တောင်ဝန်းကျင်မှာ ပေါက်တဲ့ သနပ်ခါးပင်တွေရဲ့ အနံ့မွှေးလို့ ကျော်ကြား ပါတယ်။

### ပခုက္ကူမှာ တည်းခိုစရာ

တည်းစရာဟိုတယ်လေးတွေ ရွေးစရာ များတယ်။ ပခုက္ကူမှာ ညအိပ်မယ်ဆိုရင်တော့ ရိုးမဟိုတယ်၊ သုခဟိုတယ်၊ သီရိရတနာ ဟိုတယ်၊ Royal Palace ဟိုတယ်၊ ရွှေပြည်စိန်း ဟိုတယ်၊ ရွှေရည်ဦးဟိုတယ်၊ Hotel Juno တို့ ရှိပါတယ်။ နှစ်သက်ရာရွေးပါ။

ကျွန်တော်ကတော့ ပုဂံကို လာရင်း လာလည်တာမို့ ပုဂံမှာပဲ တည်းပါတယ်။ ကျွန်တော် အမြဲတည်းဖြစ်တဲ့ Bagan View Hotel (ပုဂံရှုခင်းဟိုတယ်) မှာပဲ တည်းဖြစ် တယ်။ အကြောင်းက ဖော်ရွေတယ်၊ မနက်စာ ဘူဖေး အတော်ကောင်းတယ်။ အခန်းက



ပခန်းကြီး စည်သူရှင်ဘုရား။

အလင်းရောင်ကောင်းတာလည်း ကြိုက်သလို ရာသီပွဲတော်အလိုက် အထူးအစီအစဉ် လေးတွေလုပ်ပြီး နိုင်ငံခြားဧည့်သည်တွေကို အတွေ့အကြုံသစ်ပေးတယ်။ ကျွန်တော် သွားတုန်းက ထမနဲထိုးပြိုင်ပွဲလေးလုပ်တော့ ကျွန်တော်တို့ ပြည်တွင်းခရီးသွားတွေရော ပြည်ပခရီးသွားတွေပါ အကုန်ပျော်ပြီး အားပေး ခဲ့ကြတာ အမှတ်တရပါပဲ။ ဈေးနှုန်းအားဖြင့် လည်း မကြီးတော့ ပြည်တွင်းရော ပြည်ပပါ ဧည့်သည် အမြဲများတတ်တယ်။ ကြိုတော့ ဘွတ်ကင်ယူသွားပါနော်။ ရှေ့မှာ ယွန်းထည် ရှိပါတယ်။

### ဧည့်လမ်းညွှန်နဲ့ ဓာတ်ပုံရိုက်ဖို့ လိုအပ်ရင်

ဒါအရေးကြီးတယ်။ ကျွန်တော်တို့ ရေးပြလမ်းညွှန်တာအတိုင်း သွားရင် ရပေမယ့် ရှာရခက်တာ ကြုံမယ်။ အဲဒီတော့ အချိန် ပိုကုန်မယ်။ မလိုအပ်ဘဲ အင်အားနဲ့ အချိန်တွေ စိုက်မထုတ်ရအောင် ဒေသကျွမ်းကျင် ဧည့်လမ်းညွှန် လိုအပ်ပါတယ်။ ကျွန်တော် ကတော့ ပုဂံက ညီမငယ် မသန္တာကို ညွှန်းချင် တယ်။ ပခုက္ကူမှမဟုတ်ဘူး ပုဂံဝန်းကျင်ကို သူက အထူးကျွမ်းကျင်သူမို့ ဓာတ်ပုံလှလှ



ပခန်းဘုန်းတော်ကြီးကျောင်း။

သန့်ပြီး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းတဲ့ အနေနဲ့ ရေဘူးကို ပြန်ဖြည့်တဲ့ရေဘူးလေးတွေ သုံးထားတယ်။ မီးခံသေတ္တာကလည်း သံသေတ္တာကို သော့ခလောက်နဲ့ အလန်းကြီး။ ဟိုတယ်ရဲ့ အလယ်က ဟင်းလင်း လဟာ။ ဆိုင်ကြီး ရှိတာကလည်း တစ်ပန်းသာတယ်။ အနီးအနားမှာ စားသောက်ဆိုင်ကောင်းတွေ များတယ်။ အနီးဆုံးဘုရားကြီးက အာနန္ဒာမို့ သွားလာရလွယ်တယ်။ E Bike ၊ တုတ်တုတ်၊ ကားငှားတာကအစ အဆင်ပြေလို့ ပုဂံ ရောက်တိုင်း တည်းဖြစ်တာ။ ကိုယ့် ဘတ်ဂျက် နဲ့လည်း ပိုကိုက်တာပါလို့ပေါ့လေ။

### ပခုက္ကူမှာ စားစရာ

ညဘက်မှာ ဘားကောင်းကောင်း ထိုင်ချင်သူတွေအတွက် Excellent Restau-rant နဲ့ Bar ရှိတယ်။ သူက ဘီယာဆိုင် သက်သက်၊ Bar သက်သက်မို့ တစ်မျိုးစီ ခံစား နိုင်တယ်ပေါ့။ နှစ်ဆိုင်လုံးက ကပ်လျက် ပါပဲ။ Popa View Bar & Restaurant လည်း မြို့ရှောင်လမ်းပေါ်မှာ ရှိပါသေးတယ်။

### အိမ်ပြန်လက်ဆောင် ဝယ်စရာ

ပခုက္ကူကနေ အပြန်လက်ဆောင် ဝယ်ဖို့က ရှင်မတောင်သနပ်ခါးတုံးနဲ့ ယောလုံချည်ကို အဓိကညွှန်းရပါတယ်။ အညာဒေသထွက် ဆီးဖျော်ရည်နဲ့ တော်ဖီ၊ မန်ကျည်းဖျော်ရည်နဲ့ တော်ဖီတွေလည်း ရိုက်ချင်လို့ နေရာရှာချင်တာလား၊ သမိုင်း ဗဟုသုတလား သူက အကုန်တာဝန်ယူ လုပ်ပေးနိုင်တယ်။ သူ့ဆီ အကုန်ပုံအပ် လိုက်ရင်လည်း ရတယ်။ သူက နိုင်ငံခြားသား တွေအတွက်ရော ပြည်တွင်းခရီးသွားတွေ အတွက်ပါ အကုန်စီစဉ်ပေးနိုင်သူပါနော်။

အညာမြေလတ်ဒေသ တစ်ခုဖြစ်တဲ့ ပခုက္ကူမြို့ကို အရင်က ထူးထွေ လည်ပတ်စရာ ရှိမယ် မထင်မိခဲ့ပေမယ့် တကယ်တမ်း ရောက်သွားတဲ့အခါမှာ သမိုင်းအမွေအနှစ် တွေရှိရာ လေ့လာစရာ မြို့တစ်မြို့အဖြစ် ထူးခြားစွာ ကျွန်တော် မြင်ခဲ့ရပါတယ်။ နိုင်ငံခြားသားတွေလည်း ဝင်ထွက်သွားလာ နေတဲ့ မြို့လေးဖြစ်နေသလို ပုဂံနဲ့လည်း မဝေးလို့ လာချင်ရင် အနီးလေး လာလည် နိုင်တဲ့နေရာကောင်းလေးမှာ တည်ရှိပါတယ်။ ကျွန်တော်ကတော့ နောက်များအခါ အခွင့်သင့်ခဲ့ရင် ခုလိုနှစ်ရက်တာထက်ပိုပြီး အချိန်ကြာကြာလေးနေလို့ အနီးအပါးရွာ တွေမှာ လေ့လာရေးဆင်းချင်ပါသေးတယ်ဗျာ။

အားလုံးပဲ အစဉ်ဘေးကင်းလုံခြုံ ကျန်းမာ ပြည့်စုံပျော်ရွှင်စွာနဲ့ ခရီးသွားနိုင်ကြပါစေ။




ရှင်မတောင်သနပ်ခါးအရောင်းဆိုင်။

# ရခိုင်ပြည်နယ် ဓမ္မာရုံထိန်းသိမ်းစောင့်ရှောက်ရေး ဂေါပကအဖွဲ့(ရန်ကုန်) (၃၃) ကြိမ်မြောက် ဂုဏာဝိသိဋ္ဌပူဇာမင်္ဂလာအခမ်းအနားကျင်းပ

**ရန်ကုန် မတ် ၁၁**

ရခိုင်ပြည်နယ် ဓမ္မာရုံထိန်းသိမ်းစောင့်ရှောက်ရေးဂေါပကအဖွဲ့ (ရန်ကုန်) က ကြီးမှူးကျင်းပသည့် (၃၃) ကြိမ်မြောက် ဂုဏာဝိသိဋ္ဌပူဇာမင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်အရှေ့ဘက်မုခ်အနီးရှိ ရခိုင်ပြည်နယ် ဓမ္မာရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ရစေတျာရာမဓမ္မရိပ်သာကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တသူရိယဓဇ ထံမှ ည့်ပရိသတ်များက ငါးပါးသီလခံယူ ဆောက်တည်ကြပြီး ဆရာတော် သံဃာတော်များထံမှ မေတ္တာသုတ်နှင့် ပရိတ်တရားတော်များကို နာယူကြသည်။

ထို့နောက် ဘွဲ့တံဆိပ်တော်ရ ဆရာတော် ၂၅ ပါးကို ဓမ္မာရုံ ဂေါပကအဖွဲ့ ဦးဆောင်နာယကများ၊ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အလှူရှင်များက ဂုဏ်ပြုမှတ်တမ်းလွှာနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး သာသနာနုဂ္ဂဟဘွဲ့တံဆိပ်တော်ရ လူပုဂ္ဂိုလ်ငါးဦးအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကြသည်။

ထို့နောက် အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ရ အလိုတော်ပြည့် ဓမ္မာစရိယ တက္ကသိုလ်နာယကချုပ် ဆရာတော်ထံမှ ပရိသတ်တို့က ရေစက်ချအနုမောဒနာ တရားနာယူကြသည်။ **ရီရီမြင့်၊ဓာတ်ပုံ - ဇော်မင်းလတ်**



# လှိုင်သာယာမြို့နယ်အား နေချင်စဖွယ်ကောင်းသည့် စံပြမြို့နယ်အဖြစ် ဖော်ဆောင်သွားမည်

**ရန်ကုန် မတ် ၁၁**

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များတွင် လူဦးရေအများဆုံးနေထိုင်ရာ မြို့နယ်တစ်ခုဖြစ်သော လှိုင်သာယာမြို့နယ်ကို အရှေ့ခြမ်း၊ အနောက်ခြမ်း နယ်မြေပိုင်းခြား၍ ရပ်ကွက်၊ကျေးရွာများအား စံပြအဖြစ်ဖော်ဆောင်သွားမည့်အပြင် မြို့နယ်ကိုလည်း ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ စံပြမြို့နယ်အဖြစ် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း လှိုင်သာယာမြို့နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအေးဘိုထံမှ သိရသည်။

ကျန်းမာရေးစောင့်ရှောက်မှု စာရင်းကောက်ခံချက်အရ လူဦးရေ ၁၀ သိန်းခန့်ရှိပြီး လူဝင်မှုကြီးကြပ်ရေးစာရင်းအရ ငါးသိန်းကျော်ရှိရာ မြို့နယ်အတွင်း ရေစီးရေလာကောင်းမွန်မှု၊ တရားဥပဒေစိုးမိုးရေးနှင့် ရွှေ့ပြောင်းနေထိုင်သူများ နေရာချထားရေးဖော်ဆောင်မှု၊ ရပ်ကွက်၊ ကျေးရွာများနှင့် မြို့နယ်အား စံပြအဖြစ် ဖော်ဆောင်ရန်နှင့် ရပ်ကွက်ပေါင်း ၂၀ နှင့် ကျေးရွာအုပ်စု ကိုးအုပ်စုရှိသော လှိုင်သာယာမြို့နယ်တွင် စက်မှုဇုန်များလည်းရှိသောကြောင့် ထိုစက်မှုဇုန်များအင်္ဂါနှင့်အညီ ဟန်ချက်ညီစေရန် ကြိုးပမ်းဆောင်ရွက်မည် ဖြစ်ကြောင်း သိရသည်။

"တရားဥပဒေစိုးမိုးရေးအတွက် မြို့နယ်ကို အရှေ့ခြမ်း၊ အနောက်ခြမ်း ခွဲထားပါပြီ။ လှိုင်သာယာမှာ အဓိကစိန်ခေါ်မှုက ရေစီးရေလာနဲ့ တရားဥပဒေစိုးမိုးရေးပဲ။ မြို့ပြအနေအထား လမ်းပန်းဆက်သွယ်ရေးက အများကြီးပြောင်းလဲသွားပြီ။ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာတွေကို စံပြအဖြစ်ဖော်ဆောင်ရင်းနဲ့ နေချင်စဖွယ်ကောင်းတဲ့ မြို့နယ်တစ်ခုဖြစ်သွားမယ်။ ရွှေ့ပြောင်းနေထိုင်သူတွေအတွက်လည်း နေရာချထားဖို့လုပ်နေပြီ။ ငါးနှစ်တာကာလမှာ ထူးထူးခြားခြား ပြောင်းလဲသွားတာ သန်လျင်နဲ့လှိုင်သာယာရှိမယ်။ လှိုင်သာယာကို စံပြမြို့နယ်အဖြစ် ကြိုးပမ်းသွားမယ်" ဟု ၎င်းက ဆက်ပြောသည်။

ကျန်းမာရေးစောင့်ရှောက်မှုစာရင်းအရ လူဦးရေ ၁၀ သိန်းခန့်ရှိပြီး လူဝင်မှုကြီးကြပ်ရေးစာရင်းအရ သန်းခေါင်စာရင်းဖြင့်နေထိုင်သူ ငါးသိန်းခန့်ရှိရာ ကျန်စစ်သားလမ်းမကြီးကိုဗဟိုပြု၍ အရှေ့ခြမ်း၊ အနောက်ခြမ်းပိုင်းခြားထားသောကြောင့် အရှေ့ခြမ်းတွင် ရပ်ကွက်၊ ကျေးရွာ ၁၄ခုနှင့် အနောက်ပိုင်းတွင် ရပ်ကွက်၊ ကျေးရွာ ၁၅ ခု သတ်မှတ်ထားခြင်းဖြစ်သည်။

"မြို့နယ်ကို နှစ်ပိုင်းခွဲလိုက်တဲ့အပေါ် ဝမ်းသာတယ်။ လူဦးရေများတော့ တရားဥပဒေစိုးမိုးရေးမှာ အားနည်းချက်တွေရှိတယ်။ လက်ရှိ ၂၀ ရပ်ကွက်ကိုစံပြအဖြစ် အသိအမှတ်ပြုထားပြီးတော့ အမှတ်(၈)ရပ်ကွက်ကိုလည်း စံပြရပ်ကွက်အဖြစ် လွှတ်တော်ကိုယ်စားလှယ်တွေက ရည်ရွယ်ထားတယ်။ အဓိကအချက်က လမ်းတွေကောင်းပြီး ရေစီးရေလာကောင်းရမယ်။ တရားဥပဒေစိုးမိုးမှုရှိရမယ်ဆိုတဲ့ အချက်ပေါ်မှာ စံပြအဖြစ်သတ်မှတ်တာပါ" ဟု အမှတ်(၈) ရပ်ကွက်အုပ်ချုပ်ရေးမှူးဦးကျော်မင်းဦးက ပြောသည်။

၁၆၄

# အိန္ဒိယ ရိုးရာ နှစ်သစ်ကူးသင်္ကြန်ပွဲတော် မန္တလေးမြို့တွင် ကျင်းပ

**မန္တလေး မတ် ၁၁**

မန္တလေး အောင်မြေသာစံမြို့နယ် ၈၂ လမ်းနှင့် ၈၃ လမ်းကြား၊ ၂၂ လမ်းရှိ ရှရီဒူရ်ဂါ Am Bikar Vijay ဘုရားကျောင်းတော်ကြီးတွင် မတ် ၉ ရက်မှ ၁၂ ရက်ထိ အိန္ဒိယ ရိုးရာနှစ်သစ်ကူးသင်္ကြန် (ဟိုလီ)ပွဲတော်ကြီးကို ကျင်းပရာ မန္တလေးမြို့ရှိ အိန္ဒိယနွယ်ဖွား ဟိန္ဒူမောင်မယ် လူငယ်များ တက္ကသိုလ်၊ ကျောင်းသူကျောင်းသားများ၊ မိသားစုဝင်များ၊ အိန္ဒိယ ကောင်စစ်ဝန်ချုပ်ရုံးမှ တာဝန်ရှိသူများ၊ ဟိန္ဒူဘာသာရေးအသင်းအဖွဲ့များ၊ ဖိတ်ကြားထားသူများ၊ ဘုရားကျောင်း အသီးသီးမှ တာဝန်ရှိသူများ တက် ရောက်ကြပြီး အိန္ဒိယရိုးရာ ရောင်စုံသင်္ကြန်ရေ၊ ရောင်စုံသင်္ကြန်ဆေးမှုန့်များ ပက်ဖျန်း၍ ပျော်ရွှင်စွာ ရေကစားကြသည်။

အလားတူ မန္တလေးမြို့သစ်နှင့်မန္တလေး အောင်မြေသာစံမြို့နယ်အတွင်းရှိ အိန္ဒိယနွယ်ဖွား ဟိန္ဒူလူငယ်မောင်မယ်တို့ကလည်း စုပေါင်း၍ ယနေ့ မွန်းလွဲပိုင်းမှစတင်ကာ ပြည်လုံးချမ်းသာ ရပ်ကွက်အတွင်းနှင့် မြို့တွင်းရှိ ဟိန္ဒူနေအိမ်များသို့ တစ်အိမ်တက်ဆင်းသွားရောက်၍ သက်ကြီးသူများအား ကန်တော့ကြပြီး ပျော်ရွှင်စွာ သင်္ကြန် ရေရောင်စုံပက်ဖျန်း ကစားကြသည်။

နေအိမ်များကလည်း သင်္ကြန်ပွဲတော်ဆင်နွှဲပျော်ကြသူများကို အအေး၊ အချိုရည်၊ ရိုးရာမုန့်များဖြင့် ကျွေးမွေးဧည့်ခံကြကြောင်းနှင့် ပြင်ဦးလွင်မြို့နယ်တွင်လည်း အိန္ဒိယရိုးရာ နှစ်သစ်ကူးသင်္ကြန်ပွဲတော်ကို စည်ကားသိုက်မြိုက်စွာကျင်းပကြကာ ဒေသခံ အိန္ဒိယနွယ်ဖွား ဟိန္ဒူဘာသာဝင် လူငယ်မောင်မယ်များ၊ ဟိန္ဒူလူမှုရေး ဘာသာရေးအသင်းအဖွဲ့များက ပျော်ရွှင်စွာပူးပေါင်း ပါဝင်ဆင်နွှဲခဲ့ကြကြောင်း သိရသည်။

တင်မောင် (မန်းကိုယ်ပွား)

# အင်းစိန်၌ နွေရာသီ ဝူရှူးအားကစားသင်တန်းဖွင့်

**ရန်ကုန် မတ် ၁၁**

အခြေခံပညာဦးစီးဌာနနှင့်ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနတို့ပူးပေါင်းကျင်းပသည့် နွေရာသီဝူရှူးအားကစားသင်တန်း ဖွင့်ပွဲအခမ်းအနားကို မတ် ၉ ရက်က ရန်ကုန်မြို့ အင်းစိန်မြို့နယ်အမှတ် (၁) မူလတန်းကျောင်းတွင် ဖွင့်လှစ်ခဲ့ရာ ဝူရှူးအားကစားသင်တန်းသားများက သရုပ်ပြသခဲ့ကြောင်း သိရသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် နွေရာသီအားကစားသင်တန်းတွင် ဘောလုံး၊ တိုက်ကွမ်ဒို၊ ဂျူဒို၊ ဝူရှူး၊ ခြင်းလုံး၊ ပိုက်ကျော်ခြင်း စသော အားကစားနည်းခြောက်မျိုးကို အခြေခံပညာကျောင်းများတွင် အခမဲ့သင်ကြားပေးလျက်ရှိရာ အင်းစိန်မြို့ရှိ အခြေခံပညာကျောင်းများ၌ နွေရာသီကျောင်းပိတ်ကာလတွင် ဝူရှူးသင်တန်းသား ၈၀ ကျော်၊ တိုက်ကွမ်ဒိုသင်တန်းသား ၁၂၀၊ ဘောလုံးသင်တန်းသား ၈၀ ကျော်၊ ခြင်းလုံး ၆၀ ကျော်နှင့် အခြားသင်တန်းများတွင်လည်း ယမန်နှစ်ထက် သင်တန်းတက်ရောက်သူဦးရေ တိုးလာကြောင်း သိရသည်။ ဝူရှူးသင်တန်းတွင် ကျောင်းသား ၈၀ ကျော်တက်ရောက်သင်ကြားရာ မြန်မာနိုင်ငံဝူရှူးအဖွဲ့ချုပ်မှ နည်းပြဆရာနှစ်ဦးက အခမဲ့သင်ကြားပေးခြင်းဖြစ်ပြီး သင်တန်းကာလတစ်လဖြစ်ကြောင်း သိရသည်။

သစ္စာ

# ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၁-၃-၂၀၂၀

**ရွှေ**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၂၀၀၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၀၀၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၂၀၀၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၀၀၀၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၆၄၀/၇၅၀ | ကျပ် | ၆၉၀/၇၅၅ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၆၅၀/၇၆၀ | ကျပ် | ၇၀၅/၇၆၅ | ကျပ် |
| အောက်တိန်း ၉၂ | ၅၉၀/၆၈၀ | ကျပ် | ၆၅၀/၇၁၀ | ကျပ် |
| အောက်တိန်း ၉၅ | ၇၁၀/၇၉၅ | ကျပ် | ၇၈၅/၈၁၅ | ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၃၇၃ . ၉ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၅၅၅ . ၈ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၉၈၈ . ၁၀ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၇၇၇ . ၆ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၃၀၆ . ၂ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၈၉၆ . ၈၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၁၉၇ . ၇၃ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၁၈ . ၆၃၀ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၁၅ . ၃၂ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၂၄ . ၈၄ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၃ . ၆၉၉ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၁၅၀၀ | ၁၂၀၀၀ | ၄၇၁၈ | ၅၄၉၁၄၅၀၀ |
| MTSH | ၃၉၀၀ | ၃၉၅၀ | ၃၃၃၄ | ၁၃၀၈၀၉၅၀ |
| MCB | – | – | – | – |
| FPB | ၂၂၅၀၀ | ၂၂၅၀၀ | ၃၉၂ | ၈၈၂၀၀၀၀ |
| TMH | ၂၈၅၀ | ၂၈၅၀ | ၅ | ၁၄၂၅၀ |

(ရန်ကုန်စတော့အိတ်ချိန်းမှ ရရှိပါသည်)

ခင်ရတနာ-စုစည်းသည်။

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - စိုးစိုးနိုင်
သတင်းထောက်ချုပ် - မြင့်ဆွေ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ ခင်ရတနာ
အကြီးတန်း သတင်းထောက်များ - ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ)၊ မြတ်မွန်ထွေး၊ ဇင်ဦး၊ တင်လင်းအောင်၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်း သတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# ရှေးမြန်မာ့လက်မှုပစ္စည်းများ (အိုး၊စဉ့်အိုး၊အုတ်)

## သိပ္ပံစာရေးဆရာကိုကိုအောင်

သမိုင်းဦးလူသားတို့သည် ကျောက်ခေတ်သစ်ကတည်းက အိုးလုပ်တတ်ခဲ့ကြရာ အိုးလုပ်သည့် အတတ်ပညာမှာ ခေတ်ဦးလူသားတို့၏ ကြီးစွာသော လက်မှုဆိုင်ရာ တီထွင်အောင်မြင်မှုတစ်ရပ်ပင် ဖြစ်သည်။

အရှေ့တောင်အာရှဒေသများ၌ လွန်ခဲ့သောနှစ်ပေါင်း ၁၅၀၀၀ ခန့်ကပင် အိုးအသုံးပြုတတ်ခဲ့ကြသဖြင့် ထိုအချိန်ကပင် အိုးဖုတ်လုပ်ငန်းရှိသည်ဟု ဆိုရမည် ဖြစ်သည်။ အဆင်တန်ဆာအလှအပ အခြယ်အသများပါသည့် အဆင့်အတန်းမြင့်သော အိုးများကို လွန်ခဲ့သောနှစ်ပေါင်း ၉၀၀၀ ခန့်က ပြုလုပ်တတ်ခဲ့ကြသည်။ မြန်မာနိုင်ငံတွင် အိုးဖုတ်လုပ်ငန်းတိုးတက်မှုက အာရှအနောက်ပိုင်း ဒေသများနှင့်စာလျှင် နှေးကွေး နောက်ကျခဲ့သည်။ သစ်ဝါးပေါများသော မြန်မာနိုင်ငံတွင် ဝါးကျည်တောက်များ၊ ဘူးသီးခြောက်များကို ရေသယ်ရန်အတွက် သုံးစွဲခဲ့ကြသလို၊ ဝါးကျည်တောက်ကို အသုံးပြုပြီး ထမင်းချက်ခဲ့ကြသည်။ မြန်မာတို့သည် ယနေ့ထိတိုင် ကောက်ညှင်းကို ဝါးကျည်တောက်တွင်ထည့်၍ဖုတ်ခြင်းဖြင့် ကောက်ညှင်း ကျည်တောက်ပြုလုပ်ကာ စားသုံးလျက်ရှိနေကြသည်။

ရှေးဟောင်းသုတေသနဌာန၏ တူးဖော်ချက်အရ လွန်ခဲ့သော နှစ်ပေါင်း နှစ်ထောင်ကျော်က အိုးများကို အမရပူရမြို့ တောင်သမန်အင်း၏ အနောက်ဘက်ကမ်း အောင်ခြင်းရှစ်ပါးနှင့် မဟာဂန္ဓာရုံကျောင်းတိုက်များအကြား ဒေသမှတွေ့ရှိရသည်။ အိုးများကို လူအရိုးစုများနှင့်အတူ တွေ့ရှိခဲ့ကြရခြင်း ဖြစ်သည်။ အိုးပုံစံ ၉ မျိုးခန့်ရှိပြီး အိုးထိန်းစက်ကို အသုံးပြုကာ လုပ်ထားသော အိုးများဖြစ်ကြောင်း စစ်ဆေးတွေ့ရှိ၍ အနောက်အာရှဒေသများတွင် လွန်ခဲ့သောနှစ်ပေါင်း ၅၂၅၀ ခန့်ကပင် အိုးထိန်းစက်ကို အသုံးပြုနေပြီဖြစ်ကြောင်း သိသာလှသည်။ တောင်သမန် အင်းတူးကွက်မှ တွေ့ရှိခဲ့ရသော အိုးများတွင် အဆင်တန်ဆာ အခြယ်အသအဖြစ် အချိတ်အကြောင်းနှင့် အစင်းများ ပါသလို လှိုင်းများပေါ်မှ ကြာပွင့် သဏ္ဌာန်ပုံလည်းပါရှိသည်။ အိုးအောက်ပိုင်းမှာ အလုံးဖြစ်၍ ကရွတ်ပါမှထိုင်နိုင်မည့် အိုးမျိုး ဖြစ်သည်။

ပျူတို့ဒေသတစ်ခုဖြစ်သော ဗိဿနိုး (အေဒီ ၁ ရာစုမှ ၅ ရာစု)ကို တူးဖော်ခဲ့စဉ်ကလည်း ကျောက်အရိုး အိုးများ၊ ပစ္စည်းသိုလှောင်နိုင်သည့် အိုးကြီးများ၊ ချက်ပြုတ်ရေးအိုးများ၊ စားခွက်နှင့် ရေသောက်ခွက်များကို တွေ့ရှိခဲ့ရသည်။ အချို့အိုးများက ဘူးသီးပုံရှိပြီး ပစ္စည်းသိုလှောင်အိုးများကမူ ယနေ့ခေတ်သုံး စဉ့်အိုးပုံနှင့် တူသော်လည်း စဉ့်သုတ်ထားခြင်းမရှိပေ။ အိုးများတွင် အဆင်တန်ဆာ အခြယ်အသအဖြစ် အစင်းအကြောင်းများ၊ ကြာဖတ်ပုံများ၊ လူပုံများ၊ တိရစ္ဆာန်ပုံများ ပါရှိသည်။ ဗိဿနိုးတူးကွက်တွင် မီးဖုတ်ထားသော မြေပုတီးစေ့ အရွယ် အမျိုးမျိုးကိုလည်း တွေ့ရှိခဲ့ရသည်။ မြေပုတီးစေ့အကြီး များကို ရက်ကန်းတွင် အသုံးပြုခဲ့ကြသည်ဟု ယူဆရသည်။ ကလေးကစားစရာ ခွေးရုပ်၊ ဖားရုပ် နှစ်ခု၊ ခရုခွံကဲ့သို့ပုံများအပြင် ကိန္နရာရုပ်နှင့်တူသော အရုပ်ငယ်တစ်ခုကိုလည်း တွေ့ရှိခဲ့ကြရာ ရွှံ့ကိုမီးဖုတ်ထားသော အရုပ်များဖြစ်ကြကြောင်း အတည်ပြုခဲ့သည်။ အဆိုပါ ရှေးဟောင်းပစ္စည်း အထောက်အထားများအရ ဗိဿနိုးပျူတို့၏ မြေအိုးလုပ်ငန်း အဆင့်အတန်းက မနိမ့်ကျခဲ့ကြောင်း သိသာထင်ရှားလှသည်။

ပျူတို့နေထိုင်ခဲ့ရာ ဟန်လင်းဒေသ (အေဒီ ၄ ရာစုမှ ၉ ရာစု)မှလည်း ဗိဿနိုး အိုးများနှင့် အလားတူသော အိုးများ၏ အိုးခြမ်းကွဲများကို တွေ့ရှိခဲ့ရသည်။ အိုးခြမ်းကွဲ တစ်သောင်းငါးထောင်ခန့်ကို စုဆောင်းရရှိခဲ့သော်လည်း စဉ့်အစအနကိုမူ လုံးဝ မတွေ့ရပေ။ ပြည်မြို့မှလေးမိုင်ခန့်အကွာ မှော်ဇာတွင် ပျူတို့၏ သရေခေတ္တရာမြို့ဟောင်း (အေဒီ ၃ ရာစုမှ ၁၀ ရာစု)တည်ရှိသည်။ သရေခေတ္တရာ၌ တွေ့ရသောအိုးများသည် ဗိဿနိုးနှင့် ဟန်လင်းအိုး များထက် လက်ရာပုံစံနှင့်အဆင်အသက များစွာသာလွန် ကောင်းမွန်သည်။ အရိုးအိုးများတွင် စာများရေးထိုးထားသည်ကို တွေ့ရှိရသောကြောင့် မြေအိုးလုပ်ငန်းသည် သရေခေတ္တရာပျူတို့ခေတ်တွင် အထွတ်အထိပ်သို့ ရောက်ခဲ့ သည်ဟု ယူဆရသည်။တကောင်းတွင် ရှေးဟောင်းသုတေသနဌာနက တူးဖော်ရာမှ ၁၂ ရာစုပုဂံနှင့် ခေတ်ပြိုင် ပစ္စည်းများနှင့် မြေအိုးများကို တွေ့ခဲ့ရသော်လည်း စဉ့်အစအနကိုမူ မတွေ့ရပေ။ အချို့အိုးများက ယခု အလ္လကပ္ပမှထွက်သောအိုးနှင့် ပုံသဏ္ဌာန် တူသည်။တကောင်းခေတ် အိုးလုပ်ငန်းလည်း အဆင့်အတန်းမနိမ့်ဘဲ ကြီးကျယ်ဖွံ့ဖြိုးခဲ့သည်ဟု ယူဆရသည်။ သပိတ်များ၊ ပန်းအိုးများ၊ အိုးအောက်ဘက်တွင် အပေါက်ငယ်များပါသောအိုး (ယနေ့ခေတ် ကောက်ညှင်းပေါင်းသောအိုးမျိုး) များကိုလည်း တကောင်းတူးကွက်မှ တွေ့ရှိခဲ့ရသည်။

ရေလုံပြီးချက်ပြုတ်နိုင်ရန်အတွက် မြေအိုးကို ၅၀၀ ဒီဂရီစင်တီဂရိတ်ခန့် အပူပေး မီးဖုတ်ရန်လိုအပ်သည်။ ၁၁၅၀ ဒီဂရီစင်တီဂရိတ်အထိ အပူပေးသည့်တိုင် ရေစိမ့်ပြီး ဆီယိုနိုင်သေးရာ ဆီကဲ့သို့သောပစ္စည်းထည့်ရန်နှင့် လုံးဝရေမစိမ့်စေရန်အတွက် မြေအိုးကို စဉ့်သုတ်ရန်လိုအပ်သည်။ တောင်သမန်၊ ဗိဿနိုး၊ ဟန်လင်း၊ သရေခေတ္တရာ ရှေးမြို့ဟောင်း နေရာများမှ တွေ့ရသော အိုးများနှင့် အိုးကွဲများတွင် စဉ့်အစအန လုံးဝမတွေ့ခဲ့ကြရပေ။

အာရှအနောက်ပိုင်း နိုင်ငံများတွင် လွန်ခဲ့သည့်နှစ်ပေါင်း ၂၉၀၀ ခန့်ကပင် စဉ့်လုပ်ငန်းကို တတ်မြောက် လုပ်ကိုင်နေခဲ့ကြပြီဖြစ်သည်။ မြန်မာနိုင်ငံတွင်မူ ၁၁ ရာစုခန့် (ပုဂံခေတ်)ကျမှ စဉ့်သုတ်လုပ်ငန်းကို လုပ်ဆောင် တတ်ခဲ့ကြသည်ဟု ယူဆရသည်။ ပုဂံခေတ်အိုးလုပ်ငန်းသည် စဉ့်သုတ်အတတ်ပညာကို ရရှိလာသဖြင့် များစွာ ဖွံ့ဖြိုးတိုးတက်ခဲ့သည်။ ပုဂံမှလေးမိုင်အကွာ သရိရွာရှိ အရှေ့ဖက်လိပ်နှင့် အနောက်ဖက်လိပ်ဘုရား (အေဒီ ၁၁ ရာစုဦး)များတွင် ဗုဒ္ဓဖြစ်တော်စဉ် နိပါတ်တော်နှင့်ဇာတ်တော်များကို ဖော်ပြထားသည့် မြေပုံအုတ်ခွက်များကို တွေ့ရှိရသော်လည်း စဉ့်အသုံးပြုထားသည်ကိုမူ မတွေ့ရပေ။ ၁၁ ရာစုအလယ်ခန့်က တည်ထားခဲ့သည်ဟု ခန့်မှန်းရသော ငကျွဲနားတောင်းဘုရားကိုမူ စဉ့်အုတ်များဖြင့် တည်ဆောက်ထားသည်ကို တွေ့ရှိရသည်။ ပုဂံမြို့ တောင်ဘက် နှစ်မိုင်အကွာ မြင်းကဘာရွာတွင် စဉ့်ဖိုများရှိသည်။ ၁၂ ရာစုကတည်သော ဘုရားများတွင်မူ အစိမ်းရောင် စဉ့်အုတ်ခွက်များကို အများအပြား အသုံးပြုထားသည်ကို တွေ့ရှိရသဖြင့် ပုဂံခေတ် ၁၁ ရာစုအလယ် ခန့်တွင် ပုဂံပြည်၌ စဉ့်လုပ်ငန်းကို စတင်တတ်မြောက်ပြီးနောက် ထွန်းကားလာခဲ့သည်ဟု ဆိုနိုင်သည်။ စဉ့်အတတ်ပညာကို ရှမ်းများက တရုတ်ပြည်မှ ယူဆောင်လာခြင်းဖြစ်မည်ဟု ခန့်မှန်းရသည်။

၁၄ ရာစုလောက်ကတည်းက မြန်မာ့စဉ့်အိုးလုပ်ငန်းကို ပြည်တွင်း၌သာမက ပြည်ပနိုင်ငံများကပါသိရှိပြီး ထင်ရှားခဲ့သည်။ မုတ္တမအိုး သို့မဟုတ် ပဲခူးအိုးဟု ကျော်စောခဲ့သော စဉ့်အိုးများအကြောင်းကို အေဒီ ၁၃၅၀ ခန့်က အင်္ဂလိပ်ဘာသာဖြင့် ရေးသားထားသော မှတ်တမ်းများတွင် တွေ့ရသည်။ ထိုစဉ့်အိုးများကို တွံတေးတွင် ထုတ်လုပ်ပြီး မုတ္တမမှ ဖြန့်ဖြူးခဲ့ရာ ထိုစဉ်က အိန္ဒိယသမုဒ္ဒရာအတွင်း၌ ကူးသန်းသွားလာနေသော သင်္ဘောများက အများအပြား ဝယ်ယူကာ အိန္ဒိယနှင့် အာရေးဘီးယားနိုင်ငံများအထိ တင်ပို့ရောင်းချခဲ့ကြသည်။ မုတ္တမအိုး သို့မဟုတ် ပဲခူးအိုးဟု နိုင်ငံခြားသားများက အမည်ပေးထားသော စဉ့်အိုးများသည် ၁၉ ရာစုအထိ ကျော်စောထင်ရှားခဲ့သည်။ ၁၈၅၁ ခုနှစ်တွင် လန်ဒန်မြို့၌ကျင်းပသော အင်ပါယာပြပွဲကြီးတွင် မြန်မာ့စဉ့်အိုး အရွယ်အစား အမျိုးမျိုးကို တခမ်းတနား ပြသခဲ့သည်။

ရခိုင်ပြည်တွင် အေဒီ ၁၄၃၀ ပြည့်နှစ်က တည်ထောင်ခဲ့သော မြောက်ဦးမြို့တော်သည်လည်း စဉ့်လုပ်ငန်း ထွန်းကားရာ ဌာနတစ်ခုဖြစ်ခဲ့သည်။ မြောက်ဦးမြို့ရှိ ထုပါရုံမန စေတီတံတိုင်းတွင် စဉ့်အုတ်ချပ်များဖြင့် ပန်းပွင့် ဖော်ထားသည်။ ပန်းပွင့်အလယ်ဝတ်ဆံ အဝိုင်းက စိမ်းပြာရောင်၊ ပွင့်ချပ်အကြီးက အဖြူရောင်နှင့် ပွင့်ချပ်ငယ်များက အဝါရောင် စဉ့်အုတ်ချပ်များ ဖြစ်ကြသည်။ ထို့ပြင် ၁၆ ရာစုကတည်ထားခဲ့သော ရတနာပုံစေတီတွင်လည်း အပြာနုရောင် စဉ့်အုတ်ချပ်များဖြင့် ကြာဖတ်ပုံ၊ ပန်းခက်ပန်းနွယ်ပုံများကို ဖော်ထားသည်။ ရှစ်သောင်းဘုရားမှ လည်းကောင်း၊ မြောက်ဦးနန်းတော်ရာမှလည်းကောင်း အစိမ်းရောင် စဉ့်အုတ်ခွက်အကျိုးအပဲ့များကို ရရှိခဲ့သည်။ ပရိမ်အရပ်ရှိစဉ့်ဖိုမှလည်း ၁၆ ရာစုကဟုခန့်မှန်းရသော အပြာနုရောင်စဉ့်အုတ်ခွက်တစ်ခု ရရှိခဲ့ဖူးသဖြင့် ရခိုင်ပြည် မြောက်ဦးခေတ်တွင် စဉ့်လုပ်ငန်းထွန်းကားခဲ့ကြောင်း သိသာသည်။ တွေ့ရှိရသော ရှေးဟောင်းပစ္စည်းများမှာ စေတီပုထိုးဆိုင်ရာ အဆင်တန်ဆာ စဉ့်အုတ်ခွက်နှင့် အုတ်ချပ် များသာဖြစ်ကြသဖြင့် စဉ့်လုပ်ငန်း ထွန်းကားခဲ့သည်ဆိုသော်လည်း လူသုံးပစ္စည်း စဉ့်အိုးထုတ်လုပ်မှုလုပ်ငန်း ရှိမရှိကိုမူ အတိအကျပြောရန် မလွယ်ကူပေ။

စစ်ကိုင်းဝန်းကျင်ဒေသတွင်လည်း ၁၇ ရာစုအလယ်လောက်က စဉ့်လုပ်ငန်းရှိခဲ့သည်။ စစ်ကိုင်း ကောင်းမှုတော် စေတီဝန်းကျင်တွင် အဖြူရောင်စဉ့်အုတ်မိုးသော အဆောက်အဦများရှိပြီး ထိုဒေသမှ အစိမ်းရောင် စဉ့်အုတ်များနှင့် စဉ့်မသုတ်သော အုတ်များကိုလည်းတွေ့ရသဖြင့် စစ်ကိုင်းသည် ထိုစဉ်က စဉ့်လုပ်ငန်းထွန်းကားရာ ဌာနတစ်ခု ဖြစ်ခဲ့မည်ဟု ခန့်မှန်းရသည်။

အလောင်းမင်းတရားလက်ထက် ၁၈ ရာစုအလယ်တွင် ဟံသာဝတီမွန်တို့ဒေသမှ အိုးအလုပ်သမားများမှာ စစ်သုံ့ပန်းအဖြစ် အထက်မြန်မာနိုင်ငံသို့ ပါလာခဲ့ကြသည်။ ၎င်းတို့၏ အသက်မွေးဝမ်းကျောင်း အတတ်ပညာကို ဆက်လက်လုပ်ကိုင်နိုင်ရန် လုပ်ငန်းနှင့်သင့်လျော်သော ကုန်ကြမ်းရနိုင်သည့် ဒေသတွင် နေရာချထားပေးခဲ့သည်။ ပထမတွင် ကျောက်မြောင်းရွာမှ ၆ မိုင်ခန့်ဝေးသော မအူအရပ်ကို ရွေးချယ်ကြသော်လည်း အိုးလုပ်ငန်းအတွက် ကုန်ကြမ်းမြေ လိုင်လိုင်မရနိုင်သဖြင့် မြေကောင်းရာ နွယ်ခွေ ကုန်းတန်းအနီး၌ နွယ်ငြိမ်ရွှေဂွန်းနှင့် ရွှေတိုက်ရွာတို့တည်ကာ အခြေချခဲ့ကြသည်။ လုပ်ငန်းကို အားပေးလိုသော ဘုရင်မင်းမြတ်က လုပ်ငန်းအတွက် သင့်လျော်သောမြေကို မည်သည့် နေရာမှမဆို တူးယူခွင့်ပြုခဲ့သည်။ ရွှေနန်းတော်အောက်ကပင် ဖြစ်စေကာမူ တူးခွင့်ပြုသည်ဟု မိန့်တော်မူခဲ့ကြောင်း ရှေးလူကြီးများ အစဉ်အဆက်က ပြောခဲ့ကြသည့် ပါးစပ်ရာဇဝင်ရှိခဲ့သည်။ ဤသို့ဖြင့် ၁၈ ရာစုအလယ်မှစ၍ ရွှေဘိုကျောက်မြောင်းဒေသတွင် စဉ့်လုပ်ငန်းဗဟို ဌာနတစ်ခုပေါ်ထွန်းလာခဲ့သည်။ ကျောက်မြောင်း နွယ်ငြိမ် စဉ့်လုပ်ငန်းသည် မွန်တို့၏ အတတ်ပညာမှ ဆင့်ကဲ ပြန့်ပွားလာခြင်းဖြစ်သည်။ ထိုဒေသသို့ ရောက်ရှိအခြေချသူများမှာ မုဒုံအနီး အိုးရုံကြီးနှင့် အိုးရုံကလေး ကျေးရွာများမှဖြစ်ကြသည်ဟု ဆိုကြသည်။ တွံတေးစဉ့်လုပ်ငန်းသည်လည်း အိုးရုံကြီးနှင့်အိုးရုံကလေး၏ အဆက်အနွယ်ဟု ဆိုကြသော်လည်း တွံတေးစဉ့်အိုးများက ကျောက်မြောင်း အိုးများလောက် အရွယ်အစားမကြီးပေ။ ဆန်စပါးနှင့်ကောက်ပဲသီးနှံများ ပေါများပိုလျှံအောင် ထုတ်လုပ်လာနိုင်သောအခါ ပိုလျှံပစ္စည်းများကို သိုလှောင်ထားရန် ပစ္စည်းများလိုအပ်လာသည်။ ထိုပြဿနာကို စဉ့်အိုးနှင့်အင်တုံများက ဖြေရှင်းပေးခဲ့ကြသည်။ ထိုခေတ်ကစဉ့်အိုးမှာ ရေလုံဆီလုံသဖြင့် အရည်သိုလှောင်ရန် အကောင်းဆုံးဖြစ်သည်။ ထို့ကြောင့်ပင် စဉ့်အိုး ထုတ်လုပ်သူတို့က ဆီပိဿာချိန်အလိုက် အကြီးအငယ် အရွယ်အစားအမျိုးမျိုး သတ်မှတ်ကာ ထုတ်လုပ်ခဲ့ကြသည်။ ပိဿာတစ်ရာ ဝင်ဆံ့သောအိုးကို ရာဝင်အိုးဟု ခေါ်ဝေါ်ခဲ့ကြပြီး ယေဘုယျအားဖြင့် အရွယ်အစား အကြီးဆုံးအိုးဖြစ်သည်။

နွယ်ငြိမ်တွင် ပိဿာ ၁၅၀ နှင့် ပိဿာ ၂၀၀ ဝင် စဉ့်အိုးကြီးများကိုလည်း ထုတ်လုပ်ခဲ့ကြသည်။ ပိဿာချိန် ငါးဆယ်ဝင်၊ အစိတ်ဝင်၊ တစ်ဆယ်ဝင်အိုးများမှာ လူသုံးများသော စဉ့်အိုးများဖြစ်ကြသည်။ စဉ့်အင်တုံများကိုမူ ဆန်၊ ပဲ၊ ပြောင်းနှင့် နှမ်းစသည် တို့ကိုထည့်ရန် အသုံးပြုရသဖြင့် တစ်တင်းဝင်၊ တစ်ခွဲဝင်၊ တစ်စိတ်ဝင်စသည်ဖြင့် သတ်မှတ်ထုတ်လုပ်ခဲ့ကြသည်။ စဉ့်အိုးလုပ်ငန်းအတွက် လိုသောကုန်ကြမ်းများမှာ ကျောက်မြေနုကြမ်း၊ ညောင်နီမြေ၊ မြေနုနှင့်ချော်တို့ဖြစ်ကြပြီး မစိုမခြောက်ထင်းကို အသုံးပြုကာ ဖိုကြီးများဖြင့် ဖုတ်ကြရသည်။

မြေအိုးမြေခွက်စသော မြေထည်ပစ္စည်းများမှာ မြို့ရွာကြီးငယ်မဟူ အိမ်တိုင်းတွင် လိုအပ်သော နေ့စဉ်သုံးပစ္စည်းဖြစ်သည်။ ထို့ကြောင့်ပင် မြေအိုးမြေထည် လုပ်တတ် ဖုတ်တတ်သော ကျောက်ခေတ်သစ်မှစ၍ မြန်မာမင်းများ လက်ထက် ခေတ်အဆက်ဆက်တွင် အိုးလုပ်ငန်းသည် မှေးမှိန်တိမ်ကောခြင်း မရှိခဲ့ပေ။ တိုးပွားလာသော လူဦးရေနှင့် လိုက်လျောညီစွာ လုပ်ငန်းများကလည်း ဖွံ့ဖြိုးတိုးတက်ခဲ့သည်။ မြန်မာနိုင်ငံတွင် ကြေးအိုး ကြေးခွက်အသုံးပြုမှုက မရှိသလောက် နည်းပါးသဖြင့်လည်း မြေအိုးလုပ်ငန်းက အရေးပါလှသော လက်မှုလုပ်ငန်း တစ်ခု ဖြစ်နေခဲ့သည်။ ၁၁ ရာစုအလယ် လောက်က စတင်ခဲ့သည်ဟုခန့်မှန်းရသော စဉ့်လုပ်ငန်း၊ စဉ့်အိုးစဉ့်ခွက် လုပ်ငန်းသည်လည်း ၁၄ ရာစု အလယ်တွင် အိန္ဒိယသမုဒ္ဒရာတစ်လျှောက် အာရေးဘီးယား ထိတိုင် အောင်ပေါက်ရောက် ကျော်စောခဲ့သည်။

ပုဂံနှင့်မွန်တို့ဒေသရှိ အိုးရုံရွာများ၊ တွံတေး၊ ရခိုင်ပြည်မြောက်ဦးနှင့် စစ်ကိုင်းတို့သည် စဉ့်လုပ်ငန်းထွန်းကားရာ ဗဟိုဌာနများဖြစ်ခဲ့ကြသည်။ ၁၈ရာစု အလယ်တွင် ရွှေဘိုကျောက်မြောင်းအနီး နွယ်ငြိမ် ရွှေတိုက်နှင့် ရွှေဂွန်းတို့သည် ရာဝင်၊ ငါးဆယ်ဝင် စဉ့်အိုးကြီးများထုတ်လုပ်ရာ စခန်းသစ်တစ်ခုအဖြစ် ထင်ရှားလာခဲ့သည်။ မြန်မာ့မြေအိုးမြေထည်လုပ်ငန်း၊ စဉ့်အိုးစဉ့်ထည်လုပ်ငန်းသည် မြန်မာမင်းများ လက်ထက်တွင်သာမက ယခုထိတိုင် ဖွံ့ဖြိုးနေဆဲဖြစ်သည်။ ခေတ်မီ ဒန်အိုးဒန်ခွက်များ၊ ပလတ်စတစ် ပစ္စည်းများ၏ လွှမ်းမိုးမှုကို ကြံ့ကြံ့ခံကာ ရှင်သန်နေသော သမားရိုးကျ မြန်မာ့လက်မှုလုပ်ငန်းတစ်ခုပင် ဖြစ်ပေသည်။

အိုးလုပ်ငန်း၊ အိုးဖုတ်လုပ်ငန်းနှင့် အလားတူသော လက်မှုလုပ်ငန်းတစ်ခုမှာ အုတ်ဖုတ်လုပ်ငန်းဖြစ်သည်။ ရှေးဟောင်းသုတေသနဌာနက တူးဖော်တွေ့ရှိချက်အရ ဗိဿနိုး၊ သရေခေတ္တရာ၊ ဟန်လင်းစသော ပျူမြို့ပြနိုင်ငံများခေတ် (အေဒီ ၁ ရာစုမှ ၁၀ ရာစု)က နန်းတော်၊ ကျောင်း၊ စေတီပုထိုး၊ မြို့ရိုးစသည်တို့ကို အုတ်ဖြင့်တည်ဆောက် ခဲ့ကြကြောင်း သိရှိရသည်။ ပျူတို့နေထိုင်ခဲ့ရာ ဒေသများမှ ပျူခေတ်အုတ်ချပ်ကြီးများကို မြေပေါ်မှလည်းကောင်း၊ မြေအောက်မှလည်းကောင်း အများအပြားတွေ့ရှိခဲ့ရသည်။ ပျူခေတ်အုတ်ချပ်ကြီးများသည် အရွယ်အားဖြင့် ထူးခြားကြီးမားကာ အကြမ်းဖျင်းအားဖြင့် ၁၈" × ၉" × ၂"ခန့်ရှိသဖြင့် အုတ်လုပ်ငန်း၏ပမာဏက မသေးငယ်ခဲ့ကြောင်း မှန်းဆနိုင်သည်။

ပုဂံခေတ်တွင် အုတ်လုပ်ငန်း ပိုမိုတိုးတက်ထွန်းကားခဲ့သည်ကို ယခုတိုင် ဖူးမြင်နေရသည့် မြန်မာ့ ယဉ်ကျေးမှုအမွေအနှစ် ပုဂံခေတ် စေတီပုထိုးဂူကျောင်း အဆောက်အအုံပေါင်းများစွာတို့က သက်သေခံလျက်ရှိသည်။ ထိုမျှများပြားလှသော ကျောင်း၊ ဘုရား စေတီပုထိုးများနှင့် ကျောင်းများတည်ထားရန် အုတ်ကိုထုတ်လုပ် ပေးသော အုတ်ဖုတ်လုပ်ငန်း၏ ကြီးကျယ်ခမ်းနားခဲ့ပုံကို ခန့်မှန်းနိုင်သည်။ အုတ်ဖုတ်လုပ်ငန်းနှင့် အတူ အင်္ဂတေဖော်စပ်နည်းနှင့် ဖော်စပ်လုပ်ငန်း၊ ပန်းရန်လုပ်ငန်းစသော လက်မှုလုပ်ငန်းများကလည်း အထူးပင် ထွန်းကားခဲ့သည်။ အုတ်အဆောက်အဦကြီးများသာမက အုတ်ကို အတွင်းအပြင် ကျောက်ညှပ်၍ ဆောက်လုပ်ထားသော နန်းဘုရား၊ ကျောက်ဂူဥမင်စသည်တို့အပြင် ကျောက်သက်သက်ဖြင့် ဆောက်လုပ်သော စက္ကူတိုက်၊ သဗ္ဗညုဘုရားအနီး ခေါင်းလောင်းတိုင်စသည်တို့ကလည်း အထင်အရှားရှိနေသည်။ ပန်းရန်လုပ်ငန်းနှင့် အတူ ပန်းတမော့လုပ်ငန်းလည်း ထွန်းကားခဲ့ကြောင်း ထင်ရှားလှသည်။

မြန်မာနိုင်ငံအရပ်ရပ်ရှိ ရှေးဟောင်းစေတီပုထိုးပေါင်း မြောက်မြားစွာတို့သည် ခေတ်အဆက်ဆက် မြန်မာမင်းများလက်ထက်က သမားရိုးကျလက်မှုလုပ်ငန်း များဖြစ်ကြသော အုတ်ဖုတ်လုပ်ငန်းနှင့် ပန်းရန်လုပ်ငန်းတို့ကို ဖော်ညွှန်းနေကြသော သမိုင်းဝင် အထောက်အထားများပင် ဖြစ်ကြသည်။ ဆောက်လုပ်ထားသော အုတ်အဆောက်အအုံများတွင် အုတ်စီပုံနည်းစနစ်ကျခြင်း၊ သံကိုင်းသံချောင်းနှင့်သံပေါင်တို့၏အားဖြင့် ကွန်ကရစ် စသည်တို့ လုံးဝမပါဘဲ သတ်စီခုံး၊ သတ်စီပေါင်းခုံးများကို သုံးထားခြင်း၊ ထုထည်နှင့် အလေးချိန်ပမာဏများ လိုက်လျောညီစွာ ကိုက်ညီကောင်းမွန်ခြင်းတို့ကို ထောက်ရှု၍ ရူပဗေဒပညာရပ်ဆိုင်ရာ သဘောတရားများကို ပုဂံခေတ်ကပင် တတ်မြောက်ကျွမ်းကျင်ခဲ့သည်ဟု ဆိုနိုင်သည်။ ထို့ပြင် အဆောက်အအုံ၏ အချိုးထောင့်နေရာခုံးများနှင့် ပေါင်းခုံးများတွင်သုံးရန် အုတ်ကို လိုသည့် ပုံသဏ္ဌာန်အတိုင်း ထုတ်လုပ်ခဲ့ကြကြောင်းကလည်း သိသာ ထင်ရှားလှသည်။ ။

**"မုတ္တမအိုး သို့မဟုတ် ပဲခူးအိုးဟု နိုင်ငံခြားသားများက အမည်ပေးထားသော စဉ့်အိုးများသည် ၁၉ ရာစုအထိ ကျော်စောထင်ရှားခဲ့သည်။ ၁၈၅၁ ခုနှစ်တွင် လန်ဒန်မြို့၌ကျင်းပသော အင်ပါယာပြပွဲကြီးတွင် မြန်မာ့စဉ့်အိုး အရွယ်အစားအမျိုးမျိုးကို တခမ်းတနား ပြသခဲ့သည်"**

# ၂၀၂၀ ပြည့်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပထမနေ့ မြန်မာစာဘာသာရပ်ဖြေဆိုသည့် ကျောင်းသား ကျောင်းသူများ၏ မြင်ကွင်းပုံရိပ်များ



စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသိုမြို့နယ် အခြေခံပညာအထက်တန်းကျောင်းသို့ စာမေးပွဲဖြေဆိုရန် လာရောက်သည့် ကျောင်းသား ကျောင်းသူများကို တွေ့ရစဉ်။ ကျော်မြိုင် (ပြန်/ဆက်)



ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ် စာစစ်ဌာနၚ် စာမေးပွဲ ဖြေဆိုအပြီး ကျောင်းသား ကျောင်းသူများအား တွေ့ရစဉ်။ အောင်မင်း(မြောင်းမြ)



ရန်ကုန်တိုင်းဒေသကြီး အထက(၃) အင်းစိန်၌ စာမေးပွဲဖြေဆိုအပြီး ပြန်ထွက်လာသည့် ကျောင်းသား ကျောင်းသူများနှင့် လာရောက်ကြိုဆိုသည့် မိသားစုများကို တွေ့ရစဉ်။ ဥာဏ်လင်း



စစ်ကိုင်းတိုင်းဒေသကြီး မုံရွာစာစစ်ဌာန၌ စာမေးပွဲဖြေဆိုအပြီး ပြန်ထွက်လာသည့် ကျောင်းသား ကျောင်းသူများနှင့် လာရောက်ကြိုဆိုသည့် မိသားစုများကို တွေ့ရစဉ်။ မွှေးကြူဇင်



ရန်ကုန်တိုင်းဒေသကြီး အထက(၂) လသာ၌ စာမေးပွဲဖြေဆိုသည့် ကျောင်းသား ကျောင်းသူများကို တွေ့ရစဉ်။ ဇော်မင်းလတ်



ကယားပြည်နယ် အထက(ရှားတော) စာစစ်ဌာနသို့ စာမေးပွဲလာရောက်ဖြေဆိုသည့် ကျောင်းသား ကျောင်းသူများကို တွေ့ရစဉ်။ ထွန်းအောင်(ပြန်/ဆက်)



မန္တလေးတိုင်းဒေသကြီး အထက(၁၆) ချမ်းအေးသာစံ စာစစ်ဌာန၌ စာမေးပွဲဖြေဆိုနေသည့် ကျောင်းသား ကျောင်းသူများကို တွေ့ရစဉ်။ မင်းထက်အောင်(မန်းကိုယ်ပွား)



ပဲခူးတိုင်းဒေသကြီး အထက(၁) တောင်ငူ စာစစ်ဌာန၌ စာမေးပွဲဖြေဆိုပြီးသည့် ကျောင်းသား ကျောင်းသူများကို တွေ့ရစဉ်။ သူရ(တောင်ငူ)

# လူမွဲခံယူခြင်းဆိုင်ရာ ဥပဒေပြဋ္ဌာန်း

*ယမန်နေ့မှအဆက်*

**အပိုင်း (၉)**

**ရာထူးလက်ရှိဖြစ်သူနှင့် ယခင်ကဆောင်ရွက်ခဲ့သည့် လုပ်ငန်းကိစ္စရပ်များ သက်ဆိုင်ခြင်း**

**အခန်း (၁)**

**ပြန်လည်ထူထောင်ရေးမန်နေဂျာ၊ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ စသည်တို့မှ စီမံခန့်ခွဲခြင်း**

**နှစ်ဦး သို့မဟုတ် နှစ်ဦးထက်ပိုသော လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူများကို ခန့်ထားခြင်း**

၃၅၂။ ပုဒ်မ ၇ တွင် ရည်ညွှန်းဖော်ပြထားသည့် ရာထူးတစ်ရပ်ရပ်အတွက် နှစ်ဦး သို့မဟုတ် နှစ်ဦး ထက်ပိုသော လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူများကို ခန့်ထားခဲ့လျှင် ၎င်းတို့ကို ခန့်အပ်ကြောင်း ဆုံးဖြတ်ချက် သို့မဟုတ် သဘောတူညီချက် သို့မဟုတ် တရားရုံး၏ အမိန့်ဖြင့် အခြားနည်း ညွှန်ကြားထားချက်မှတစ်ပါး ထိုရာထူးတစ်ရပ်ရပ်အတွက် တာဝန်ထမ်းဆောင်သူ၏ လုပ်ငန်းတာဝန်နှင့် လုပ်ပိုင်ခွင့်တစ်ရပ်ရပ်ကို ၎င်းတို့အနက်မှ တစ်ဦးဦးက ဖြစ်စေ သို့မဟုတ် နှစ်ဦး သို့မဟုတ် နှစ်ဦးထက်ပိုသော သူများက ပူးတွဲ၍ ဖြစ်စေ ဆောင်ရွက်နိုင်သည် သို့မဟုတ် ကျင့်သုံးနိုင်သည်။

**ကုမ္ပဏီ၏ပစ္စည်းများနှင့် စပ်လျဉ်းသည့်တာဝန်**

၃၅၃။ (က) ဤအခန်းတွင် ကုမ္ပဏီတစ်ခု၏ ရာထူးလက်ရှိဖြစ်သူဆိုသည့် ရည်ညွှန်းဖော်ပြချက်သည် ထိုကုမ္ပဏီအတွက် ခန့်ထားသော ပြန်လည်ထူထောင်ရေး မန်နေဂျာ၊ ပြန်လည်ထူထောင်ရေး အကြံပေး၊ အစီအစဉ်ကြီးကြပ်သူ၊ ပစ္စည်းထိန်း၊ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ သို့မဟုတ် ယာယီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိကိုဆိုလိုပြီး ကုမ္ပဏီသည် အောက်ပါကိစ္စတစ်ရပ်ရပ်ကို ဆောင်ရွက်ခြင်းဖြစ်လျှင် ဤပုဒ်မနှင့် သက်ဆိုင်စေရမည် –

(၁) ကုမ္ပဏီတစ်ခုသည် ဤဥပဒေ၏ အပိုင်း(၅) သို့မဟုတ် အပိုင်း (၆) အရ ပြန်လည်ထူထောင်ရေးလုပ်ငန်းကို ဆောင်ရွက်နေခြင်း သို့မဟုတ်

(၂) ပစ္စည်းထိန်းခန့်ထားခြင်း၊

(၃) ကုမ္ပဏီတစ်ခုသည် စာရင်းရှင်းလင်းဖျက်သိမ်းမှု ပြုလုပ်နေခြင်း၊

(၄) ယာယီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ ခန့်ထားခြင်း။

(ခ) ကုမ္ပဏီတစ်ခုနှင့် သက်ဆိုင်ဟန်လက္ခဏာရှိသည့် ပစ္စည်းတစ်ရပ်ရပ်၊ စာအုပ်စာတမ်းများ သို့မဟုတ် မှတ်တမ်းများသည် တစ်ဦးတစ်ယောက်၏ လက်ဝယ် သို့မဟုတ် ထိန်းသိမ်းမှုအောက်တွင်ရှိသည့်အခါ ထိုပစ္စည်း၊ စာအုပ်စာတမ်းများ သို့မဟုတ် မှတ်တမ်းများကို ရာထူးလက်ရှိဖြစ်သူထံသို့ ပေးအပ်ရန်၊ လက်ရောက်ပေးရန်၊ သယ်ယူပို့ဆောင်ပေးရန်၊ စွန့်လွှတ်ပေးအပ်ရန် သို့မဟုတ် လွှဲပြောင်းပေးအပ်ရန် ထိုသူအား တရားရုံးက အမိန့်ချမှတ်နိုင်သည်။

(ဂ) ရာထူးလက်ရှိဖြစ်သူသည်–

(၁) ကုမ္ပဏီပိုင်မဟုတ်သည့်ပစ္စည်းတစ်ခုခုကို သိမ်းယူခြင်း သို့မဟုတ် စီမံခန့်ခွဲခြင်း ပြုလုပ်သည့်အခါတွင် ယင်းသို့ ပြုပိုင်ခွင့်ရှိကြောင်း ၎င်းမှ ယုံကြည်ရန်နှင့် ယုံကြည်ရန် သင့်လျော်သည့် အကြောင်းရှိပါက ၎င်း၏ ကိုယ်တိုင် ပေါ့ဆမှုကြောင့် ဖြစ်ပေါ်လာသည့် ဆုံးရှုံးမှု သို့မဟုတ် ပျက်စီးမှုများနှင့်စပ်လျဉ်း၍မှတစ်ပါး အခြားသူတစ်ဦးတစ်ယောက်ကြောင့် ဖြစ်ပေါ်သည့် ဆုံးရှုံးမှု သို့မဟုတ် ထိခိုက်နစ်နာမှု တစ်ရပ်ရပ်အတွက် ၎င်းအပေါ်တွင် တာဝန်မရှိစေရ၊

(၂) ထိုသို့သိမ်းယူခြင်း သို့မဟုတ် စီမံခန့်ခွဲခြင်းနှင့်စပ်လျဉ်း၍ ဖြစ်ပေါ်လာသည့် ကုန်ကျစရိတ်အတွက် အဆိုပါပစ္စည်းကို သို့မဟုတ် ပစ္စည်းကို ရောင်းချရငွေကို အာမခံအဖြစ် လက်ဝယ်ထားခွင့် (lien) ရှိစေရမည်။

**ရာထူးလက်ရှိဖြစ်သူနှင့် ပူးပေါင်းဆောင်ရွက်ရန်တာဝန်**

၃၅၄။ (က) ပုဒ်မခွဲ (ခ) ပါ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်စီသည် အောက်ပါ တာဝန်များကို ဆောင်ရွက်ရမည်–

(၁) ကုမ္ပဏီအား စတင်ဖွဲ့စည်းတည်ထောင်ခြင်း၊ စီးပွားရေး လုပ်ငန်းများ၊ စီးပွားရေးဆိုင်ရာ ဆက်သွယ်ဆောင်ရွက်သည့်ကိစ္စရပ်များ၊ လုပ်ငန်းကိစ္စရပ်များ သို့မဟုတ် ပစ္စည်းများကို ရာထူးလက်ရှိဖြစ်သူက သင့်လျော်သည့်အချိန်တွင် ကျိုးကြောင်း ဆီလျော်စွာ တောင်းခံလာသည့်အခါ ပေးအပ်ခြင်း၊

(၂) ရာထူးလက်ရှိဖြစ်သူက ပူးပေါင်းဆောင်ရွက်ရန် ကျိုးကြောင်းဆီလျော်စွာ တောင်းဆိုသည့်အချိန်တွင် လာရောက်ခြင်း။

(ခ) ပုဒ်မခွဲ(က) ပါပုဂ္ဂိုလ်ဆိုသည်မှာ အောက်ပါတို့ကိုဆိုသည်–

(၁) ကုမ္ပဏီအရာရှိများ သို့မဟုတ် ယခင်က ကုမ္ပဏီအရာရှိအဖြစ် ဆောင်ရွက်ခဲ့သူများ၊

(၂) စတင်သက်ဝင်သည့်နေ့မတိုင်မီ တစ်နှစ်အတွင်း ကုမ္ပဏီဖွဲ့စည်းမှုတွင် ပါဝင်ဆောင်ရွက်ခဲ့သူများ၊

(၃) ကုမ္ပဏီဝန်ထမ်းများ သို့မဟုတ် သက်ဆိုင်ရာနှစ်တစ်နှစ်အတွင်း ထိုကုမ္ပဏီတွင် ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ဖူးသူဖြစ်ပြီး ရာထူးလက်ရှိဖြစ်သူက လိုအပ်သည့် အချက်အလက်များကို ပေးစွမ်းနိုင်ကြောင်း ထင်မြင်ယူဆသူတစ်ဦးဦး၊

(၄) စာရင်းရှင်းလင်းဖျက်သိမ်းခြင်း ဆောင်ရွက်နေသည့် ကုမ္ပဏီဖြစ်လျှင် ထိုကုမ္ပဏီ၌ ယခင်က ရာထူးလက်ရှိဖြစ်သူတစ်ဦးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ဖူးသူတစ်ဦးဦး။

(ဂ) ဤပုဒ်မပါ တာဝန်တစ်ရပ်ရပ်ကို လိုက်နာရန် တာဝန်ရှိသူတစ်ဦးဦးသည် ခိုင်လုံသော အကြောင်းမရှိဘဲ လိုက်နာရန် ပျက်ကွက်ပါက မှတ်ပုံတင်အရာရှိသည် ၎င်းအား ကျပ်နှစ်ဆယ့်ငါးသိန်းထက် မပိုသော ဒဏ်ကြေးငွေ တပ်ရိုက်ရမည်။

**ကုမ္ပဏီ၏စီးပွားရေးဆိုင်ရာကိစ္စရပ်များအား စုံစမ်းစစ်ဆေးခြင်း**

၃၅၅။ (က) တရားရုံးသည် ရာထူးလက်ရှိဖြစ်သူ၏ လျှောက်ထားမှုအရ အောက်ပါပုဂ္ဂိုလ်တို့ကို တရားရုံးရှေ့သို့ လာရောက်ရန်ဆင့်ဆိုနိုင်သည်–

(၁) ကုမ္ပဏီ၏ အရာရှိ၊

(၂) ကုမ္ပဏီ၏ပစ္စည်းတစ်ရပ်ရပ်ကို လက်ဝယ်ထားရှိနေကြောင်း သိရှိရသူ သို့မဟုတ် သံသယရှိသူ သို့မဟုတ် ကုမ္ပဏီသို့ ကြွေးမြီပေးဆပ်ရန် တာဝန်ရှိနေသည်ဟု ထင်မြင်ယူဆရသူ၊

(၃) ကုမ္ပဏီအား စတင်ဖွဲ့စည်းတည်ထောင်ခြင်း၊ စီးပွားရေးဆိုင်ရာ ဆက်သွယ်ဆောင်ရွက်သည့် ကိစ္စရပ်များ၊ လုပ်ငန်းကိစ္စရပ်များ၊ ကုမ္ပဏီပိုင် ပစ္စည်းများနှင့်စပ်လျဉ်း၍ သတင်းပေးနိုင်သည်ဟု တရားရုံးက ထင်မြင်ယူဆသူ။

(ခ) တရားရုံးသည် ပုဒ်မခွဲ(က)တွင် ဖော်ပြထားသူတစ်ဦးဦးအား ၎င်းနှင့်ကုမ္ပဏီတို့အကြားရှိ ဆက်သွယ်ရောင်းဝယ်မှုများနှင့် စပ်လျဉ်းသည့်ကိစ္စရပ်ကို တင်ပြရန်ဖြစ်စေ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ် (၃) တွင် ဖော်ပြထားသော ကုမ္ပဏီနှင့်စပ်လျဉ်းသည့် ၎င်း၏ လက်ဝယ် သို့မဟုတ် ၎င်း၏ထိန်းသိမ်းမှုအောက်ရှိ စာအုပ်စာတမ်းများ သို့မဟုတ် အခြားမည်သည့် မှတ်တမ်းကိုမဆို တင်ပြရန် ဖြစ်စေ အထက်ပါကိစ္စရပ်နှင့်စပ်လျဉ်း၍ တရားရုံးက ကြည့်ရှုစစ်ဆေးရန် ဆင့်ဆိုနိုင်သည်။

(ဂ) ပုဒ်မခွဲ(ခ)အရ တရားရုံးသို့တင်သွင်းရာတွင် ကျမ်းကျိန်လွှာဖြင့် တင်ပြရမည်။

(ဃ) ပုဒ်မခွဲ (င) နှင့် (စ) ပါ ပြဋ္ဌာန်းချက်များသည် အောက်ပါကိစ္စ တစ်ရပ်ရပ်နှင့် သက်ဆိုင်စေ ရမည် –

(၁) ဤပုဒ်မအရ တစ်စုံတစ်ဦးကို တရားရုံးသို့လာရောက်ရန် ဆင့်ဆိုရာတွင် ထိုသူသည် ခိုင်လုံသောအကြောင်းပြချက် မရှိဘဲ လာရောက်ရန် ပျက်ကွက်ခဲ့ခြင်း၊

(၂) ဤပုဒ်မအရတရားရုံးရှေ့သို့လူကိုယ်တိုင်လာရောက်ရခြင်းမှ ရှောင်ရှားရန် အလို့ငှာ ထိုသူသည် ထွက်ပြေးတိမ်းရှောင်သွားကြောင်း သို့မဟုတ် ထွက်ပြေးတိမ်းရှောင်မည် ဖြစ်ကြောင်း ယုံကြည်ရန် အကြောင်းရှိခြင်း။

(င) တရားရုံးသို့လာရောက်ရန် ဆင့်ဆိုခြင်းခံရသူ၏ လက်ဝယ်ရှိမည်သည့်ပစ္စည်းကိုမဆို တရားရုံးရှေ့သို့ တင်ပို့စေရန် တရားရုံးသည် အောက်ပါရည်ရွယ်ချက်များအလို့ငှာ ဝရမ်းထုတ်ဆင့်နိုင်သည်–

(၁) ထိုသူကို ဖမ်းဆီးချုပ်နှောင်ရန်၊

(၂) ထိုသူ၏လက်ဝယ်ရှိ စာအုပ်စာတမ်းများ သို့မဟုတ် အခြား မှတ်တမ်းများ၊ ငွေကြေးများ သို့မဟုတ် ကုန်စည်များကို သိမ်းဆည်းရန်။

(စ) တရားရုံးသည် ဝရမ်းဖြင့် ဖမ်းဆီးခံရသူကို ချုပ်နှောင်ထားရန်နှင့် ဝရမ်းဖြင့် သိမ်းယူခဲ့သည့် မည်သည့်ပစ္စည်းကိုမဆို ထိုသူကို ရုံးရှေ့သို့ ဝရမ်းဖြင့်ခေါ်ဆောင်လာသည်အထိ သို့မဟုတ် တရားရုံးက အမိန့်ချမှတ်ထားသည့်အချိန်အထိ ထိန်းသိမ်းထားရန် ခွင့်ပြုနိုင်သည်။

**ပုဒ်မ ၃၅၅ အရ တရားရုံး၏ အတည်ပြုနိုင်သည့်အာဏာ**

၃၅၆။ ပုဒ်မ ၃၅၅ သို့မဟုတ် ဤပုဒ်မအရ လက်ခံရယူခဲ့သည့် သက်သေခံချက်များအရ ကုမ္ပဏီပိုင်ပစ္စည်း တစ်ခုခုသည် လူတစ်ဦးတစ်ယောက်၏ လက်ဝယ်တွင်ရှိကြောင်း ပေါ်ပေါက်သည့်အခါ ရာထူးလက်ရှိဖြစ်သူက လျှောက်ထားလာလျှင် တရားရုံးသည် သင့်သည်ထင်မြင်သည့် စည်းကမ်းချက်များသတ်မှတ်၍ ထိုပစ္စည်းလက်ဝယ်ထားသူက အဆိုပါပစ္စည်းအားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ သတ်မှတ်ထားသည့်အချိန်တွင် သတ်မှတ်ထားသည့် နည်းလမ်းဖြင့် ရာထူးလက်ရှိဖြစ်သူထံသို့ လွှဲပြောင်းပေးအပ်ရန် အမိန့်ချမှတ်နိုင်သည်။

**အခန်း (၂)**

**ဤဥပဒေအရခန့်ထားသည့် လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူများအတွက် အခကြေးငွေ**

**ဤအခန်းနှင့် သက်ဆိုင်ခြင်း**

၃၅၇။ ဤအခန်းပါ ပြဋ္ဌာန်းချက်များသည် ပစ္စည်းထိန်းမှအပ ရာထူးလက်ရှိဖြစ်သူ အားလုံးနှင့် သက်ဆိုင်စေရမည်။

**အခကြေးငွေသတ်မှတ်ခြင်း**

၃၅၈။ (က) ရာထူးလက်ရှိဖြစ်သူအဖြစ် ခန့်အပ်ခြင်းခံရသူသည် ၎င်း၏ လုပ်ငန်းတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ခဲ့သည့်အတွက် သင့်လျော်သည့် အခကြေးငွေ ရထိုက်ခွင့်ရှိစေရမည်။

(ခ) ရာထူးလက်ရှိဖြစ်သူအတွက် အခကြေးငွေကို အောက်ပါ ဆုံးဖြတ် ချက်တစ်ရပ်ရပ်ဖြင့် သတ်မှတ်ရမည်–

(၁) မြီရှင်များကော်မတီ၏ဆုံးဖြတ်ချက်၊

(၂) မြီရှင်များကော်မတီမရှိပါက လူမွဲခံယူသည့်အဖွဲ့အစည်း၏ မြီရှင်များ ဆုံးဖြတ်ချက်။

(ဂ) ပုဒ်မခွဲငယ် (၁) သို့မဟုတ် (၂) ပါ နည်းလမ်းဖြင့် မဆုံးဖြတ်နိုင်လျှင် သို့မဟုတ် ဆုံးဖြတ်ချက်ကို ရာထူးလက်ရှိဖြစ်သူက လက်မခံနိုင်လျှင် ၎င်းသည်သင့်လျော်သည့် အခကြေးငွေ သတ်မှတ်ပေးရန် တရားရုံးသို့ လျှောက်ထားနိုင်သည်။ သို့မဟုတ် နည်းဥပဒေများတွင် ဖော်ပြထားသည့် အခြားနည်းလမ်းတစ်ရပ်ရပ်ဖြင့် ဖြစ်စေ အခကြေးငွေကို သတ်မှတ်နိုင်သည်။

(ဃ) ရာထူးလက်ရှိဖြစ်သူအတွက် အခကြေးငွေတွက်ချက်ရာတွင် အောက်ပါနည်းလမ်း တစ်ရပ်ရပ်ဖြင့် တွက်ချက်နိုင်သည်–

(၁) ဆောင်ရွက်ခဲ့သည့်အလုပ် သို့မဟုတ် ဆောင်ရွက်ရမည့် အလုပ်အတွက် အခကြေးငွေကို ပုံသေသတ်မှတ်ခြင်း၊

(၂) မြီရှင်များသို့ ခွဲဝေပေးသည့်ပစ္စည်းအပေါ် အခကြေးငွေကို ရာခိုင်နှုန်းဖြင့် သတ်မှတ်ခြင်း၊

(၃) ဆောင်ရွက်ခဲ့သည့်အလုပ် သို့မဟုတ် ဆောင်ရွက်ရမည့် အလုပ်အတွက် နာရီအလိုက် ပုံသေသတ်မှတ်ခြင်း သို့မဟုတ် အလုပ်ချိန်ပေါ်မူတည်၍ အခကြေးငွေ တွက်ချက်ခြင်း၊

(၄) ရာထူးလက်ရှိဖြစ်သူ သဘောတူထားသည့် နည်းလမ်း တစ်ရပ်ရပ်ဖြင့် တွက်ချက်ခြင်း သို့မဟုတ် တရားရုံး၏ အမိန့်အရ သတ်မှတ်ခြင်း။

(င) ကုမ္ပဏီတွင်ခန့်ထားသည့် ရာထူးလက်ရှိဖြစ်သူက အခကြေးငွေ သတ်မှတ်ပေးရန်အတွက် တရားရုံး သို့လျှောက်ထားမှုအပေါ် မှတ်ပုံတင်အရာရှိသည် ကန့်ကွက်တင်ပြနိုင်ပြီး တရားရုံးသည် ကန့်ကွက်မှုကို ကြားနာ၍ သင့်သည်ထင်မြင်သည့် အမိန့်ကို ချမှတ်နိုင်သည်။

(စ) ဤပုဒ်မအရ ရာထူးလက်ရှိဖြစ်သူအတွက် အခကြေးငွေ သတ်မှတ်ရာတွင် လည်းကောင်း၊ ပုဒ်မခွဲ (ဃ) အရ အခကြေးငွေ သတ်မှတ်သည့် နည်းလမ်းများကို လည်းကောင်း နည်းဥပဒေများဖြင့် သတ်မှတ်နိုင်သည်။

**အခန်း (၃)**

**ယခင်က ဆောင်ရွက်ခဲ့သည့် လုပ်ငန်းကိစ္စရပ်များနှင့်သက်ဆိုင်ခြင်း (ပြန်လည်ထူထောင်ခြင်း၊ စာရင်းရှင်းလင်းဖျက်သိမ်းခြင်းနှင့် လူမွဲခံယူခြင်း)**

**စတင်အကျိုးသက်ရောက်သည့်နေ့**

၃၅၉။ (က) ဤအခန်းနှင့် အခန်း (၄) တွင် လူမွဲခံယူသည့်အဖွဲ့အစည်းနှင့် စတင်အကျိုးသက်ရောက်သည့်နေ့ ဆိုသည်မှာ အောက်ပါတို့ကို ဆိုသည်–

(၁) အပိုင်း (၅)အရကုမ္ပဏီပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ် စတင်အကျိုးသက်ရောက်သည့် နေ့သည် ပုဒ်မ ၄၇ နှင့် အညီ ပြန်လည် ထူထောင်ရေး မန်နေဂျာခန့်အပ်မှု စတင် အကျိုးသက်ရောက်သည့်နေ့ဖြစ်သည် သို့မဟုတ် ထိုသို့ ခန့်အပ်ပြီးနောက် စာရင်းရှင်း ဖျက်သိမ်းခြင်းသို့ ကူးပြောင်းပါက ပုဒ်မ ၁၅၀ နှင့်အညီ စာရင်းရှင်း ဖျက်သိမ်းခြင်း စတင်ဆောင်ရွက်သည့်နေ့ဖြစ်သည်။

(၂) ဤအပိုင်းပါ ကန့်သတ်ချက်ကို ဆန့်ကျင်ခြင်းမရှိစေပဲ အပိုင်း (၆) အရ ပြန်လည် ထူထောင်ရေးလုပ်ငန်းစဉ် စတင်အကျိုးသက်ရောက်သည့်နေ့သည် ပုဒ်မ ၁၀၁ နှင့် အညီ ပြန်လည်ထူထောင်ရေးအကြံပေးခန့်အပ်မှု စတင် အကျိုးသက်ရောက်သည့်နေ့ ဖြစ်သည်။

(၃) စာရင်းရှင်းလင်းဖျက်သိမ်းနေသော ကုမ္ပဏီနှင့် ယင်း၏ စတင် အကျိုးသက်ရောက်သည့် နေ့သည် ပုဒ်မ ၁၅၀ နှင့်အညီ ထိုစာရင်းရှင်းလင်းဖျက်သိမ်းခြင်း စတင် ဆောင်ရွက်သည့် နေ့ဖြစ်သည်။

(၄) တစ်သီးပုဂ္ဂလလူမွဲနှင့် ယင်း၏ စတင်အကျိုးသက်ရောက်သည့်နေ့သည် လူမွဲခံယူသည့် အမိန့်ချမှတ်ပေးရန် လျှောက်လွှာတင်သွင်းသည့်နေ့ ဖြစ်သည်။ သို့မဟုတ် ထိုခန့်ထားမှုသည် အပိုင်း (၆) လုပ်ငန်းနှင့် ဆက်လျက်ဖြစ်ပါက ပုဒ်မ ၁၀၁ နှင့်အညီ ပြန်လည်ထူထောင်ရေး အကြံပေးကို ခန့်အပ်ခြင်း စတင်သက်ရောက်သည့်နေ့ ဖြစ်သည်။

(ခ) လူမွဲခံယူသည့်အဖွဲ့အစည်း၏ ဆောင်ရွက်ခဲ့သည့် လုပ်ငန်းဆိုရာတွင် လူမွဲခံယူခြင်းလုပ်ငန်းစဉ် စတင်ခြင်းမပြုမီက ပြုလုပ်ခဲ့သော လုပ်ငန်းကိစ္စရပ်များလည်း အကျုံးဝင်စေရမည်။

(ဂ) ဤအခန်းနှင့် အခန်း (၄) တွင် ရာထူးလက်ရှိဖြစ်သူ ဆိုသည်မှာ ပစ္စည်းထိန်းမပါစေရ။

**တန်ဖိုးလျှော့ထားသည့် လုပ်ငန်းကိစ္စရပ်များ**

၃၆၀။ (က) ရာထူးလက်ရှိဖြစ်သူသည် ဆက်စပ်သည့်အချိန်အတွင်း ဤပုဒ်မအရ လူမွဲခံယူသည့် အဖွဲ့အစည်း၏ အောက်ပါဆောင်ရွက်ချက် တစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ တရားရုံးသို့ လျှောက်ထားနိုင်သည်–

(၁) လူမွဲခံယူသည့်အဖွဲ့အစည်းက လူတစ်ဦးတစ်ယောက်သို့ လုပ်ပိုင်ခွင့် သို့မဟုတ် အခွင့်အရေး သို့မဟုတ် ပစ္စည်း တစ်စုံတစ်ရာ ပေးကမ်းခြင်းဖြစ်စေ၊ ထိုသူနှင့် အဖိုး စားနားတစ်စုံတစ်ရာမရသည့် လုပ်ငန်းကိစ္စရပ် တစ်ရပ် ကိုဖြစ်စေ ပူးတွဲလုပ်ကိုင်ခြင်း၊

*(ဆက်လက်ဖော်ပြပါမည်)*

# မြို့နယ်အချို့၌ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၁၁**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၁၀ ရက် နံနက် ၆ နာရီခွဲက တာချီလိတ်မြို့နယ် ယန်းခေါင်ကျေးရွာနေ အားစား၏ နေအိမ်အိပ်ခန်းအတွင်းမှ ဘိန်းဖြူ သုည ဒသမ ၀၀၈ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၄၅ ပြားနှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို လည်းကောင်း။

အလားတူ မွန်းလွဲ ၁ နာရီတွင် ကျိုင်းတုံမြို့နယ် ပန်ပိုးကျေးရွာနေ မအားရင်၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ စိုင်းမွန်း၊ ထွန်းထွန်းတို့အား တွေ့ရှိရပြီး နေအိမ်အိပ်ခန်းအတွင်းမှ ဘိန်းစိမ်း သုည ဒသမ ၀၅ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၁၃၉၂ ပြားတို့ကို လည်းကောင်း။

ထို့ပြင် ညနေ ၃ နာရီတွင် မူဆယ်မြို့နယ် ဝိန်းနန်းကျေးရွာအနီးရှိ ယီခမ်း၏ တောင်ယာတဲအတွင်း ဆာလာအိတ်အတွင်းမှ ဘိန်းဖြူ သုည ဒသမ ၁၄ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၁၂၀၀ တို့ကို လည်းကောင်း။

ထို့အတူ မတ် ၉ ရက် ညနေ ၃ နာရီ မိနစ် ၄၀ က ဟိုပုံးမြို့နယ် ဖာလဲကျေးရွာနေ ဇော်ဟိန်း၏ နေအိမ်အိပ်ခန်းအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၀၀ နှင့် ငွေကျပ် ၅၀၀၀၀ တို့ကို လည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**



ဇော်ဟိန်းအား ဖမ်းဆီးရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

# ကျိုင်းတုံမြို့၌ ပဉ္စမတန်းကျောင်းသူတစ်ဦး ရေကန်အတွင်း ရေဆင်းချိုးရာမှ ရေနစ်သေဆုံး

**ကျိုင်းတုံ မတ် ၁၁**

ရှမ်းပြည်နယ်အရှေ့ပိုင်း ကျိုင်းတုံမြို့နယ် မိုင်းဇင်းကျေးရွာအုပ်စု နောင်နွမ်းကျေးရွာ ရွှေတြိဂံဂေါက်ကွင်းအတွင်းရှိ ရေကန်၌ မတ် ၁၀ ရက် မွန်းတည့် ၁၂ နာရီခန့်က ပန်ဟုန်းကျေးရွာနေ မနာပါ(ခ)မယ်ရီဟန် (၁၃နှစ်) ပဉ္စမတန်းကျောင်းသူသည် သူငယ်ချင်းဖြစ်သူ ခင်မျိုးချစ် (၁၀နှစ်) တတိယတန်းကျောင်းသူနှင့်အတူ သွားရောက်ရေချိုးစဉ် မနာပါ(ခ)မယ်ရီဟန်မှာ ရေနစ်ပျောက်ဆုံးသွားခဲ့သဖြင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ တပ်မတော်သားများ၊ အုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ရပ်ကွက်နေပြည်သူများက ဝိုင်းဝန်းရှာဖွေရာ မတ် ၁၁ ရက် မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်ခန့်တွင် အဆိုပါရေကန်၌ သေဆုံးလျက် ရှာဖွေတွေ့ရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ကျိုင်းတုံမြို့မရဲစခန်းက စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**အောင်ဇင်မြင့် (ပြန်/ဆက်)**

# ဇမ္ဗူသီရိမြို့နယ် ရွှေကြာပင်ရပ်ကွက်၌ မီးလောင်မှုဖြစ်

**နေပြည်တော် မတ် ၁၁**

နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ရွှေကြာပင်ရပ်ကွက် စိန်ပန်းပြာ (၁၀)လမ်းနှင့် ချင်းတွင်းလမ်းနေ ဒေါ်နွဲ့၏ နေအိမ်၌ ယနေ့နံနက် ၁၀ နာရီခွဲခန့်က ထမင်းပေါင်းအိုးအပူလွန်ကဲရာမှ သစ်သားခုံသို့ မီးကူးစက်ပြီး ဒေါ်နွဲ့၏ နှစ်ထပ်နေအိမ်တစ်လုံးနှင့် ဦးအောင်လွင်၏ နှစ်ထပ်နေအိမ်တစ်လုံး မီးလောင်ခဲ့ပြီး လူနှင့် တိရစ္ဆာန် ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း သိရသည်။

အဆိုပါ မီးလောင်ရာနေရာသို့ မီးငြှိမ်းသတ်ယာဉ် ၁၃ စီးနှင့် မီးသတ်တပ်ဖွဲ့ဝင်များက သွားရောက်ငြှိမ်းသတ်ခဲ့ရာ နံနက် ၁၀ နာရီ မိနစ် ၅၀ ခန့်တွင် မီးငြှိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။

**ဟိန်းသူအောင် (ပြန်/ဆက်)**

# စဉ့်ကိုင်မြို့နယ်၌ အထပ်သားစက်ရုံဝင်းအတွင်း မီးလောင်မှုဖြစ်

**စဉ့်ကိုင် မတ် ၁၁**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ် တောင်ရင်းကျေးရွာအနီးရှိ "ကံကောင်းခြင်းရတနာ" အထပ်သားစက်ရုံတွင် မတ် ၁၁ ရက် မွန်းလွဲ ၁ နာရီခန့်က တောမီးမှတစ်ဆင့် မီးကူးလာပြီး စက်ရုံဝင်းအတွင်းရှိ ပါကင်ထုပ်ပိုးထားသော ကော်ထိုးအထပ်သားများသို့ လောင်ကျွမ်းခြင်းဖြစ်ကြောင်း အဆိုပါစက်ရုံမှ ဝန်ထမ်းတစ်ဦး၏ ပြောပြချက်အရ သိရှိရသည်။

မီးလောင်ရာသို့ မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာန၊ နယ်မြေခံတပ်နယ်များမှ အရာရှိစစ်သည်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့ပေါ်ရပ်ကွက် မီးသတ်ဦးစီးဌာနမှ မီးငြှိမ်းသတ်ယာဉ်များ၊ ရေသယ်ယာဉ်များ၊ လူမှုရေးအသင်းအဖွဲ့ယာဉ်များ၊ ကျောက်ဆည်ခရိုင်နှင့် ကျောက်ဆည်၊ မြစ်သား၊ စဉ့်ကိုင်၊ တံတားဦးမြို့နယ် မီးသတ်ဌာနများမှ မီးငြှိမ်းသတ်ယာဉ်များ လာရောက်ငြှိမ်းသတ်ကြသည်။ ဆက်လက်၍ အခြားနေရာများသို့ မီးမကူးစေရေးနှင့် မီးလုံးဝငြှိမ်းသတ်နိုင်စေရေး ဆောင်ရွက်နေကြောင်း သိရသည်။

**သက်မောင် (ကျောက်ဆည်)**



# လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်အတွင်း လုယက်မှုကျူးလွန်သူသုံးဦးအား ဖမ်းမိ

**ရန်ကုန် မတ် ၁၁**

ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး အုပ်ချုပ်မှုဌာနခွဲမှ တပ်ဖွဲ့ဝင်များသည် မတ် ၅ ရက် ညနေ ၆ နာရီခန့်တွင် လှိုင်သာယာ(အရှေ့ပိုင်း) မြို့နယ်အတွင်း ခိုး၊ ဆိုး၊ လု၊ နှိုက်သတင်းများ စုံစမ်းဆောင်ရွက်နေစဉ် လုယက်မှုများ ကျူးလွန်ထားကြောင်း ကြိုတင်သတင်းရရှိထားသူ နေမျိုးထွန်းနှင့် အောင်အောင်တို့နှစ်ဦးအား (၁၅)ရပ်ကွက် မာယာလမ်းသွယ်အတွင်း ဆိုင်ကယ်မောင်းနှင်လာစဉ် ရပ်တန့်စစ်ဆေးရာ ၎င်းတို့ထံရှိ ဖုန်းတစ်လုံးမှာ ၂၀၁၉ ခုနှစ် နိုဝင်ဘာလက လှိုင်သာယာ(အနောက်ပိုင်း) မြို့နယ် အပြင်ပဒံကျေးရွာ ရန်ကုန်-ပုသိမ်ကားလမ်းမပေါ်၌ စက်ဘီးစီးနင်းလာသော အမျိုးသားတစ်ဦးထံက လုယူလာခဲ့ခြင်းဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် ၎င်းတို့နှစ်ဦးအား အမှုဖွင့်အရေးယူခဲ့သည်။

ဖမ်းဆီးရမိသူ နေမျိုးထွန်းနှင့် အောင်အောင်တို့အား အခြားဖြစ်မှုများ ကျူးလွန်ခဲ့ခြင်း ရှိ/မရှိ စစ်ဆေးခဲ့ရာ ၎င်းတို့၏ သူငယ်ချင်းဖြစ်သူ ကိုကိုအောင်(ခ)ဖြူဖွေးနှင့်အတူ ၂၀၁၉ ခုနှစ် ဇူလိုင်လမှ ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလအတွင်း လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ် ကုလားကြီးစုကျေးရွာ ရန်ကုန်-ပုသိမ်ကားလမ်းမပေါ်တွင် စက်ဘီးစီးနင်းလာသူ နှစ်ဦးထံက ဖုန်းနှစ်လုံး၊ (၂၀)ရပ်ကွက် အနော်ရထာလမ်းမကြီးပေါ်တွင် စက်ဘီးစီးနင်းလာသော အမျိုးသားတစ်ဦးထံက ဖုန်းတစ်လုံး၊ (၈၆) ဂိတ်ဟောင်းအနီး စက်ဘီးစီးနင်းလာသော အမျိုးသမီးနှစ်ဦးထံက ရွှေရည် ၁၄ ပဲ၊ အလေးချိန် နှစ်ရွေးခန့်ရှိ ရွှေလက်စွပ်တစ်ကွင်းနှင့် ဖုန်းတစ်လုံးပါ အိတ်တစ်လုံး၊ (၁၃) ရပ်ကွက် ပင်လုံဈေးနှင့် " ၆ " သမကြား ဗိုလ်အောင်ကျော် လမ်းမကြီးပေါ်တွင် စက်ဘီးစီးနင်းလာသော စုံတွဲတစ်တွဲထံက ဖုန်းတစ်လုံး၊ (၁၁)ရပ်ကွက် အနော်ရထာလမ်းမကြီးပေါ်တွင် လမ်းလျှောက်လာသော အမျိုးသမီးတစ်ဦးထံက ဖုန်းတစ်လုံး၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် (၁)ရပ်ကွက် ဆိပ်ကမ်းသာလမ်း ကြိုးတံတားအောက်တွင် လမ်းလျှောက်လာသော အမျိုးသားတစ်ဦးထံက ဖုန်းတစ်လုံး၊ အထက(၁) ကျောင်းရှေ့ တပင်ရွှေထီးလမ်းမပေါ်တွင် ဖုန်းပြောရင်း လမ်းလျှောက်လာသော အမျိုးသားတစ်ဦးထံက ဖုန်းတစ်လုံး၊ ရွှေလင်ဗန်းကျေးရွာ ရွှေလင်ဗန်းတံတားအဆင်းကျွန်စစ်သားလမ်းမပေါ်တွင် စက်ဘီးစီးနင်းလာသော စုံတွဲတစ်တွဲထံက ဖုန်းတစ်လုံး၊ (၅)ရပ်ကွက် ပီမိုးနင်းလမ်းမကြီးပေါ်တွင် လမ်းလျှောက်လာသော အမျိုးသားတစ်ဦးထံက ဖုန်းတစ်လုံးနှင့် (၆)ရပ်ကွက် ကျွန်စစ်သားလမ်းမပေါ်တွင် ဖုန်းပြောရင်း လမ်းလျှောက်လာသူ အမျိုးသားတစ်ဦးထံက ဖုန်းတစ်လုံးတို့ကို လုယူခဲ့ကြကြောင်း ထပ်မံစစ်ဆေးပေါ်ပေါက်သဖြင့် အမှုမှ ပူးပေါင်းပါဝင်သူ ကိုကိုအောင်(ခ)ဖြူဖွေး ကို ဖမ်းဆီးရမိရေး ဆောင်ရွက်ခဲ့ရာ မတ် ၇ ရက် ညနေ ၆ နာရီခန့်တွင် လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ် (၁၆)ရပ်ကွက် ချမ်းမြေ့သာစည်လမ်းရှိ ၎င်း၏နေအိမ်၌ ဖမ်းဆီးရမိခဲ့သည်။

စစ်ဆေး ပေါ်ပေါက်ချက်အရ လှိုင်သာယာ(အရှေ့ပိုင်း)မြို့မရဲစခန်းနှင့် လှိုင်သာယာ(အနောက်ပိုင်း) မြို့နယ် သောင်ကြီးနယ်မြေရဲစခန်းတို့တွင် အမှုမှသက်သေခံပစ္စည်းများကို ပြန်လည်သိမ်းဆည်းရရှိပြီးဖြစ်၍ ဖြစ်မှုကျူးလွန်သူ နေမျိုးထွန်းပါ သုံးဦးကို ဥပဒေနှင့်အညီ အမြန်တရားစွဲတင်ပို့နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ရဲပြန်ကြား**

# တရားမဝင်ကုန်စည်များ တားဆီးရေးဆောင်ရွက် တရားမဝင်ကန့်သတ်ကုန်စည် ကွမ်းစားအာမွှေးဘူးများဖမ်းမိ

**နေပြည်တော် မတ် ၁၁**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး မတ် ၁၀ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၅၂၂ စီး၊ သွင်းကုန် ၁၇၉၁ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် သွင်းကုန် ၂၇၄ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုများပြုလုပ်ဆောင်ရွက်လျက်ရှိရာ မတ် ၁၀ ရက်တွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုတစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄ သန်း တန်ဖိုးရှိ တရားမဝင်ကန့်သတ်ထားသော ကွမ်းစားအာမွှေး (1x12x20) 10 PKgs အား ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# မှုခင်းအသိပညာပေး ဟောပြော

**ကော့မှူး မတ် ၁၁**

ကော့မှူးမြို့နယ် ဝါးဘလောက်သောက်ရဲကင်းစခန်းမှူး ဒုရဲအုပ် အောင်စိုးသူသည် မတ်လပထမပတ်က ဝါးဘလောက်သောက်ကျေးရွာ အုပ်ချုပ်ရေးမှူးရုံး၌ ကျေးရွာရှိ ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများအား မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအန္တရာယ်များနှင့် ပတ်သက်၍ မှုခင်းအသိပညာပေး ဟောပြောခဲ့ကြောင်း သိရသည်။

**ရဲပြန်ကြား**



မြောက်ဥက္ကလာပမြို့နယ် (၁၂)ရပ်ကွက် ရတနာသိင်္ဂီဈေးရှေ့၌ မတ် ၉ ရက်က ရန်ကုန်တိုင်းဒေသကြီး မှုခင်းပညာပေးပြခန်းယာဉ်ဖြင့် ရပ်ကွက်နေပြည်သူများနှင့် ဈေးသူ ဈေးသားများအား မြောက်ဥက္ကလာပမြို့မရဲစခန်း ဒုစခန်းမှူးရဲအုပ် မျိုးဇော်ဝင်းက မှုခင်းဆိုင်ရာများ ရှင်းလင်းဟောပြောပြသစဉ်။ ၀၀၇

## မြန်မာ့ရုပ်မြင်သံကြား

၁၂-၃-၂၀၂၀ (ကြာသပတေးနေ့)

**နံနက်ပိုင်း**

- ၆:၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၀၀ - Breakfast News
- ၈:၃၅ - ပြည်သူ့အကျိုးပြု မှတ်တိုင်များ "မသန်စွမ်းသူများအားထားရာ သတင်းအချက်အလက် ဆက်သွယ်ရေး နည်းပညာသင်ကြားလေ့ကျင့်ရေးစင်တာမှာ"
- ၉:၂၅ - လုပစုံလင်အာဆီယံတစ်ခွင်
- ၁၂:၃၀ - နိုင်ငံခြားဇာတ်လမ်းတွဲ "နှလုံးသားခေါ်ဆောင်ရာ" (အပိုင်း- ၁၆)

**ညပိုင်း**

- ၁၆:၃၅ - Soccer View
- ၁၇:၀၅ - "မြစ်ဝကျွန်းပေါ်ဒေသက မြို့လေးတစ်မြို့" (မြောင်းမြ)
- ၁၇:၃၀ - လူမှုစီးပွားမြင်ကွင်းများ
- ၁၈:၂၀ - မျက်မှောက်ရေးရာ အဖြာဖြာ
- ၁၉:၂၀ - နိုင်ငံခြားဇာတ်လမ်းတွဲ
- ၂၀:၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၂၀:၃၅ - တက္ကသိုလ်ရာပြည့် ဂုဏ်ပြုအစီအစဉ်များ "ရန်ကုန်တက္ကသိုလ် ရင်ခွင်ရိပ်မှ အနုပညာရှင်များ" (တက္ကသိုလ်လှဲ့လှဲ့)
  - သမိုင်းကိုဖော်ပြသော ဝါကျများ "အဆိုတော် မောင်မောင်ကြီးနှင့် တွေ့ဆုံခြင်း"
  - ဟိုးတုန်းက.... ရေဒီယိုအသံလွှင့် ဇာတ်လမ်းများ "သတိနှင့်ယှဉ်၍" ဝေယံမင်း၊ ခိုင်သဇင်၊ နက်ရှိုင်းကို၊ မေဇင်ငြိမ်း ဒါရိုက်တာ-သီတာလင်း (Laurel Art Academy)

ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ

# အိုပွဲမင်္ဂလာဖိတ်ကြားလွှာ

လေးမြတ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။ "တိပိဋကဓရ ဆရာတော်၏ (၇၇)နှစ်ပြည့် အိုပွဲမင်္ဂလာအလှူ" ကို အောက်ပါအစီအစဉ်အတိုင်း ပြုလုပ်မည်ဖြစ်ပါသဖြင့် အတူတကွကုသိုလ်ယူရန် ကြွရောက်ပါမည့်အကြောင်း လေးမြတ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။

| | |
|---|---|
| နေ့ရက် | - ၁၃၈၁ခုနှစ်၊ တပေါင်းလပြည့်ကျော် (၆)၊ ၁၄-၃-၂၀၂၀ ရက် (စနေနေ့) |
| တရားဖြင့်ဧည့်ခံချိန် | - နံနက် ၉:၃၀နာရီ |
| ဘောဇဉ်ဖြင့်ဧည့်ခံချိန် | - နံနက် ၁၁နာရီ |
| နေရာ | - မဟာဝိသုဒ္ဓါရုံ(ပါဠိတက္ကသိုလ်)ရွှေကျောင်းတိုက်သစ်၊ နန္ဒဝန်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့ |

**ခင်မင်လေးစားစွာဖြင့်**
**ဝေယျာဝစ္စအဖွဲ့**

---

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံး၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၉-၂၀၂၀ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်အစိုးရ ရန်ပုံငွေဖြင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်းရှိမြို့နယ်၊ ကျေးရွာမီးလင်းရေးနှင့်ဓာတ်အားဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအတွက် ၂၅-၁၀-၂၀၁၉ရက်စွဲပါ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်းကြေညာစာအမှတ်-၁၉၈၉ဖြင့် တင်ဒါခေါ်ယူထားသော ကျပ်သန်း(၁၀၀)အထက် လုပ်ငန်းများမှ တင်ဒါအောင်မြင်ခြင်းမရှိသော လုပ်ငန်းများအတွက် ပစ္စည်းများဝယ်ယူခြင်းနှင့်လုပ်ငန်းများအား Turnkey (ပုတ်ပြတ်)စနစ်ဖြင့် တင်ဒါပြန်လည်ခေါ်ယူမည် ဖြစ်ပါသည်။

(က) အဆိုပါပစ္စည်းများနှင့်လုပ်ငန်းများအား မြန်မာကျပ်ငွေဖြင့်လုပ်ငန်းအပ်နှံဆောင်ရွက်လိုပါသည်။

| | |
|---|---|
| (ခ) တင်ဒါစတင်ရောင်းချ/တင်သွင်းမည့်ရက် | - ၁၁-၃-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့) |
| (ဂ) တင်ဒါပိတ်မည့်ရက်/အချိန် | - ၉-၄-၂၀၂၀ရက်(ကြာသပတေးနေ့) မွန်းတည့် ၁၂နာရီ |
| (ဃ) တင်ဒါလျှောက်လွှာ ဝယ်ယူရမည့်နေရာ | - ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံး၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့ |
| (င) အိတ်ဖွင့်တင်ဒါ တင်သွင်းရမည့်နေရာ | - ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံး(အစည်းအဝေးခန်းမ)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊လားရှိုးမြို့ |

၂။ သတ်မှတ်ချိန်ထက်ကျော်လွန်တင်သွင်းသည့် လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၃။ တင်ဒါတင်သွင်းသည့် ကုမ္ပဏီများသည် ကုမ္ပဏီအမှတ်တံဆိပ်နှင့် ကုမ္ပဏီမှ အထူးအာဏာလွှဲအပ်ထားသူ အနိမ့်ဆုံး Director အဆင့်ရှိသူပါရှိမှသာ တင်ဒါလျှောက်လွှာဝယ်ယူခွင့်ပြုမည်။

၄။ အသေးစိတ်သိရှိလိုပါက ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံး၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊လားရှိုးမြို့(ဖုန်း-၀၈၂-၃၁၁၇၇၄၆၈(လက်/ညွှန်-ဘဏ္ဍာ)၊ ဖုန်း-၀၉-၄၀၂၅၀၄၇၃၁၊ ၀၉-၄၅၃၉၁၄၅၈၅(အင်/ယာမှူး)၊ သို့ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**ရှမ်းပြည်နယ်အစိုးရအဖွဲ့**

---

## အသေးစားနှင့်အလတ်စားလုပ်ငန်းများဖွံ့ဖြိုးရေးဘဏ်၏ (၂၄)ကြိမ်မြောက်နှစ်ပတ်လည် အထွေထွေညီလာခံအစည်းအဝေး ကျင်းပမည့်နေရာ၊ နေ့ရက်၊ အချိန်တို့အား ပြန်လည်အသိပေးအကြောင်းကြားခြင်း

၁။ အသေးစားနှင့်အလတ်စားလုပ်ငန်းများဖွံ့ဖြိုးရေးဘဏ်၏ (၂၀၁၈-၂၀၁၉)ဘဏ္ဍာရေးနှစ်(၂၄)ကြိမ်မြောက်နှစ်ပတ်လည်အထွေထွေ ညီလာခံအစည်းအဝေးအားအောက်ဖော်ပြပါနေရာ၊ နေ့ရက်၊အချိန်တို့တွင် ကျင်းပသွားမည်ဖြစ်ပါသည်။

| | |
|---|---|
| ကျင်းပမည့်နေရာ | - SEDONA HOTEL (GRAND BALLROOM) အမှတ်(၁)၊ ကမ္ဘာအေးဘုရားလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့ |
| ကျင်းပမည့်နေ့ရက် | - ၁၄-၃-၂၀၂၀ရက်(စနေနေ့) |
| ကျင်းပမည့်အချိန် | - နံနက် ၉နာရီ |

၂။ အစုရှယ်ယာရှင်များ တက်ရောက်နိုင်ပါရန် ဖိတ်ကြားအပ်ပါသည်။ ဖိတ်စာသီးခြားပို့ပေးမည်မဟုတ်ပါကြောင်း အသိပေးအပ်ပါသည်။

၃။ ထပ်မံသိရှိလိုသည့်အချက်များရှိပါက ဦးဆောင်ညွှန်ကြားရေးမှူး ဖုန်း-၀၉-၄၂၁၆၃၃၅၂၀၊ ဒုတိယဦးဆောင်ညွှန်ကြားရေးမှူး ဖုန်း-၀၉-၉၇၇၁၈၀၈၀၀ သို့ဆက်သွယ်မေးမြန်း နိုင်ပါသည်။

**ဒါရိုက်တာအဖွဲ့အမိန့်အရ-**
**အမှုဆောင်အရာရှိချုပ်**

---

## တစ်ချက်တည်းကျင်းဝင် Hole in One Royal Myanmar Golf Club,NPT

၈-၃-၂၀၂၀ရက် Royal Myanmar Golf Club နေပြည်တော်တွင် ဦးအားတန်သည် ကစားဖော်များဖြစ်ကြသော ဦးကျော်ထွေး၊ ဦးကျော်အေး၊ ဦးဘရန်အောင်၊ ဦးအားပြုံး၊ ဦးစိုင်းနိုင်တို့နှင့်အတူ ဂေါက်သီးရိုက်ကစားစဉ် ကျင်းအမှတ်(၁၆)၌ ၁၆၄ ကိုက်အကွာမှ Titleist No.3 ဘောလုံးကို XXIO Iron No(7) ဂေါက်တုတ်ဖြင့် ရိုက်လိုက်ရာ တစ်ချက်တည်းကျင်းဝင်သွားပါသည်။

---

## ကန့်ကွက်နိုင်ပါကြောင်း

ဒက္ခိဏသီရိမြို့၊ ရွှေအင်ကြင်းရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၁/ရွှေအင်ကြင်းရပ်)၊ မြေကွက်အမှတ်(ဒ-၁၁၃)၊ မြေဧရိယာ ၀ဒသမ၀၈၂ဧကရှိ ဦးထူးထူး(ဘ)ဦးမောင်ကို အမည်ပေါက်ပါမစ်မြေကွက်အား ဒေါ်မြမြအေး(ဘ)ဦးကျော်သန်း ၉/လ၀န(နိုင်)၁၂၃၉၃၈မှမြေပေးမိန့်(ပါမစ်)မူရင်း၊မြေကွက်အရောင်းအ၀ယ်ကတိစာချုပ်မူရင်း၊ ရောင်းသူ/၀ယ်သူတရားရုံးကျမ်းကျိန်လွှာမူ ရင်း၊ ရပ်ကွက်ထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ၀ယ်ယူသူမှ ၀န်ခံကတိပြုချက်မူရင်းများတင်ပြ၍ မြေငှားစာချုပ် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့်ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

---

## ဖမ်းဆီးရမိသော ပုံစံ(၈)ဝင်သစ်မှ အပအခြားသစ်တောထွက်ပစ္စည်းများ ရောင်းချရန်လေလံကြော်ငြာ

၁။ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာန၊ မူဆယ်ခရိုင်၊ မူဆယ်မြို့နယ်အတွင်း ဖမ်းဆီးရမိသော အောက်ဖော်ပြပါ ပုံစံ(၈)ဝင်သစ်မှအပ အခြားသစ်တောထွက်ပစ္စည်းများအား မူဆယ်ခရိုင်၊ သစ်တောဦးစီးဌာန၊ မူဆယ်မြို့ (ချယ်ရီခန်းမ)၌ ၂၄-၃-၂၀၂၀ရက် နံနက် ၁၀ နာရီတွင် မျက်မြင်အခြေအနေအတိုင်း ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချသွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

| စဉ် | လေလံတင်ရောင်းချမည့်ပစ္စည်းအမျိုးအမည် | အရေအတွက် | တန် |
|---|---|---|---|
| (က) | ကျွန်းတံခါး/တံခါးရွက်/အဆံပါ | ၃၂ချပ် | ၁.၀၂၉၀ |
| (ခ) | ကျွန်းပွတ်လုံး | ၁၀၈လုံး/ချောင်း | ၁.၂၈၀၀ |
| (ဂ) | ကျွန်းပရိဘောဂ | ၃၄၃ချောင်း | ၀.၆၃၉၈ |
| (ဃ) | တမလန်းအချောထည်(ပါကေး/အကြမ်းတုံး/ပုံတုံး/ပုံချပ်) | ၇၈၃တုံး/ချောင်း/ချပ် | ၀.၆၄၁၂ |
| (င) | သစ်ယာ(မတပ်ဆင်ရသေးသည့် ကျီးခွေအပိုင်းအစ) | ၃၁ခု | ၀.၃၈၅၄ |
| (စ) | ပိတောက်(ပရိဘောဂ/ဂီတာအိုး) | ၂၁၉ချောင်း/ချပ် | ၁.၀၅၀၀ |
| | စုစုပေါင်း | ၁၅၁၆လုံး/တုံး/ချောင်း/ချပ်/ခု | ၄.၀၂၅၄ |

၂။ လေလံလျှောက်လွှာပုံစံနှင့်စည်းကမ်းချက်များကို သစ်တောဦးစီးဌာန၊ မူဆယ်ခရိုင်၊ လက်ထောက်ညွှန်ကြားရေးမှူးရုံးနှင့်မူဆယ်မြို့နယ်၊ ဦးစီးအရာရှိရုံးတို့တွင် ၁၇-၃-၂၀၂၀ရက်မှစ၍ ဝယ်ယူနိုင်ပြီး အသေးစိတ်သိရှိလိုပါက လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ သစ်တောဦးစီးဌာန၊ မူဆယ်မြို့၊ ဖုန်း-၀၈၂-၅၁၅၉၉သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**စန်းယု**
**လက်ထောက်ညွှန်ကြားရေးမှူး**
**သစ်တောဦးစီးဌာန**
**မူဆယ်ခရိုင်၊မူဆယ်မြို့**

---

## တစ်ဦးတည်းဖြစ်ပါကြောင်း

အင်းစိန်မြို့နယ်၊ တညင်းကုန်းအိမ်ရာနေ ဦးထွေး၏သမီး ဒေါ်ခင်အေး (ခ) ဒေါ်ခင်မာအေး ၁၂/အစန(နိုင်) ၂၂၀၀၃၈ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## အမည်မှန်

မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ်၊ ဇီးဖြူပင်ကျေးရွာအုပ်စု၊ ဇီးဖြူပင်ကျေးရွာနေ ဦးစောထိုက်၏သမီး မမြင့်မြင့်အေး ၈/စလန(နိုင်)၀၆၆၅၆၅ ၏ အမည်မှန်မှာ မမြင့်အေးဖြစ်ပါကြောင်း။

**မမြင့်အေး**

---

## ကန့်ကွက်နိုင်ပါကြောင်း

